မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (၈မွမ္ဘဒ – ၇၈)

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၄ ရက် ၂၀၂၀ ပြည့်နှစ်၊ သြဂုတ် ၇ ရက်၊ သောကြာနေ့ အတွဲ (၅၉)၊ အမှတ် (၃၀၉)

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၂၀ ပြည့်နှစ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး လှုပ်ရှားမှု မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ မဟော်ဂနီပင်စိုက်ပျိုးပေး

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် နေပြည်တော် – တပ်ကုန်း အမှတ် (၁) လမ်းဘေးရှိ ဖိုးဇောင်တောင်ကြိုးဝိုင်း အကွက်အမှတ် (၂၀) ၌ မဟော်ဂနီပင်ကို စိုက်ပျိုးပေးစဉ်။ သတင်းစဉ်

နေပြည်တော် သြဂုတ် ၆

၂၀၂၀ ပြည့်နှစ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် နေပြည်တော်–တပ်ကုန်း အမှတ် (၁) လမ်းဘေးရှိ ဖိုးဇောင်တောင်ကြိုးဝိုင်း အကွက်အမှတ် (၂၀) ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ❑

ကိုကိုးကျွန်းကဲ့သို့ နေရာမျိုးတွင် ပြောင်းလဲမှုသည် မှန်ကန်ရန်၊ ပြောင်းလဲမှုသည် ပြည်သူများအတွက် အကျိုးရှိရန် ကြိုးစားနိုင်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြား

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုကိုးကျွန်းမြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။ သတင်းစဉ်

ရန်ကုန် သြဂုတ် ၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပြီး အခြေခံပညာအထက်တန်းကျောင်းနှင့် ပြည်သူ့ဆေးရုံတို့အား ကြည့်ရှုသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❊

KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

ဓာတုပစ္စည်းပေါက်ကွဲမှုအန္တရာယ် မဖြစ်မီက ကြိုတင်ကာကွယ်

လက်ဘန္တန်နိုင်ငံ၏ မြို့တော် ဘေရွတ်ဆိပ်ကမ်းရှိ ကုန်လှောင်ရုံ ပေါက်ကွဲမှုကြီး ဖြစ်ပွားမှုကြောင့် လူ ၁၀၀ ကျော် သေဆုံးပြီး လူပေါင်း ၄၀၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ သြဂုတ်လ ၄ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အဆိုပါ ပေါက်ကွဲမှုကြီးကို နိုင်ငံတကာသတင်းများနှင့် လူမှုကွန်ရက်များ၌ မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရာ လွန်စွာပြင်းထန်ပြီး လွန်စွာကြောက်မက်ဖွယ် ကောင်းလှသည်ကို တွေ့ရသည်။

လူသေဆုံးမှု များပြားသလို အပျက်အစီး ကြီးမားလှသည့် ၎င်းပေါက်ကွဲမှုကြီးက ကုန်လှောင်ရုံထဲတွင် အမိုနီယမ်နိုက်ထရိတ် ဓာတုပစ္စည်းများကို နှစ်ရှည်လများ သိုလှောင်သိမ်းဆည်းထားရာမှ ပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ခြင်း ဖြစ်နိုင်ကြောင်း သုံးသပ်ခဲ့ကြပြီး ယင်းပေါက်ကွဲမှုအတွက် မည်သူ့တွင် တာဝန်ရှိသနည်းဆိုသည့် မေးခွန်းနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုတို့နှင့် စပ်လျဉ်းသည့်အပေါ် ရေရာသည့်အဖြေ ပေါ်ထွက်မလာသေး။

အမိုနီယမ်နိုက်ထရိတ်သည် စိုက်ပျိုးရေးတွင် အရေးပါသည့် ဓာတ်မြေသြဇာဖြစ်သကဲ့သို့ ပြင်းထန်စွာ ပေါက်ကွဲတတ်သည့် ဓာတုပစ္စည်းလည်းဖြစ်သည်။ မိမိတို့နိုင်ငံတွင် ကျောက်ခွဲလုပ်ငန်းလုပ်ကိုင်သူများက ကျောက်တောင်များကို ဖြိုရာတွင် အမိုနီယမ်နိုက်ထရိတ် ဓာတ်မြေသြဇာများကို သုံးစွဲကြသည်။ ၂၀၁၅ ခုနှစ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ တီယန်ကျင်းဆိပ်ကမ်းမြို့တွင် ဇရာမ ပေါက်ကွဲမှုကြီးဖြစ်ပွားခဲ့ရာ လူ ၁၀၀ ကျော် သေဆုံးခဲ့ရပြီး မီးကိုလည်း နှစ်ရက်ခန့်ကြာအောင် ငြိမ်းသတ်ခဲ့ရသည်။ ဆိုဒီယမ်ဆိုင်ရာနိုက်ဓာတုပစ္စည်းများ သိုလှောင်ရုံမှ ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ လွန်ခဲ့သည့် ကိုးနှစ်ကာလ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက် နံနက် ၂နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွှန့်မြို့နယ် စက်ဆန်းကူးတို့ဆိပ်ရပ်ကွက် ကုန်လှောင်ရုံများ မီးလောင်ပေါက်ကွဲမှုတွင်လည်း မီးသတ်တပ်ဖွဲ့ဝင် ငါးဦးနှင့် အရပ်သား ၁၂ ဦး သေဆုံးခဲ့ကာ ၉၀ ကျော် ဒဏ်ရာရခဲ့ကြသည်။ ကုန်လှောင်ရုံဝင်းအတွင်း ကုန်လှောင်ရုံ ၄၀ ကျော်ရှိသည့်အနက် ၁၆ လုံး မီးလောင်ပျက်စီး၍ ကျန်ကုန်လှောင်ရုံများမှာ ပေါက်ကွဲမှုကြောင့် ပျက်စီးခဲ့သည့်အပြင် ဆိပ်ကမ်း၌ ကပ်ထားသည့် သင်္ဘောနှစ်စင်းပါ ပျက်စီးခဲ့သည်။ ပေါက်ကွဲမှုဖြစ်ခဲ့သည့်အသံကို မိုင် ၅၀ ပတ်လည်မှ ကြားခဲ့ကြရသည်။

အထက်ဖော်ပြပါ မီးလောင်ပေါက်ကွဲမှုများအားလုံးမှာ ဓာတုပစ္စည်းများ သိုလှောင်ထားရာမှ အပြင်းအထန် ပေါက်ကွဲမှုဖြစ်ပွားရခြင်းဖြစ်သည်။ စက်ဆန်းကူးတို့ဆိပ်ရပ်ကွက် မီးလောင်ပေါက်ကွဲမှုတွင် ဆေးဝါးဖော်စပ်ရန် သိုလှောင်ထားသည့် ကန့်(ဆာလ်ဖာ)၊ ဇဝက်သာ(အမိုးနီယမ်းကလိုရိုက်ဒ်)၊ ယမ်းစိမ်း(ဆိုဒီယမ်နိုက်ထရိတ်)များ ထားရှိရာ သိုလှောင်ရုံကို မီးကူးစက်သည့်အတွက် ရေပက်ဖျန်းငြိမ်းသတ်စဉ် ဓာတ်ပြုမှုများဖြစ်ပေါ်ပြီး ပြင်းထန်သည့် ပေါက်ကွဲမှုကြီး ဖြစ်ပေါ်ခဲ့ရကြောင်း ထိုစဉ်က သတင်းများ၊ ဆောင်းပါးများတွင် သုံးသပ်ဖော်ပြခဲ့ကြသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံ ဖြစ်သည့်အလျောက် ပြည်ပမှ ဆိုဒီယမ်နိုက်ထရိတ်အပါအဝင် ဓာတ်မြေသြဇာများ တင်သွင်းခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းများရှိသည်။ ဓာတုပစ္စည်းအမြောက်အမြားကို သိုလှောင်ခြင်း၊ အစုလိုက်အပြုံလိုက် သယ်ယူခြင်းတို့တွင် သာမန်နည်းလမ်းဖြင့်မရဘဲ ဓာတုပစ္စည်း၏ ဂုဏ်သတ္တိများနှင့် ကိုက်ညီအောင် သိုလှောင်သယ်ယူမှုကို အထူးတလည် ပြုလုပ်ကြရမည်ဖြစ်သည်။ အချို့ဓာတုပစ္စည်းသည် လေနှင့်ထိ၍မရ၊ အချို့ဓာတုပစ္စည်းသည် ရေနှင့် ထိ၍မရ၊ အချို့ဓာတုပစ္စည်းများ အပူရှိန်မြင့်၍မရ၊ အချို့ဓာတုပစ္စည်းများ ဖိအားအောက်တွင် ထား၍မရ။

ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို သယ်ယူပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ခြင်း၊ သုံးစွဲခြင်း၊ စွန့်ပစ်ခြင်းတို့ ပြုလုပ်ရာတွင် အန္တရာယ်ကျရောက်မှုမှ ကာကွယ်ရန်၊ လျော့ပါးသက်သာစေရန်အတွက် ဥပဒေတည်ရှိပြီးဖြစ်ရာ ဥပဒေနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဓာတုပစ္စည်းများ မီးလောင်ပေါက်ကွဲမှုအန္တရာယ်မှာ ကြီးမားပြင်းထန်လှပြီး ထိတ်လန့်ကြောက်မက်ဖွယ်ရာ အနိဋ္ဌာရုံအဖြစ်ဆိုး ပေါ်ပေါက်မလာရန်မှာ မဖြစ်မီက ကြိုတင်ကာကွယ်ကြရန်သာ ဖြစ်ပါကြောင်း။ ။

အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီနှင့် မေးခွန်းရှင်ကိုယ်စားလှယ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် သြဂုတ် ၆

အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် မေးခွန်းရှင်ကိုယ်စားလှယ်များနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြား၍ ကျင်းပပြုလုပ်သော လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်၊ ကော်မတီရေးရာဆောင် အမှတ်(I-20) အပေါ်ထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)

အစည်းအဝေးတွင် ကော်မတီ ဥက္ကဋ္ဌ ဦးသိမ်းဆွေက အဖွင့်အမှာ စကားပြောကြားပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေးမှ (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ ကတိဖြစ်ပေါ်ခဲ့သည့် မေးခွန်းများနှင့်စပ်လျဉ်း၍ ကတိကဝတ်စာရင်းမှ ပယ်ဖျက်နိုင်ရေးအတွက် မေးခွန်းရှင် ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများအား ကော်မတီ အဖွဲ့ဝင်များက မေးမြန်းဆွေးနွေး၍ ပေါင်းစပ်အတည်ပြုခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးသို့ ကော်မတီ အဖွဲ့ဝင်များ၊ မေးခွန်းရှင် ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော ၂၀၂၀ပြည့်နှစ် ဇူလိုင်လ ၂၈ ရက်မှ သြဂုတ်လ ၄ ရက်နေ့အထိ ထွက်ရှိသော စာအုပ်စာရင်း

စဉ်	စာအုပ်အမည်	စာရေးသူ	ထုတ်ဝေသူ	ဈေးနှုန်း
၁	တဂိုး၏စာ	မောင်ဖြူး	စာပေလောက	၄၀၀၀
၂	တစ်ရေးနိုးအိပ်မက်	ဇင်သန့်	ဘဝတက္ကသိုလ်	၄၀၀၀
၃	ဆွေဦးမှတ်တမ်း ၂၀၂၀	နှင်းမာယာ	ရသယဉ်စွန်းတန်း	၃၀၀၀
၄	ဂျင်းထည့်တိုင်း ခံနေရတော့မှာလား (သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆောင်းပါးများ)	မင်းချစ်နိုင်	စံပယ်စာပေ	၂၅၀၀
၅	ထောဂေါစခန်းသိမ်းစစ်ဆင်ရေး-၁၉၇၈	ယုံလေး	စိတ်ကူးသစ်	၂၅၀၀
၆	တတ်သိလိမ္မာ ရင်သွေးရတနာ ကလေးဝတ္ထုတိုများ	ညွှန့်ဝင်း(နတ်တလင်း)	ပဋ္ဌံ	၂၀၀၀
၇	သိုးမည်းများနှင့်ရင်ဆိုင်ခြင်း	ဌေးဝင်း	ခဝါလှေမွန်	၃၀၀၀
၈	အတွေးအမြင်အမှတ်(၃၃၄)	ကလောင်စုံ	ဒေါင်းစာပေ	၃၀၀၀
၉	စိတ်၏ဖြစ်တည်မှု	မိုင်မိုး(မြန်မာပြန်သည်)	သားငယ်စာပေ	၂၀၀၀
၁၀	အမာ	မွန်ဟော်စီ	ပန်းဆက်လမ်း	၆၀၀၀

(ဆက်လက်ဖော်ပြပါမည်)

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် သြဂုတ် ၆

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တို့တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

မိုး/ဇလ

ပြည်သူ့သာလျှင် အဓိက

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဖိုးဇောင်တောင် ကြိုးဝိုင်း အကွက်အမှတ် (၂၀)၌ သစ်ပင်ပျိုးပင်များ စိုက်ပျိုးထားမှုအခြေအနေကို ကြည့်ရှုစဉ်။ သတင်းစဉ်

❑ *ရှေ့ဖုံးမှ*

အခမ်းအနားသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီးများ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က မဟော်ဂနီပင်ကို သတ်မှတ်နေရာ၌ စိုက်ပျိုးပေးသည်။

သတ်မှတ်နေရာများ၌ စိုက်ပျိုး

အလားတူ ဒုတိယသမ္မတ ဦးမြင့်ဆွေက ကျွန်းပင်ကို လည်းကောင်း၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက သပြေပင်ကို လည်းကောင်း သတ်မှတ်နေရာများ၌ စိုက်ပျိုးပေးကြသည်။

သစ်ပင်ပျိုးပင်များစိုက်ပျိုး

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ သစ်ပင်ပျိုးပင်များကို စိုက်ပျိုးပေးကြသည်။

လိုက်လံကြည့်ရှု

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဖိုးဇောင်တောင် ကြိုးဝိုင်း အကွက်အမှတ် (၂၀)၌ သစ်ပင်ပျိုးပင်များ စိုက်ပျိုးထားမှုအခြေအနေကို လိုက်လံကြည့်ရှုသည်။

စုစုပေါင်း ၇၀၀ စိုက်ပျိုး

ယင်းအခမ်းအနားတွင် မဟော်ဂနီ၊ ကျွန်း၊ သပြေ၊ ပျဉ်းကတိုး၊ မြန်မာပိတောက်၊ တမလန်း၊ အင်ကြင်း၊ ဖျောက်ဆိပ်၊ ရုံး၊ ကံ့ကော်၊ ယင်းမာ၊ ရေသဖန်း၊ ပန်းမယ်ဇလီ၊ ထောက်ကြံ့၊ မဏိသြဃ၊ စစ်၊ သင်းဝင်း၊ လယ်စ၊ မအူလက်တံတို၊ ယမနေ၊ ပျဉ်းမ၊ ပင်လယ်ကဗျီး၊ တင်းဝါး၊ ဝါးဘိုး မျက်ဆံကျယ်၊ ကြသောင်း၊ ဝါးမင်း၊ ဝါးဘိုး စသည့်ပျိုးပင် စုစုပေါင်း ၇၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ဖိုးဇောင်တောင်ကြိုးဝိုင်းသည် ဇရိယာ ၈၅၁၇ ဒသမ ၀၉ ဧက အကျယ်အဝန်းရှိပြီး အကွက်ပေါင်း ၅၁ ကွက် ရှိကာ အပင်မျိုးပေါင်း ၂၀ ကျော် ပေါက်ရောက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

ဒုတိယသမ္မတ ဦးမြင့်ဆွေ ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။ သတင်းစဉ်

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သပြေပင်ကို စိုက်ပျိုးပေးစဉ်။ သတင်းစဉ်

ဖိုးဇောင်တောင် ကြိုးဝိုင်းသည် ဇရိယာ ၈၅၁၇ ဒသမ ၀၉ ဧက အကျယ် အဝန်းရှိပြီး အကွက်ပေါင်း ၅၁ ကွက် ရှိကာ အပင် မျိုးပေါင်း ၂၀ ကျော် ပေါက်ရောက် လျက်ရှိ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုကိုးကျွန်း မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။ သတင်းစဉ်

ရှေ့ဖုံးမှ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဦးသန့်စင်မောင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ ကိုကိုးကျွန်းမြို့နယ်သို့ ရောက်ရှိကြသည်။

ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကိုကိုးကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကိုကိုးကျွန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဒေါ်မိုးမိုးအေးက မြို့နယ်တည်နေရာနှင့် အကျယ်အဝန်း၊ လူဦးရေ၊ မိုးရွာသွန်းမှုအခြေအနေ၊ အခြေခံပညာ အထက်တန်းကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့မှုနှင့် ကျောင်းဆောင်များ ပြုပြင်ဆောင်ရွက်ခဲ့မှု၊ ဝမ်းစာမပြတ်စေရေးအတွက် လစဉ်ဆန်ထောက်ပံ့ပေးနေမှု၊ လျှပ်စစ်မီးရရှိမှုအခြေအနေ၊ မြို့နယ်၏ အဓိကစီးပွားရေးလုပ်ငန်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုနှင့် မြို့နယ်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကြည်တင် က ကိုကိုးကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့မှု၊ ဝန်ထမ်းအင်အား၊ မြို့နယ်အတွင်းလမ်း ၁၉ လမ်းအား ကွန်ကရစ်လမ်းနှင့် ကတ္တရာလမ်းဆောင်ရွက်ပြီးစီးမှု၊ မြို့ပေါ်ရပ်ကွက် (၂)ရပ်ကွက်အတွက် သောက်သုံးရေ အခမဲ့ဖြန့်ဝေပေးနေမှု၊ လက်ရှိအစိုးရ လက်ထက်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်နေသည့် တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်လတ် က ကိုကိုးကျွန်းမြို့နယ်အတွက် ဒီဇယ်ဓာတ်အားပေးမီးစက်ဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဝေပေးနေမှု၊ အိမ်သုံးမီတာ၊ အသေးစားစက်မှုလုပ်ငန်းသုံးနှင့် ပါဝါမီတာတပ်ဆင်ပေးထားမှု၊ ဒီဇယ်ဓာတ်အားပေးစက်အတွက် ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်၌ စက်သုံးဆီရရှိမှုနှင့် နေ့စဉ်ဆီသုံးစွဲနေမှု၊ မြို့နယ်အတွင်း စိုက်ထူထားရှိသည့် မီးတိုင်အမျိုးအစားနှင့်အရေအတွက်၊ လက်ရှိ စိုက်ထူထားရှိသည့် ဒေသလုပ်ကျောက်တိုင်များနှင့် သံတိုင်များအား ကွန်ကရစ်ကျောက်တိုင်ဖြင့် အစားထိုးလဲလှယ်ဆောင်ရွက်သွားမည့် အစီအစဉ်၊ ဓာတ်အားပေးစက်များ ကြံ့ခိုင်မှုကောင်းမွန်အောင် စစ်ဆေးဆောင်ရွက်ထားရှိမှု၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် လျှပ်စစ်အန္တရာယ်အကာအကွယ်ပါရှိသည့် လိုင်းကြိုးများ လဲလှယ်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ကိုကိုးကျွန်းမြို့နယ်အတွက် Solar Hybrid System ဖြင့် ဓာတ်အားမဂ္ဂါဝပ် ဒသမ ၅ ထွက်ရှိမည့် ဓာတ်အားရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုလုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကိုကိုးကျွန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးက ကျောင်းဆောင်လိုအပ်ချက်နှင့် ရာသီဥတုကြောင့် ကျောင်းစောင့် နေအိမ် ပျက်စီးသွားသည့်အတွက် ပြန်လည်ဆောင်ရွက်ပေးနိုင်ရေးတို့ကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

နိုင်ငံ၏ လုံခြုံရေးကို စောင့်ရှောက်ပေးနေ

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတစ်နိုင်ငံ၏ အဓိကအင်အားကို ကြည့်ပါက အကြီးဆုံးနေရာများကို ကြည့်ပြီး အင်အားကြီးသည်ဟု သတ်မှတ်၍မရပါကြောင်း၊ အသေးဆုံးနေရာများ တောင့်တင်းမှသာ နိုင်ငံသည် အင်အားခိုင်မာသည်ဟု ပြောရမည်ဖြစ်ပါကြောင်း၊ ကိုကိုးကျွန်းကဲ့သို့ အသေးဆုံးနေရာကိုလာပြီး အခြေအနေလေ့လာနိုင်သည့်အတွက် ဝမ်းသာမိပါကြောင်း၊ ကိုကိုးကျွန်းသည် နိုင်ငံ၏ နယ်စွန်နယ်ဖျား ပြင်ပစည်းကနေပြီး နိုင်ငံ၏ လုံခြုံရေးကို စောင့်ရှောက်ပေးနေသည်ဟု ပြောပါကလည်း မမှားပါကြောင်း။

ထို့ကြောင့် ကိုကိုးကျွန်းရှိ ပြည်သူများအနေဖြင့် မိမိကိုယ်ကိုယ်ဂုဏ်ယူစေလိုပါကြောင်း၊ တစ်ချိန်တစ်ခါက ကိုကိုးကျွန်းသည် အကျဉ်းသားများနေရသည့် ကျွန်းဆိုပြီး အမည်ရှိပါကြောင်း၊ ထို့ပြင် ခံယူချက်အရ ကိုကိုးကျွန်းတွင် လာ၍ အကျဉ်းကျခံနေရသည့် ပုဂ္ဂိုလ်များ များစွာရှိပါကြောင်း၊ ထိုသို့ခံယူချက်နှင့် ယုံကြည်ချက်ကို အဓိကထားပြီး ရုန်းကန်လှုပ်ရှားရဲသည့် ပြည်သူများရှိ၍သာ မိမိတို့နိုင်ငံသည် တိုးတက်ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ကိုကိုးကျွန်းသည် မိမိတို့၏သမိုင်းအတွက် ဂုဏ်ယူနိုင်ပါကြောင်း။

နိုင်ငံအတွက် အင်မတန်ကောင်း

ဒေသခံများအနေဖြင့် ကျွန်းပြင်ပဘက်ကို ထွက်သွားသူ အင်မတန်နည်းသည်ဟု သိရသည့်အတွက် စိတ်ချမ်းသာပါကြောင်း၊ ယင်းမှာ မိမိဒေသအား ချစ်ခင်မှုကိုပြပါကြောင်း၊ မိမိဒေသ၏ အခြေအနေသည် ခက်ခဲကြမ်းတမ်းသည်ဆိုပြီး ထွက်သွားရန် မစဉ်းစားဘဲ ဆက်လက်နေထိုင်လိုသည့် စိတ်ဓာတ်က နိုင်ငံအတွက် အင်မတန်ကောင်းသည့် လက္ခဏာ ဖြစ်ပါကြောင်း။

ဆိုလာမီးရမည်

နောက်တစ်ခုမှာ သေးငယ်သည့် နေရာဖြစ်သည့်အတွက် စံပြနေရာဖြစ်အောင် လုပ်ရလွယ်သည်ဟု မြင်ပါကြောင်း၊ တချို့ကသေးငယ်၍အားငယ်သည်၊ မျက်နှာငယ်သည်၊ မည်သည့်အရာမျှ လုပ်ပေးစရာမရှိဟု ထင်ကြသူများလည်း ရှိလိမ့်မည်ဖြစ်ပါကြောင်း၊ သို့သော် ယင်းကဲ့သို့ သေးငယ်သည့်နေရာကို စံပြနေရာဖြစ်အောင် လုပ်ပေးရပါကြောင်း၊ လက်တွေ့ကျကျ ပြောရမည်ဆိုပါက မိမိတို့နိုင်ငံကဲ့သို့ ဖွံ့ဖြိုးစနိုင်ငံဆိုသည်မှာ ကုန်ကျစရိတ်များကို မစဉ်းစား၍ မဖြစ်ပါကြောင်း၊ လက်တွေ့ကျကျ စဉ်းစားရပါကြောင်း၊ သို့သော် ကိုကိုးကျွန်းကဲ့သို့နေရာမျိုးသည် မလုပ်ပေးနိုင်စရာအကြောင်း မရှိပါကြောင်း၊ ကိုကိုးကျွန်းအနေဖြင့် ဆိုလာမီး ရမည်ဆိုသည်မှာ အင်မတန်ကောင်းပါကြောင်း။

တာဝန် ထမ်းဆောင်စေလို

ကျောင်းအတွက် နောက်ထပ် အခန်းလေးခန်းတောင်းဆိုသည်မှာ ပြဿနာမဟုတ်ပါကြောင်း၊ ချက်ချင်းလုပ်ပေး၍ ရပြီး လုပ်လည်းလုပ်ပေးမည်ဖြစ်ပါကြောင်း၊ ပညာရေး အဆင့်မြှင့်ရန်ဆိုသည်မှာ အရေးအကြီးဆုံးဖြစ်သည့်အတွက် အရည်အချင်းမြင့်သော ဆရာ ဆရာမများကို ကိုကိုးကျွန်းကဲ့သို့ နေရာမျိုးသို့လာ၍ တာဝန်ထမ်းဆောင်စေလိုပါကြောင်း၊ မိမိတို့နိုင်ငံအတွက် တစ်ဖက်တစ်လမ်းမှနေ၍ တိုးတက်အောင် လုပ်ပေးနိုင်သည်ဆိုသည့် စိတ်ဖြင့် ယခုကဲ့သို့ နေရာမျိုးသို့လာ၍ တာဝန်ထမ်းဆောင်ရသည်ကို ဂုဏ်ယူစေလိုပါကြောင်း၊ ယခုကဲ့သို့နေရာမျိုးတွင် တာဝန်ထမ်းဆောင်ရသည်မှာ စိန်ခေါ်မှုတစ်ခုကို ရင်ဆိုင်မည်၊ ကျော်လွှားမည်ဆိုသည့် စိတ်ဓာတ်များကို အထူးသဖြင့် လူငယ်လူလတ်ပိုင်းများတွင် ရှိစေလိုပါကြောင်း။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုကိုးကျွန်းမြို့နယ် ပြည်သူ့ဆေးရုံ၌ တာဝန်ရှိသူများထံ ထောက်ပံ့ငွေပေးအပ်စဉ်။ သတင်းစဉ်

ကိုကိုးကျွန်း၏ တက္ကသိုလ်ဝင်တန်း အောင်မြင်မှုရာခိုင်နှုန်းကို အားမရပါကြောင်း၊ ကိုကိုးကျွန်းကဲ့သို့ နေရာမျိုးတွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်နှုန်းကို ၁၀၀ ရာခိုင်နှုန်းဖြစ်စေလိုပါကြောင်း၊ ထူးထူးချွန်ချွန်ဖြစ်စေလိုပါကြောင်း၊ ကိုကိုးကျွန်းကို ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတွင် စံပြမြို့နယ်ဖြစ်အောင် အဓိကထားပြီး ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကိုကိုးကျွန်းက ဒေသခံများသာမက တစ်နိုင်ငံလုံးက ဆရာဆရာမများကို ယခုနေရာတွင် လာရောက်၍ တာဝန်ထမ်းဆောင်လိုသည့် စိတ်ဓာတ်ကို လူငယ်ပိုင်း၊ လူလတ်ပိုင်းများကို ပြုစုပျိုးထောင်ပေးလိုပါကြောင်း။

ကိုကိုးကျွန်းကို ရောက်ရောက်ချင်းတွေ့ရသည့် အကြီးမားဆုံး အခက်အခဲတစ်ခုသည် ပြည်မနှင့် ဆက်သွယ်မှုအခက်အခဲဖြစ်ပါကြောင်း၊ သင်္ဘောခရီးခရီး မလာနိုင်သည့် ကိစ္စဖြစ်ပါကြောင်း၊ ထို့ကြောင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်အနေဖြင့် ကိုကိုးကျွန်းကို သင်္ဘောများ ယခုထက် ခပ်စိပ်စိပ်လာနိုင်ရန်အတွက် မည်ကဲ့သို့ လိုအပ်ချက်များရှိသည်၊ မည်သို့လုပ်ပေးနိုင်မည်၊ မည်သို့လုပ်ပေးရမည်ဆိုသည်ကို လေ့လာပြီး အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ပေးစေလိုပါကြောင်း။

စာမျက်နှာ ၅ သို့

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုကိုးကျွန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံစဉ်။ သတင်းစဉ်

စာမျက်နှာ ၄ မှ

ကိုဗစ်-၁၉ နှင့်ပတ်သက်၍ ကိုကိုးကျွန်းကဲ့သို့နေရာမျိုးတွင် များစွာစိတ်ချရသည်ကို သတိပြုမိပါကြောင်း၊ ကျွန်းကလည်း ကျွန်းငယ်လေးဖြစ်ပြီး လူဦးရေကလည်း နည်းသည့်အတွက် စည်းကမ်းထိန်းသိမ်းရသည်မှာပိုမို လွယ်ကူပါကြောင်း၊ သို့သော် မပေါ့ဆရန် သတိပေးလိုကြောင်း၊ ထိုကဲ့သို့နေရာတွင် လုံခြုံအောင်ကာကွယ်ရသည်မှာ လွယ်ကူသကဲ့သို့ လုံခြုံမှု ပေါက်သွားပြီဆိုပါက ပြန်၍ ထိန်းချုပ်ရသည်မှာ အင်မတန်မှ ခက်ခဲပါကြောင်း၊ ကိုကိုးကျွန်းကဲ့သို့ နေရာတွင် ရောဂါတစ်ခုဖြစ်သည်ဆိုလျှင် ပြန့်ပွားမှုနှုန်းက လူဦးရေ ရာခိုင်နှုန်းများစွာဖြစ်သွားနိုင်ပါကြောင်း၊ ကြိုတင်ပြီး ကာကွယ်ထားနိုင်မည်ဆိုလျှင် လုံးဝ လုံခြုံပါကြောင်း၊ ထို့ကြောင့် ကြိုတင်ကာကွယ်ရေးကို အဓိက ထားစေလိုပါကြောင်း၊ ကိစ္စရပ်တစ်ခုကို ကြည့်လိုက်သည်ဆိုလျှင် အကောင်းဘက်၊ အဆိုးဘက် နှစ်ဖက်စလုံးကို ချင့်ချိန်ပြီး ကြည့်ရပါကြောင်း၊ ကိုကိုးကျွန်းကဲ့သို့ နေရာတွင် အားသာချက်များ များစွာရှိသကဲ့သို့ အားနည်းချက်များလည်း ရှိပါကြောင်း၊ ယင်းအားနည်းချက်များသည် မကိုင်တွယ်နိုင်သည့် အားနည်းချက်များမဟုတ်ပါကြောင်း၊ ယင်းကိစ္စများကို ပျောက်ကွယ်သွားအောင် မလုပ်ပေးနိုင်သည့် အခြေအနေလည်း မရှိပါကြောင်း။

ကြည့်ပြီး ဆုံးဖြတ်နိုင်ရန်ဖြစ်

ကိုကိုးကျွန်းကို ဖိဖိစီးစီးဖြင့် စံပြမြို့လေး တစ်ခုဖြစ်အောင် နိုင်ငံ၏လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ပေးသည့် အဝေးရောက်နေသော ကင်းတစ်ခု၊ တစ်နည်းအားဖြင့် မရှိမဖြစ်နေရာတစ်ခုဟု သတ်မှတ်၍ ကိုကိုးကျွန်း၏ တိုးတက်ရေးကို အဓိကထားပြီး လုပ်ပေးလိုပါကြောင်း၊ တစ်နည်းအားဖြင့် နိုင်ငံ၏တိုးတက်ရေးကို လေ့လာသည့် အခါတွင် ကိုကိုးကျွန်း၏ ပုံရိပ်ကိုကြည့်ပြီး နိုင်ငံမည်မျှ တိုးတက်နေသလဲဆိုသည်ကို ကြည့်ပြီး ဆုံးဖြတ်နိုင်ရန် ဖြစ်ပါကြောင်း။

ကိုကိုးကျွန်း၏ လူဦးရေ ၁၃၆၀ ကျော်သော ပြည်သူများကို လုံလုံခြုံခြုံနှင့် စိတ်ချမ်းချမ်းသာသာဖြင့် နေထိုင်စေလိုပါကြောင်း၊ ယခုအချိန်တွင် အရေးကြီးသည်မှာ ကျန်းမာရေးနှင့် ပညာရေးဖြစ်ပါကြောင်း၊ ကျန်းမာရေးကို ယခုထိကောင်းကောင်းမွန်မွန် ထိန်းထားနိုင်ပါကြောင်း၊ ဆက်လက်၍လည်း ထိန်းသိမ်းထားစေလိုပါကြောင်း၊ ပညာရေးအနေဖြင့် မကြာမီတစ်နိုင်ငံလုံးရှိ အခြေခံပညာအထက်တန်းကျောင်းများကို ပြန်လည်ဖွင့်လှစ်ရန် စဉ်းစားဆောင်ရွက်နေပါကြောင်း၊ ကိုကိုးကျွန်းကဲ့သို့ နေရာမျိုးသည် ပြန်လည်ဖွင့်လှစ်၍ရသည့် နေရာဟု ထင်ပါကြောင်း။

အထူးအလေးပေးပြီး လုပ်ဆောင်

နိုင်ငံ၏အနာဂတ်သည် ကလေးများဖြစ်ပါကြောင်း၊ နိုင်ငံ၏ အနာဂတ် ခိုင်မာရန်၊ ပညာရေးခိုင်မာရန်လိုအပ်ပါကြောင်း၊ ပညာရေးခိုင်မာရန်ဆိုသည်မှာ ငယ်ငယ်ကတည်းက ပညာလိုချင်သည့်စိတ်၊ ပညာရယူချင်သည့်စိတ်ဖြင့် ပညာယူတတ်သည့်နည်းများကို ကလေးများအား သင်ပေးရမည်ဖြစ်ပါကြောင်း၊ ကိုကိုးကျွန်း၏ ပညာရေးကိုလည်း အထူးအလေးပေးပြီး လုပ်ဆောင်သွားမည် ဖြစ်ပါကြောင်း။

နိုင်ငံတစ်နိုင်ငံလုံးအတွက် အရေးပါသည့်ကိစ္စသည်

"နိုင်ငံ၏အနာဂတ်သည် ကလေးများဖြစ်ပါကြောင်း၊ နိုင်ငံ၏ အနာဂတ် ခိုင်မာရန်၊ ပညာရေးခိုင်မာရန်လိုအပ်၊ ပညာရေးခိုင်မာရန် ဆိုသည်မှာ ငယ်ငယ်ကတည်းက ပညာလိုချင်သည့်စိတ်၊ ပညာရယူချင်သည့်စိတ်ဖြင့် ပညာယူတတ်သည့် နည်းများကို ကလေးများအား သင်ပေးရမည်ဖြစ်၊ ကိုကိုးကျွန်း၏ ပညာရေးကိုလည်း အထူးအလေးပေးပြီး လုပ်ဆောင်သွားမည်"

ရွေးကောက်ပွဲဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲသည် နိုင်ငံရေးအရလည်း အရေးကြီးပါကြောင်း၊ နိုင်ငံရေးအရ အရေးကြီးသည် ဆိုသည်မှာ ပြည်တွင်းရေးတွင်သာ မဟုတ်ပါကြောင်း၊ နိုင်ငံတကာ အရေးအတွက်ပါ အရေးကြီးပါကြောင်း၊ ရွေးကောက်ပွဲကို ကျန်းမာရေး စိန်ခေါ်မှုကြားထဲမှ အောင်အောင်မြင်မြင်ဖြင့် ကျန်းမာရေးမထိခိုက်ဘဲ ကျင်းပနိုင်သည်ဆိုလျှင် နိုင်ငံအတွက် နိုင်ငံရေးအရ နိုင်ငံတကာတွင် အောင်မြင်မှုကြီးတစ်ခုဖြစ်ပါကြောင်း၊ ကိုကိုးကျွန်းတွင် မဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးနိုင်အောင်၊ မဲစာရင်းမှန်အောင်၊ မှန်မှန်ကန်ကန်မဲစာရင်းပါအောင် လုပ်ဆောင်ရန် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ရွေးကောက်ပွဲကော်မရှင်တို့ အားလုံးပူးပေါင်းပြီး ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

တာဝန်ကို ကျေပွန်အောင်လုပ်ဆောင်

အစိုးရ၏ တာဝန်သည် မဲပေးပိုင်ခွင့်ရှိသူများအားလုံး မဲပေးနိုင်သည့် အခြေအနေဖြစ်အောင် လုပ်ပေးရမည် ဖြစ်ကြောင်း၊ ပြည်သူ့၏တာဝန်သည် ယင်းအခွင့်အရေးကို သုံးပြီး မဲပေးရန်ဖြစ်ပါကြောင်း၊ ပြည်သူများက နိုင်ငံ့အပေါ် တွင်ရှိသည့် တာဝန်ကို ကျေပွန်အောင် လုပ်ဆောင်ရန် ဖြစ်ပါကြောင်း။

ကိုကိုးကျွန်းတွင် စီးပွားရေးလုပ်ငန်းများ များများစားစားမရှိပါကြောင်း၊ သို့သော် ရှိသည့်လုပ်ငန်းများကို တတ်နိုင်သမျှ အောင်မြင်အောင်၊ ဖွံ့ဖြိုးအောင်လုပ်ဆောင်သွားရန် အရေးကြီးပါကြောင်း၊ စီးပွားရေးနှင့်ဆက်စပ်နေသည့် သင်္ဘောများ ခပ်စိပ်စိပ်လာနိုင်ရေးနှင့် ဆက်သွယ်ရေးကောင်းရန်လိုအပ်ပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးမကောင်းသည့်အတွက် ကုန်စျေးနှုန်းကြီးပြီး ပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေပါကြောင်း၊ ယင်းကိစ္စများ မဖြစ်ရန် ကြိုးစားမည်ဖြစ်ပါကြောင်း။

တိုးတက်မှုများကို ထင်ထင်ရှားရှားပြနိုင်မည်

ကိုကိုးကျွန်းကဲ့သို့ နေရာမျိုးတွင် ပြောင်းလဲမှုသည် မှန်ကန်ရန်၊ ပြောင်းလဲမှုသည် ပြည်သူများအတွက် အကျိုးရှိရန် ကြိုးစားနိုင်ပါကြောင်း၊ ကိုကိုးကျွန်းသည် နေရာသေးသော်လည်း အခွင့်အရေးများပါကြောင်း၊ အခွင့်အရေးများကို မှန်မှန်ကန်ကန် အသုံးပြုသွားမည်ဆိုလျှင် များစွာအကျိုးရှိနိုင်ပါကြောင်း၊ ပြည်သူများလည်း တိုးတက်မှုရှိနိုင်ပါကြောင်း၊ ယခုကဲ့သို့နေရာတွင် အုပ်ချုပ်ရေးပိုင်းက ပိုမိုတာဝန်ရှိပါကြောင်း၊ တာဝန်ကြီးပါကြောင်း၊ မိမိလုပ်ဆောင်မှုမှန်လျှင် မှန်သကဲ့သို့၊ ထိရောက်လျှင် ထိရောက်သကဲ့သို့ အကျိုးဆက်များကို မြင်တွေ့ရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ယူထားကြသူများအနေဖြင့် ပြည်သူများအတွက် အကျိုးရှိအောင်ထမ်းဆောင်ကြပါဟု တိုက်တွန်းလိုပါကြောင်း၊ အုပ်ချုပ်ရေးပိုင်းမှ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးလင်းရေးတို့ကို အဘက်ဘက်က ပိုင်းဝန်းပြီး ကြိုးစားသွားမည်ဆိုလျှင် ကိုကိုးကျွန်းကဲ့သို့နေရာသည် နှစ်ပိုင်းမဟုတ် လပိုင်းအတွင်း တိုးတက်မှုများကို ထင်ထင်ရှားရှားပြနိုင်မည် ဖြစ်ပါကြောင်း။

အားလုံးပြီးစီးအောင် လုပ်ဆောင်မည်

ထင်ထင်ရှားရှားပြနိုင်ရန်အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကလည်း ယနေ့မှစ၍ ကြိုးစားမည်ဖြစ်ပါကြောင်း၊ လျှပ်စစ်ကဏ္ဍကိုလည်း ဧနီနဝါရီ ၃၁ ရက် မတိုင်ခင် အားလုံးပြီးစီးအောင် လုပ်ဆောင်မည် ဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာကလည်း ပြည်သူလူထု၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ပို၍ အားတက်သရော လုပ်စေလိုပါကြောင်း၊ ကျန်းမာရေးဘက်က မည်သည့်အရာမှ တောင်းဆိုခြင်းမရှိသည့်အတွက် ပို၍ကောင်းမွန်အောင် ကြိုးစားပေးမည်ဖြစ်ပါကြောင်း၊ ပညာရေးဘက်က ဆရာမကြီး တောင်းဆိုသွားသည့် အရာသည် ခက်ခက်ခဲခဲမဟုတ်ပါကြောင်း၊ မကြာမီကာလအတွင်း ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ကိုကိုးကျွန်းမှ ပြည်သူလူထုအားလုံး ကျန်းမာချမ်းသာကြပါစေ၊ နေလုံးစိတ်ဝမ်းအေးချမ်းနိုင်ကြပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်း ပြောကြားသည်။

ကိုကိုးကျွန်းမြို့နယ်အား လက်ရှိတွင် 350 KVA ဒီဇယ် ဓာတ်အားပေးစက်ဖြင့် နေ့စဉ် ညနေ ၆ နာရီမှ ည ၁၂ နာရီ အထိ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ ယခုတည်ဆောက်မည့် ဆိုလာ၊ ဒီဇယ်၊ ဘက်ထရီစနစ်ပါဝင်သည့် Hybrid System ဖြင့် ဓာတ်အား ဖြန့်ဖြူးပေးနိုင်မည်ဆိုပါက ၂၄ နာရီပတ်လုံး ဓာတ်အားပေးနိုင်မည်ဖြစ်ကြောင်း၊ လမ်းမီးတိုင်များကိုလည်း ညနေ ၆ နာရီမှ နံနက် ၆ နာရီ အထိ သုံးစွဲနိုင်ရန် စီစဉ်ထားပြီးဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းကို မကြာမီစတင်ဆောင်ရွက်မည်ဖြစ်ရာ ၂၀၂၁ ခုနှစ် ဧနီနဝါရီလတွင် ကိုကိုးကျွန်းမြို့နယ်၌ ၂၄ နာရီ ပတ်လုံး လျှပ်စစ်မီးရရှိမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ကျေးရွာပေါင်း (၂၁၂၇) ရွာ ရှိသည့်အနက် ၂၀၁၉-၂၀၂၀ ခုနှစ်တွင် ကျေးရွာ (၁၈၄၉) ရွာ လျှပ်စစ်မီးရရှိပြီးဖြစ်ကြောင်း၊ ကျန်ရှိသည့် ကျေးရွာ (၂၅၉) ရွာအား ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၃၁ ရက် မတိုင်မီ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကိုကိုးကျွန်းမြို့နယ် သာသနာ့မဏ္ဍိုင်ကျောင်းတိုက်သို့ ရောက်ရှိပြီး ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသ အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် အလှူငွေများ ဆက်သွယ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကိုကိုးကျွန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအုပ်ဆရာမကြီး၊ ဆရာ၊ ဆရာမများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ သိလိုသည်များနှင့် လိုအပ်ချက်များကို မေးမြန်းသည်။

အမြန်ပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုးစား

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မြို့နယ် အုပ်ချုပ်ရေးအဖွဲ့အနေဖြင့် ကိုကိုးကျွန်းမြို့နယ်အတွင်း အလုပ်လက်မဲ့ဦးရေ စာရင်းကောက်ယူပြီး တာဝန်ရှိသူများက အလုပ်အကိုင်ဖန်တီးပေးရမည် ဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသား၊ ကျောင်းသူ ကလေးငယ်များ ယခုထက်ပိုမို ပညာရေးကို စိတ်ဝင်စားမှုရှိစေရန် နည်းလမ်းရှာဖွေဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ မူလတန်းနှင့် အလယ်တန်းအဆင့်အတွက် ကျောင်းများ အမြန်ပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုးစား ဆောင်ရွက်နေကြောင်း၊ ကလေးငယ်များမှာ ကျောင်းစာနှင့် ဝေးကွာနေပါက မကောင်းကြောင်း၊ အထက်တန်းကျောင်းများ ဖွင့်လှစ်ထားသည်မှာ တစ်လနီးပါးရှိပြီဖြစ်ကြောင်း၊ ကျန်းမာရေးကိစ္စ စိတ်ချရပါက တစ်ဆင့်ပြီး တစ်ဆင့် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကျောင်းသား၊ ကျောင်းသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ကျောင်းအတွက် ထောက်ပံ့ငွေများကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကိုကိုးကျွန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေကြသည့် လူနာများအား ရင်းရင်းနှီးနှီး လိုက်လံအားပေးစကားပြောကြားကာ ထောက်ပံ့ငွေများကို ပေးအပ်သည်။

ထို့နောက် ဆေးရုံအုပ်နှင့် ကျန်းမာရေးဝန်ထမ်းများအား ယခုကဲ့သို့သော နေရာတွင် လာရောက်တာဝန်ထမ်းဆောင်ကြသည်ကို ဂုဏ်ယူကြစေလိုကြောင်း မှာကြားပြီး ကိုကိုးကျွန်းမြို့နယ် နေ့ကလေးထိန်းကျောင်းနှင့် ဆေးရုံအတွက် ထောက်ပံ့ငွေများကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် ကိုကိုးကျွန်း လေယာဉ်ကွင်းအား မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုပြီး ဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ကိုကိုးကျွန်းမြို့နယ်မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

သတင်းစဉ်

(၄၁) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံတက်ရောက်ရေး မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် သြဂုတ် ၆

၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ Video Conferencing စနစ်ဖြင့် ကျင်းပမည့် (၄၁)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ (41st AIPA General Assembly) သို့ ပါဝင်တက်ရောက်ရေးအတွက် မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် လွှတ်တော်ဝင်း ဇမ္ဗူသီရိဆောင်၌ ကျင်းပသည်။

အဆိုမူကြမ်းခေါင်းစဉ်များ ရရှိထား

အစည်းအဝေးတွင် မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးထွန်းထွန်းဟိန်က အာဆီယံပါလီမန်များအထွေထွေညီလာခံတွင် ဆွေးနွေးကြမည့် အဆိုမူကြမ်းများအနေဖြင့် AIPA Secretariat ထံမှ နိုင်ငံရေးရာကော်မတီအတွက် အဆိုမူကြမ်း တစ်ခု၊ AIPA အုပ်ချုပ်မှုကော်မတီအတွက် အဆိုမူကြမ်း ၁၅ ခုနှင့် ကျန်ကော်မတီများအတွက် အဆိုမူကြမ်းခေါင်းစဉ်များကို ရရှိထားပါကြောင်း၊ ယင်းအဆိုမူကြမ်းများအပေါ် မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့က သဘောထား ရပ်တည်ချက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာကော်မတီဝင်များက အကြံပြုဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးထွန်းထွန်းဟိန် (၄၁)ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ (41st AIPA General Assembly) သို့ ပါဝင်တက်ရောက်ရေးအတွက် မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

အကြံပြုဆွေးနွေးကြ

ဆက်လက်၍ AIPA National Secretariat မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြည်အောင်က ရရှိထားသည့် အဆိုမူကြမ်းများအတွက် လိုအပ်သည့် သတင်းအချက်အလက်များကို သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့် ပေါင်းစပ်ရယူဆောင်ရွက်နိုင်ရေးအတွက် ရှင်းလင်းတင်ပြသည်။ ထို့နောက် AIPA ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်း၊ နိုင်ငံရေးရာကော်မတီအဖွဲ့ခေါင်းဆောင် ဒေါ်စုစုလွင်၊ စီးပွားရေးရာကော်မတီအဖွဲ့ခေါင်းဆောင် ဦးနိုင်ထူးအောင် ၊ အဖွဲ့ဝင် ဦးဘိုဘိုဦးနှင့် ဒေါ်ရွှေရွှေစိန်လတ်၊ လူမှုရေးရာကော်မတီအဖွဲ့ခေါင်းဆောင် ဒေါက်တာ စံရွှေဝင်း၊ အမျိုးသမီးရေးရာ အဖွဲ့ခေါင်းဆောင် နော်လှလှစိုး၊ လူငယ်လွှတ်တော်ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ဒေါ်ဝင့်ဝါထွန်း၊ AIPA အုပ်ချုပ်မှုကော်မတီ အဖွဲ့ဝင် ဒေါ်ပြုံးကေသီနိုင်တို့က အဆိုမူကြမ်းများအပေါ် မည်သို့ဆောင်ရွက်သင့်သည်များကို အကြံပြုဆွေးနွေးကြသည်။

အလေးထားပြောကြား

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက က မြန်မာလွှတ်တော်ကိုယ်စားလှယ် အဖွဲ့ဝင်များအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့် တွေ့ဆုံ၍ လိုအပ်သည့် သတင်းအချက်အလက်များကို အချိန်မီရယူဆောင်ရွက်နိုင်ရန်နှင့် ညီလာခံမစတင်မီ ကြိုတင်ပြင်ဆင်ရန်ကိစ္စများအားလုံး အသင့်ဖြစ်ရေးကို အလေးထားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ Cash for Work စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

နေပြည်တော် သြဂုတ် ၆

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ယနေ့ညနေပိုင်းတွင် နေပြည်တော် ဒကို့ဏာခရိုင် လယ်ဝေးမြို့နယ် ကုန်းပေါ်စုကျေးရွာနှင့် အိမ်ခြေနှစ်ဆယ် ကျေးရွာများတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် Cash for Work စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး အားပေးသည်။ **(ယာဝုံ)**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကုန်းပေါ်စုကျေးရွာ သို့ရောက်ရှိကြရာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန နေပြည်တော် တိုင်းဒေသကြီးဦးစီးမှူး ဦးဌေးဝင်းနှင့် တာဝန်ရှိသူများက လယ်ဝေးမြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Cash for Work စီမံကိန်းလုပ်ငန်းဆိုင်ရာများ၊ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြပြီး ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဌာနများအချင်းချင်း ချိတ်ဆက်

တင်ပြချက်များအပေါ်ပြည်ထောင်စုဝန်ကြီးက ကိုရိုနာဗိုင်းရပ်ကူးစက်ရောဂါ အကျိုးဆက်သက်ရောက်ခြင်းခံရသော ကျေးလက်ဒေသရှိ ပြည်သူများအား ၎င်းတို့ကျေးရွာ၏ ကုန်ထုတ်လုပ်ငန်းနှင့် အခြေခံအဆောက်အအုံ ဆိုင်ရာဖွံ့ဖြိုးရေး လုပ်ငန်းများကို ၎င်းတို့ကိုယ်တိုင် ဆောင်ရွက်စေပြီး လုပ်အားခငွေ ပေးချေခြင်းဖြင့် ကျေးလက်နေပြည်သူများ ဝင်ငွေရှိရန်နှင့် ကျေးရွာအခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ဆောင်ရွက်သော Cash for Work စီမံကိန်းသည် ငွေကြေး တိုက်ရိုက်ကိုင်တွယ် ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်သဖြင့် သံသယနှင့် အငြင်းပွားမှုများ မဖြစ်ပေါ်စေရန် အထူးဂရုပြု ဆောင်ရွက်ကြစေလိုကြောင်း၊ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပွားသည့် စီးပွားရေးအကျပ်အတည်းများမှ အမြန်ဆုံးရုန်းထွက်နိုင်ရေးအတွက် ကာလတိုစီမံချက်ဖြစ်သည့် "ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက်"(CERP)ကို ချမှတ်ဆောင်ရွက်ရာတွင် မိမိတို့ ကျရာအခန်းကဏ္ဍက ထိရောက်အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ လတ်တလောဆောင်ရွက်ချက်များအရ ဒေသနေပြည်သူများနှင့် ထိတွေ့ဆက်ဆံစဉ်အတွင်း ၎င်းတို့၏ ရေရှည်စားဝတ်နေရေး ချောင်လည်စေရေးနှင့် မိသားစု အပိုဝင်ငွေရရှိစေနိုင်သည့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်နိုင်ရေးအတွက် ဆက်စပ်ဌာနများအချင်းချင်း ချိတ်ဆက်ကူညီပေးနိုင်ရေးကိုပါ ကြိုးပမ်းပေးကြပါရန် တိုက်တွန်းမှာကြားသည်။

ကုန်းပေါ်စု ကျေးရွာတွင် အိမ်ထောင်စု ၂၇၇ စု ရှိပြီး လူဦးရေ ၁၁၈၇ ဦး နေထိုင်လျက်ရှိကာ တောင်သူ ၃၅ ဦး၊ စျေးဆိုင်ခြောက်ဆိုင်နှင့် လက်လုပ်လက်စား ၂၃၆ ဦးရှိကြောင်း၊ ယခု ဆောင်ရွက်သည့် Cash for Work စီမံကိန်းတွင် ပါဝင်သည့် လမ်းဘေးမြောင်းတူးခြင်း၊ ရေမြောင်းတူးခြင်း၊ ဝါးထရံကပ်ခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သဖြင့် လုပ်အားခတန်ဖိုး ငွေကျပ် ၅၉၅၀၈၈၀ ကို ခံစားကြရမည်ဖြစ်ကြောင်း သိရသည်။

ကြည့်ရှုအားပေး

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အိမ်ခြေနှစ်ဆယ်ကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာသူ ကျေးရွာသားများက Cash for Work စီမံကိန်းတွင် ပါဝင်သည့် လမ်းဘေးမြောင်းတူးခြင်း၊ လက်တူးတွင်းဆယ်ယူခြင်း၊ ကျေးရွာအစည်းအဝေးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

အိမ်ခြေနှစ်ဆယ်ကျေးရွာတွင် အိမ်ထောင်စု ၆၃ စု ရှိပြီး လူဦးရေ ၂၁၀ နေထိုင်လျက်ရှိကာ တောင်သူ ၂၅ ဦး၊ စျေးဆိုင်တစ်ဆိုင်နှင့် လက်လုပ်လက်စား ၃၇ ဦး ရှိကြောင်း၊ ယခု ဆောင်ရွက်သည့် Cash for Work စီမံကိန်းတွင် ပါဝင်သည့် လမ်းဘေးမြောင်းတူးခြင်း၊ လက်တူးတွင်းဆယ်ယူခြင်း၊ ကျေးရွာအစည်းအဝေးခန်းမတည်ဆောက်ခြင်း လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သဖြင့် လုပ်အားခတန်ဖိုးငွေကျပ် ၆၀၂၀၀၈၅ ကို ခံစားကြရမည်ဖြစ်ကြောင်း သိရသည်။

ချေးငွေထုတ်ချေးပေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် ဥတ္တရသီရိမြို့နယ် နန်ချန်ကျေးရွာ သို့ရောက်ရှိကြပြီး ကျေးရွာ မတည်ရန်ပုံငွေစီမံကိန်း(VRFP)အရ ချေးငွေ ထုတ်ချေးပေးနေမှုကို ကြည့်ရှုအားပေးသည်။

ဝင်ငွေတိုးလုပ်ငန်းများ

နန်ချန်ကျေးရွာတွင် လူဦးရေ ၃၈၃ ဦး နေထိုင်ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်ထောက်ပံ့ငွေကျပ်သန်း ၂၀ ဖြင့် ဆောင်ရွက်သော ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP)မှ ချေးငွေများရယူပြီး စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများနှင့် ဝင်ငွေတိုးလုပ်ငန်းများကို ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

တိုးမြစ်ရေ မအူပင်မြို့၌ စိုးရိမ်ရေမှတ်အထက် ရောက်ရှိနိုင်

နေပြည်တော် သြဂုတ် ၆

ယနေ့ မွန်းလွဲ ၁၂နာရီခွဲတိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် နှစ်ရက်အတွင်း ဒီရေမြင့်တက်ချိန်တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မအူပင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့် ဧလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

မြန်မာ့အလင်း

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပ

မာန်အောင်ကျွန်းပတ်လမ်းပေါ်ရှိ တံတားနှစ်စင်းဖြစ်သည့် ကမားချောင်းတံတားနှင့် သစ်ဝချောင်းတံတားတို့အား သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်နိုင်ရန် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံထားပြီးဖြစ်

နေပြည်တော် သြဂုတ် ၆

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကတိသစ္စာမပြုရသေးသည့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လေးဦးက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်ရှေ့မှောက်၌ ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဦးမြစိန်၏ သာကေတမြို့နယ် အမှတ်(၇) ရှုခင်းသာရပ်ကွက် အဆင့်မြင့်အိမ်ရာစီမံကိန်း ဆောင်ရွက်စဉ်က ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်သို့ ပြောင်းရွှေ့ခံရသော ပြည်သူများအတွက် လိုအပ်သောစီမံမှုကို အမြန်ဆုံးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်းက အဆိုပါမြေနေရာသည် လက်ရှိမြို့မြေစာရင်း(Town Land Roll) နှင့် မြို့ကွက်ကျမြေပုံ (Block Map) တို့တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးသန့်ရှင်းရေးဌာန ကျည်စုသုသာန်မြေ၏ မြေဧရိယာအတွင်း ဝင်ရောက်နေထိုင်ခြင်းသာဖြစ်ပြီး သာကေတမြို့နယ် ရှုခင်းသာအဆင့်မြင့်အိမ်ရာစီမံကိန်းအဆင့် (၇)၏ ပြောင်းရွှေ့ချထားမှုမှတ်တမ်းစာရင်းဇယားတွင် ပါဝင်မှုရှိ၊ မရှိကို စိစစ်၍ မရရှိနိုင်သည့်အတွက် လတ်တလော မြေစီမံခန့်ခွဲမှု ကိစ္စရပ်များကို ဆောင်ရွက်ပေးနိုင်မည်မဟုတ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

မယ်စဲ့မဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း၏ မယ်စဲ့မြို့နယ်၌ ကျေးရွာအသီးသီးတွင် လိုအပ်နေသော အမှိုက်သိမ်းဆည်းခြင်းနှင့် သက်ဆိုင်သော ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်းက မယ်စဲ့မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဖွဲ့စည်းပုံအဆင့်(c) အဆင့်ဖြစ်ပါကြောင်း၊ စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၁၆ (ခ) အရ ဝန်ဆောင်ခွန်များ စည်းကြပ်ရာတွင် ဝင်ငွေနှင့်အသုံးစရိတ် မျှတစေရန်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ မြို့စည်ပင်သာယာရေး နယ်နိမိတ်ပြင်ပ မယ်စဲ့မြို့နယ် ကျေးလက်ဒေသမှ ဝန်ဆောင်ခွန်ဖြစ်သည့် အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းအတွက် ဝင်ငွေရရှိခြင်းမရှိပါကြောင်း၊ ထို့ကြောင့် ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးဥပဒေအရ ကျေးလက်စည်ပင်သာယာရေးလုပ်ငန်းများအား ကျေးရွာအုပ်ချုပ်ရေးမှူးများက ဆောင်ရွက်နေပါသဖြင့် အမှိုက်သိမ်းယာဉ်၊ အမှိုက်ပုံးများ ထောက်ပံ့ရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

အင်းတော်မြို့နယ်ရှိ စက်မှုနှင့်သက်မွေးပညာသင်ယူရန် စိတ်ဝင်စားသည့် လူငယ်များ အသစ်ဖွင့်လှစ်မည့် စက်မှုသင်တန်းကျောင်းအသစ် (မုံရွာ)တွင် တက်ရောက်ခွင့်ရရှိတော့မည်

အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံး၏ အင်းတော်မြို့နယ်တွင် သက်မွေးဝမ်းကျောင်း(ဘက်စုံသုံး) တစ်ကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက အင်းတော်မြို့နယ်ရှိ စက်မှုနှင့်သက်မွေးပညာသင်ယူရန် စိတ်ဝင်စားသည့် လူငယ်များအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ အသစ်ဖွင့်လှစ်မည့် စက်မှုသင်တန်းကျောင်းအသစ် (မုံရွာ) တွင် တက်ရောက်ခွင့်ရရှိတော့မည်ဖြစ်သည့်အတွက် ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်တွင် အသက်မွေးဝမ်းကျောင်းပညာသင်တန်းကျောင်းတစ်ခု တည်ဆောက်ဖွင့်လှစ်ရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ) ဦးတင်နုအောင်၏ မာန်အောင်ကျွန်းပေါ်ရှိ ကျွန်းပတ်လမ်းပေါ်တွင်ရှိသော တံတားအမှတ် ၁/၂၁ ကမားချောင်းတံတားနှင့် တံတားအမှတ် (၁/၈) သစ်ဝချောင်းတံတားတို့အား အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက မာန်အောင်ကျွန်းပတ်လမ်းပေါ်ရှိ တံတားနှစ်စင်းဖြစ်သည့် ကမားချောင်းတံတားနှင့် သစ်ဝချောင်းတံတားတို့အား သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်နိုင်ရန် ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတွင် လျာထားတင်ပြ တောင်းခံထားပြီးဖြစ်ပါကြောင်းနှင့် ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ တည်ဆောက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာလင်းလင်းကျော်၏ မြစ်သားမြို့နယ်အတွင်းရှိ ရွာရှည်–ဘုံကွင်းလမ်းကို ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက အဆိုပါလမ်းသည် ကျေးရွာ ၁၅ ရွာ၊ အိမ်ခြေ ၁၀၀၀ ကျော်၊ လူဦးရေ ၉၉၀၀ ကျော်တို့အား အကျိုးပြုသော လမ်းဖြစ်ပါကြောင်း၊ ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်တိုင်းဒေသကြီးအစိုးရရန်ပုံငွေဖြင့် လမ်းအရှည် ၁ မိုင်အား ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေတွင် လမ်းအရှည် ၁ မိုင်အား ကတ္တရာလမ်းအဖြစ် ဆက်လက်ဆောင်ရွက်ရန် လျာထားပြီးဖြစ်ပါကြောင်း၊ ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမျိုးသိမ်းကြီး

အင်းတော်မဲဆန္ဒနယ်မှ
ဒေါက်တာ ဒေါ်ပြုံး



ဒုတိယဝန်ကြီး
ဒေါက်တာ ကျော်လင်း

မြစ်သားမဲဆန္ဒနယ်မှ
ဒေါက်တာ လင်းလင်းကျော်

ဆက်လက်၍ ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည်၏ နှစ်အနည်းငယ်အတွင်း ယိုယွင်းပျက်စီးလာသည့် အခြေခံပညာကျောင်းများ၏ အရေအတွက်၊ တည်နေရာ၊ ဆောက်လုပ်သောကုမ္ဏီ၏ အမည်၊ လိပ်စာနှင့် လုပ်ငန်းမှတ်တမ်းများကို ကောက်ယူ၍ ပြုစုမှတ်တမ်းထားရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း၊ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး၏ အထည်အလိပ်နည်းပညာကျောင်းများကို တက္ကသိုလ်အဆင့်၊ သိပ္ပံအဆင့်၊ အထက်တန်းကျောင်းနှင့် သင်တန်းကျောင်းများဖွင့်လှစ်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၏ လွိုင်လင်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ အခြေခံပညာမူလတန်းကျောင်းများ၊ မူလတန်းလွန်ကျောင်း၊ အလယ်တန်းကျောင်းခွဲများတွင် လစ်လပ်လျက်ရှိသည့် ဆရာ၊ ဆရာမများ ခန့်အပ်တာဝန်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ရှင်းလင်းဖြေကြားသည်။

အလားတူ မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဖိုးမြတ်၏ မူဆယ်မြို့နယ်အတွင်းရှိ မူဆယ်၊ ဖိုင်ကျောင်းကျေးရွာနှင့် မန့်ဟျိုး(မန့်ဟီးရိုး)မြို့၊ နောင်ဟင်ကျေးရွာတို့အား ဆက်သွယ်ပေးမည့် ရွှေလီမြစ်ကူးတံတားတစ်စင်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၏ မင်းကင်းမြို့နယ် တမူးမှ မုံရွာအထိ ကားလမ်းဆောင်ရွက်ရာတွင် လမ်းချဲ့ခြင်း၊ လမ်းဖြောင့်ခြင်းတို့နှင့် မလွတ်ကင်းသည့် မြေယာများအတွက် မြေယာလျော်ကြေးရရန် ကျန်ရှိနေသူများအတွက် မြန်ဆန်စွာလျော်ကြေးရရှိအောင် မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုခြင်း မေးခွန်းတို့နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ဒေါက်တာခင်ဆောင်က ပဋ္ဌိဇီဝဆေးများ ဝယ်ယူထောက်ပံ့ဖြန့်ဖြူးရေးစီမံခန့်ခွဲမှုစနစ်ဆိုင်ရာ စုံစမ်းလေ့လာမှုအစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုကိုအတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူ မရှိသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

လူတိုင်းလက်လှမ်းမီနိုင်သည့် ကျန်းမာရေးလွှမ်းခြုံမှု (UHC) ဖြစ်လာရန်အတွက် ကျန်းမာရေးဆိုင်ရာမူဝါဒများ ပိုမိုဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ပါရန် တိုက်တွန်းကြောင်းအဆိုကို တင်သွင်း

ထို့နောက် သိန္ဓိမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်းက ပြည်သူလူထုအတွက် ကောင်းမွန်သည့် ကျန်းမာရေးရလဒ်များဆီသို့ ဦးတည်လျှောက်လှမ်းရာတွင် လူတိုင်းလက်လှမ်းမီနိုင်သည့် ကျန်းမာရေးလွှမ်းခြုံမှု (UHC) ဖြစ်လာရန်အတွက် ကျန်းမာရေးဆိုင်ရာမူဝါဒများ ပိုမိုဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ပါရန် တိုက်တွန်းကြောင်း အဆိုကို တင်သွင်းရာတွင် ကမ္ဘာ့နိုင်ငံများတွင် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကျန်းမာရေးနည်းစနစ်များကို တည်ဆောက်၍ ပန်းတိုင်များသို့အောင်မြင်စွာ ဆိုက်ရောက်နေသည်ကို တွေ့ရပါကြောင်း၊ ကျန်းမာရေးစနစ် အကောင်းဆုံးနိုင်ငံများ လျှောက်လှမ်းခဲ့သည့် ကျန်းမာရေးဆိုင်ရာစနစ်များကို စံနမူနာယူရန် အရေးကြီးပါကြောင်း၊ UHC သည် လူသားအားလုံးလိုအပ်နေသည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ငွေကြေးအခက်အခဲမရှိခြင်းနှင့် ရောဂါကြောင့် ကျန်းမာရေးစရိတ်ဖြင့် ဆင်းရဲခြင်းတို့မရှိဘဲ လွယ်ကူလျင်မြန်စွာရရှိအောင် ဖန်တီးထားသည့်စနစ် ဖြစ်ပါကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် HUC အတွက် တည်ဆောက်ရာတွင် အရေးကြီးသည့် ကျန်းမာရေးဆိုင်ရာဘဏ္ဍာစုဆောင်းပြီး ရေရှည်တည်ငြိမ်သည့် ကျန်းမာရေးစနစ် ဖြစ်ပေါ်လာရေးအတွက် ကြိုတင်ထည့်ဝင်ငွေအာမခံဖြင့် လွှမ်းခြုံနိုင်ရေးအတွက် လိုအပ်သည့်ဥပဒေ၊ မူဝါဒများ ဆောင်ရွက်သွားနိုင်ရန်အတွက် အဆိုတင်သွင်းရခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းမောင်ပွင့်က အဆိုအား ထောက်ခံဆွေးနွေးသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုအား လက်ခံဆွေးနွေးရန်သင့်၊ မသင့် လွှတ်တော်၏ ဆန္ဒရယူရာ သဘောတူသဖြင့် လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက တင်သွင်းသည့် ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူ မရှိသည့်အတွက် အတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်းက ဥပဒေကြမ်းကော်မတီက အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ ယခင်အတည်ပြုချက်အတိုင်း ထားရှိရမည့် အချက် ၅ ချက်ကို တင်ပြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်ထဲရေးဝန်ကြီးဌာန၏ သဘောထားရယူပြီး လွှတ်တော်၏ အတည်ပြုချက်ရယူသည်။

ထို့နောက် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးကျော်စိုးလင်းက ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသည့် အချက် ၅ ချက်ကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူသင့်ပါကြောင်း အဆိုတင်သွင်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တင်ပြခဲ့သည့် ၅ ချက်နှင့်စပ်လျဉ်း၍ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန်တင်ပြမည်ဖြစ်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပြီး ဥပဒေကြမ်းကော်မတီဝင် ဦးဇော်ဝင်းက အစီရင်ခံစာ ဖတ်ကြားတင်သွင်းသည်။

ယင်းနောက် အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီက တင်သွင်းသည့် မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးဝေလှိုင်ထွန်းက ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် ၇၅ ချက်ကို တင်ပြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ သဘောထားရယူပြီး လွှတ်တော်၏ အတည်ပြုချက်ရယူသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် အတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို သြဂုတ် ၂၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အေးအေးသန့်

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပ

နေပြည်တော် သြဂုတ် ၆

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကတိသစ္စာ မပြုရသေးသော တပ်မတော်သားအမျိုးသား လွှတ်တော်ကိုယ်စားလှယ်လောင်းက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ရှေ့မောက်၌ ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ကျင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဇယ်ခေါင်၏ ဝိုင်းမော် – မန်ဝိန်း – ချီဖွေ သွားသော ကားလမ်းပေါ်ရှိ လမ်းဦးစီးဌာနမှ လမ်းအသုံးပြုခ ကောက်ခံခွင့်ပြုထားခြင်းမရှိဘဲ လမ်းအသုံးပြုခ ကောက်ခံနေသော ပြည်သူ့စစ်ဂိတ်များကို အမြန်ဆုံးဖြုတ်သိမ်းပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ် က လက်ရှိအချိန်တွင် ဝိုင်းမော် – မန်ဝိန်း – ချီဖွေသွားသော ကားလမ်းတစ်လျှောက် လုံခြုံရေးနှင့်မသက်ဆိုင်သည့် ကိစ္စရပ်များ မရှိသည့်အပြင် ထပ်မံမဖြစ်ပေါ်စေရေး အလေးထားလိုက်နာဆောင်ရွက်သွားရန် ဇွန် ၁ ရက်တွင် ပြည်သူ့စစ်(ဌာနေ)အဖွဲ့ခေါင်းဆောင်များနှင့် တာဝန်ရှိသူများအား တိုင်းစစ်ဌာန ချုပ်သို့ ခေါ်ယူတွေ့ဆုံ၍ ညွှန်ကြားထားပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

ကျင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဂျေယောဝူ ၏ ကျင်ပြည်နယ် ပူတာအိုခရိုင် ခေါင်လန်ဖူးမြို့နယ် ဇီးထန်ကျေးရွာအုပ်စု ချီလာဝါဒီကျေးရွာ သို့မဟုတ် လော်ဝူးချီလာကျေးရွာတွင် မြန်မာ – တရုတ် ကျောက်တိုင် အမှတ် – ၃၁ တရားဝင် ဝင်/ထွက်ဂိတ် တည်ဆောက်ပေးရန်နှင့်စပ်လျဉ်း၍ အဆိုပါကျေးရွာများသည် လမ်းပန်းဆက်သွယ်ရေးအနေဖြင့် သွားလာရန် ခက်ခဲပြီး ဖွံ့ဖြိုးမှုအားနည်းသည့်အပြင် စီးပွားရေးအရ ကုန်စည်စီးဆင်းမှုအားနည်းသောကြောင့် နယ်စပ် ဝင် /ထွက်ဂိတ်တွင် တာဝန်ချထားမည့် လုံခြုံရေးတပ်ဖွဲ့ဝင်အင်အားကို ပြည်ထဲရေးဝန်ကြီးဌာနမှ ထုတ်နုတ်ပေးနိုင်ခြင်း မရှိသေးသည်ကို သိရှိရပါကြောင်း။

မြန်မာ – တရုတ်ကျောက်တိုင်အမှတ် – ၃၁ ဝင်/ထွက် ဂိတ်နေရာသည် နှစ်နိုင်ငံအကြား နယ်နိမိတ်တိုင်းတာသတ်မှတ်ပြီးဖြစ်သော်လည်း နှစ်နိုင်ငံ သဘောတူစာချုပ်တွင် ခွင့်ပြုထားသည့် ဝင်ထွက်ပေါက် ရှစ်ခုတွင် ပါဝင်ခြင်း မရှိသေးပါကြောင်း၊ သို့ဖြစ်ပါ၍ အဆိုပါ ဝင်/ထွက်ဂိတ်ဒေသသည် နယ်မြေလုံခြုံရေးဆောင်ရွက်ပေးနိုင်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊ ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်လာခြင်းတို့ ရှိမည်ဆိုပါက နှစ်နိုင်ငံ သဘောတူညီချက်ဖြင့် တရားဝင် ဖွင့်လှစ်သွားရန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံတမန်လမ်းကြောင်းဖြင့် တရုတ်နိုင်ငံဘက်သို့ ညှိနှိုင်းပြီး ဖွင့်လှစ်ခွင့်ရရှိပါက နယ်စပ် ဖြတ်သန်းခွင့်စာအုပ် (Border Pass) ဖြင့် ဖြတ်သန်းနိုင်ရေး လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဝက်ဝံတောင် သစ်တောကြိုးပိုင်း အကွက် အမှတ်(၅) ရှိ ရော်ဘာစိုက်ခင်းဧရိယာအတွင်း ရွှေသတ္တုတူးဖော်ရန် ခွင့်ပြုထားခြင်း မရှိ

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့် (ခ) ဦးလှမြင့်သန်း၏ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သုံးခွကျေးရွာအုပ်စုအနီးရှိ ဝက်ဝံတောင် သစ်တောကြိုးပိုင်း အကွက်အမှတ်(၅)အတွင်း မြေငှားတောင်သူများအား သစ်ပင်စိုက်ပျိုးရန် သက်ဆိုင်ရာမှ ခွင့်ပြုထားသော်လည်း စိုက်ပျိုးခြင်းမပြုဘဲ ကုမ္ပဏီများက အဖွဲ့အစည်းတချို့နှင့် ပူးပေါင်းပြီး ရွှေတူးဖော်နေသဖြင့် သဘာဝပတ်ဝန်းကျင် ပျက်စီးခြင်းနှင့် တောင်သူများ ထိခိုက်နစ်နာနေမှုအပေါ် မည်ကဲ့သို့ အရေးယူဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက မေးမြန်းချက်ပါ ဝက်ဝံတောင် သစ်တောကြိုးပိုင်း အကွက် အမှတ်(၅) ရှိ ရော်ဘာစိုက်ခင်းဧရိယာအတွင်း ရွှေသတ္တုတူးဖော်ရန် ခွင့်ပြုထားခြင်း မရှိပါကြောင်းနှင့် ခွင့်ပြုချက်မရရှိဘဲ တရားမဝင် ရွှေသတ္တုတူးဖော်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမိုးမြင့် (ခ)ဆင်မြူရယ်၏ မြန်မာနိုင်ငံရှိ တူးဖော်ပြီး၊ တူးဖော်ဆဲ သတ္တုတွင်းကြီးများဖြစ်ကြသော စပယ်တောင်၊ ကြေးစင်တောင် သတ္တုတွင်း၊ ကျောက်ပုထိုး ရွှေသတ္တုတွင်း၊ ဟိန္နားခဲမဖြူ သတ္တုတွင်း၊ မောတောင် ဟင်းလင်းဖွင့် ကျောက်မီးသွေးသတ္တုတွင်း၊ ကလေးဝ

ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်



ကျင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)မှ ဦးဇယ်ခေါင်

ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) မှ ဒေါက်တာဇော်လင်းထွန့်

မြေအောက် ကျောက်မီးသွေးသတ္တုတွင်းများအား သတ္တုတွင်း ပိတ်သိမ်းခြင်း အစီအမံ ဆောင်ရွက်ထားခြင်း ရှိ/မရှိ သိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာ ရဲမြင့်ဆွေက မေးခွန်းပါ သတ္တုတွင်းများအနက် စပယ်တောင် သတ္တုတွင်းတစ်ခုသာ လက်ရှိ မိုင်းပိတ်သိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေပြီး မိုင်းပိတ်သိမ်းမှုအစီအစဉ်ကိုလည်း စနစ်တကျ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်သတ္တုတွင်းစီမံကိန်းများမှာ လုပ်ငန်းဆောင်ရွက်ဆဲဖြစ်ပြီး သတ္တုတွင်း ပိတ်သိမ်းခြင်း အစီအမံများအတိုင်း ပိတ်သိမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွန့် ၏ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် စိတ်ကျန်းမာရေးဆိုင်ရာ ရောဂါဝေဒနာရှင်များကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်ကုသမှုပေးနိုင်ရန် အမျိုးသားအဆင့်စိတ်ကျန်းမာရေးမူဝါဒအား မည်သို့ချမှတ်ဆောင်ရွက်မည်ကို သိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က စိတ်ကျန်းမာရေးမူဝါဒနှင့်စပ်လျဉ်း၍ နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီမှု ရှိ/မရှိ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံတော်၏ မူဝါဒနှင့် ကိုက်ညီမှု ရှိ/မရှိကို နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတို့သို့ လည်းကောင်း၊ မူဝါဒရေးရာနှင့် ဥပဒေရေးရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ လည်းကောင်း ပေးပို့၍ သဘောထားမှတ်ချက် တောင်းခံခဲ့ပါကြောင်း။

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ စိတ်ကျန်းမာရေးမူဝါဒအကောင်အထည်ဖော်ရေး ကြံ့တွေ့ရသည့် စိန်ခေါ်မှုများကို ဖြေရှင်းလျက် အားလုံးလက်လှမ်းမီသည့်စောင့်ရှောက်မှုများ၊ ဝန်ဆောင်မှုများပေးနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်၍ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးကို အကျိုးသက်ရောက်စေသည့်အတွက် ကန့်ကွက်ရန်မရှိပါကြောင်းနှင့် ဥပဒေကြောင်းအရ မှတ်ချက်ပြုရန် မရှိပါကြောင်း သဘောထားမှတ်ချက် ပြန်ကြားလာပါကြောင်း။

စိတ်ကျန်းမာရေးစောင့်ရှောက်မှု မဟာဗျူဟာမြောက် ဆောင်ရွက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိ

ယခုအခါ ဝန်ကြီးဌာနအနေဖြင့် New normal Condition တွင် စိတ်ကျန်းမာရေးပြဿနာများ ပိုမိုများပြားလာနိုင်သည်ဖြစ်ရာ ပြဿနာများ ပေါ်ပေါက်လာမှ ဆောင်ရွက်ခြင်း (Reactive)ထက် ကြိုတင်ကာကွယ်ခြင်း (Proactive) တို့ကို ပြုလုပ်လျက်ရှိပါကြောင်း၊ စိတ်ကျန်းမာရေးစောင့်ရှောက်မှု မဟာဗျူဟာမြောက် ဆောင်ရွက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စိတ်ကျန်းမာရေးမူဝါဒနှင့် စိတ်ကျန်းမာရေး မဟာဗျူဟာစီမံချက် ၂၀၂၀ – ၂၀၂၅ ကို အစိုးရအဖွဲ့အစည်းသို့ တင်ပြ၍ ထုတ်ပြန်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

အလားတူ ကျင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဆွေနိုင်၏ ကျင်ပြည်နယ် မိုးညှင်းခရိုင် ခုတင်(၁၀၀)ဆံ့ ခရိုင်ဆေးရုံကြီးအတွက် (၉၀x၃၄x၂၄) ပေ RC နှစ်ထပ်ဆောင်အသစ် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း မေးခွန်းနှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာဦးကြွယ်ကြွယ် ၏ မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် တံတားကျေးရွာအုပ်စု တံတားအနောက်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းတို့နှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ယင်းနောက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန် က ဆေးပစ္စည်းကိရိယာ ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာမျိုးအောင်က အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲများကို အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီအတွင်းရေးမှူး ဒေါက်တာစန်းမောင်မောင် က ကော်မတီ၏ “ကင်ဆာရောဂါဖြစ်ပွားမှု၊ သေဆုံးမှုနှုန်းများ လျှော့ချခြင်းနှင့် ကာကွယ်တားဆီးရေးလုပ်ငန်းများ လေ့လာဖော်ထုတ်ခြင်း စုံစမ်းလေ့လာမှု” အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က အဆိုပါ ကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က ယခုဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ရပ်နားမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်း စီစစ်မည့်ကာလအတွက် ၂၀၂၀ ပြည့်နှစ်၊ သြဂုတ် ၈ ရက်မှ ၁၈ ရက်အထိ ကာလကို လွှတ်တော်အစည်းအဝေးများ ခေတ္တရပ်နားသွားမည်ဖြစ်ကြောင်းနှင့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း ကြေညာသည်။

အောင်ရဲသွင်

ရန်ကုန် - ကိုကိုးကျွန်း တတိယမြောက်သင်္ဘောခရီးစဉ် သြဂုတ် ၉ ရက်တွင် ပြေးဆွဲမည်

ရန်ကုန် သြဂုတ် ၆

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့(YRTA)၏ စီမံမှုဖြင့် ရန်ကုန် – ကိုကိုးကျွန်း တတိယမြောက်သင်္ဘောခရီးစဉ်ကို သြဂုတ် ၉ ရက်တွင် ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

ရာသီဥတုအခြေအနေနှင့် သယ်ယူပို့ဆောင်ပေးရမည့် ကုန်တန်ချိန်ပေါ်မူတည်ကာ ယခင်က ကိုကိုးကျွန်းခရီးစဉ်ကို တန်ချိန် တစ်ထောင်ခန့်ရှိ သဘာပတိရေယာဉ်ဖြင့် ပြေးဆွဲခဲ့သော်လည်း ယခုအခါတွင် တန်ချိန် ၃၅၀၀ ခန့်ရှိ M.V Charites သင်္ဘောဖြင့် ပြောင်းလဲပို့ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ရန်ကုန်တိုင်းတစ်တိုင်းလုံး မီးလင်းရေးစီမံချက်အရ ကိုကိုးကျွန်းမြို့နယ်သို့ ပို့ဆောင်ရမည့် အဓိကကုန်စည်များနှင့် ပတ်သက်၍ YRTA တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က “ကိုကိုးကျွန်းမြို့နယ် လျှပ်စစ်မီးလင်းရေးကို အဓိကထားပြီး ဆောင်ရွက်မှာဖြစ်တဲ့အတွက် YESC ကနေ ပို့ချင်တဲ့ ဓာတ်တိုင်တွေ၊ မီးနဲ့ပတ်သက်တဲ့ အထောက်အပံ့ပစ္စည်းတွေ၊ ဆိုလာနဲ့ပတ်သက်တဲ့ပစ္စည်းတွေ တန်ပေါင်း ၄၇၀ ကျော်ကို ပို့ရမှာဖြစ်ပါတယ်” ဟု ပြောကြားသည်။

သဟာပတိရေယာဉ်ဖြင့် ရန်ကုန်–ကိုကိုးကျွန်း ပထမခရီးစဉ်ကို ဇန်နဝါရီလတွင် လည်းကောင်း၊ ဒုတိယခရီးစဉ်ကို မတ်လ အတွင်း၌လည်းကောင်း ပြေးဆွဲပေးခဲ့ပြီး ယခုအကြိမ် ပြေးဆွဲခြင်းသည် တတိယအကြိမ်မြောက် ပြေးဆွဲခြင်းဖြစ်သည်။ ယခင်က သဟာပတိရေယာဉ်ကို ကျပ်သိန်း ၂၀၀ ဖြင့် ငှားရမ်းအသုံးပြုခဲ့သော်လည်း ယခုအခေါက်တွင် ကုန်တန်ချိန်ပိုမိုတင်ဆောင်ရမည်ဖြစ်သည့်အတွက် M.V Charites ကို ကျပ်သိန်း ၃၅၀ ခန့်ဖြင့် ငှားရမ်းခြင်းဖြစ်ကြောင်း သိရသည်။

ထင်ပေါ်ဝင်း(ကမာရွတ်)

ရခိုင်ပြည်နယ်သမဝါယမအသင်းစုချုပ်က ဆိပ်ကမ်းနှင့် စျေးတည်ဆောက်ရေး မတည်ငွေများလျှောဒါန်း

မြောက်ဦး သြဂုတ် ၆

ရခိုင်ပြည်နယ် သမဝါယမအသင်းစုချုပ်သည် ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများ လူမှုစီးပွားဘဝမြင့်မားတိုးတက်စေရေးအတွက် သမဝါယမနည်းလမ်းများဖြင့် တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ပေးလျက်ရှိပြီး ဒေသများ၏ လူမှုရေး လိုအပ်ချက်များအပေါ် ဒေသခံသမဝါယမအသင်းသားများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် အောက်စည်မောင်းကျေးရွာတွင် စျေးပြုလုပ်ဆောင်ရွက်ရန်အတွက် လျာထားသည့် ဆိပ်ကမ်းကို ကွန်ဂရက်တာပေါင်ရိုး ပြုလုပ်ပြီး မြေဖို့ခြင်းလုပ်ငန်းဆောင်ရွက်ရန် ၂၀–၃–၂၀၂၀ ရက်တွင် မတည်အလျှငွေကျပ် ၁၃ သိန်းကို ထောက်ပံ့လျှောဒါန်းခဲ့သည်။ ၎င်းဒေသရှိ သမဝါယမအသင်းသားများသို့ ၁၀ လဆပ် စနစ်ဖြင့် အတိုးမဲ့ထုတ်ချေးခြင်းများ ဆောင်ရွက်ပေးခဲ့သည့်အပြင် ၎င်းကျေးရွာရှိ ရက္ခပူရပညာရေး ဖောင်ဒေးရှင်းရှိ ကျောင်းဆရာတစ်ဦး၏တစ်လစာ လစာငွေကျပ် နှစ်သိန်းနှုန်းဖြင့် တစ်နှစ်စာ လစာကျပ် ၂၄ သိန်းကို ထောက်ပံ့လျှောဒါန်းခဲ့ကြောင်း သိရှိရသည်။

သတင်းစဉ်

❒ *ကျောဖုံးမှ*

ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့ရန် အတွက် ညှိနှိုင်းအစည်းအဝေးကျင်းပရခြင်းဖြစ်ကြောင်း၊ ပထမကဏ္ဍအနေဖြင့် ပြည်ပရောက်မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးနိုင်ရန်ဖြစ်ကြောင်း၊ ပုံစံ (၁၅) များ စတင်ထုတ်ယူနိုင်မည့်ရက်၊ စတင်လက်ခံမည့်ရက်နှင့် နောက်ဆုံးလက်ခံမည့်ရက်များကို သတ်မှတ်ကြေညာပေးခဲ့ပါကြောင်း၊ ပြည်ပရှိ မြန်မာသံရုံး၊ အမြဲတမ်းကိုယ်စားလှယ်ရုံးနှင့် ကောင်စစ်ဝန်ရုံးများအနေဖြင့် ပြည်ပရောက်မဲဆန္ဒရှင်များက ပေးပို့လာသည့် ပုံစံ(၁၅)များကို ကော်မရှင်သို့ပေးပို့ခြင်း၊ ကော်မရှင်မှ ပုံစံ(၁၅)များ စိစစ်ပြီး ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပြည်ပရှိ မြန်မာသံရုံး၊ အမြဲတမ်းကိုယ်စားလှယ်ရုံးနှင့် ကောင်စစ်ဝန်ရုံးများသို့ ပေးပို့ရခြင်း၊ ဆန္ဒပြုပြီးသည့် ကြိုတင်ဆန္ဒမဲလက်မှတ်ပါစာအိတ်များကို ကော်မရှင်သို့ ပြန်လည်ပေးပို့ရခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် သတ်မှတ်အချိန်မီ ရောက်ရှိစေရေးအတွက် Relief Flight များဖြင့် သယ်ယူပို့ဆောင်နိုင်ရေးဖြစ်ကြောင်း။

ဒုတိယကဏ္ဍအနေဖြင့် ရွေးကောက်ပွဲကာလအတွင်း ကိုဗစ် - ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီက မေးမြန်းထားမှုရှိပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများကို ပြည်တွင်း၊ ပြည်ပမှ လျှုဒါန်းလိုသူများရှိကြောင်း၊ ကာကွယ်ရေးပစ္စည်းများကို လက်ခံဆောင်ရွက်ရေးနှင့် မလုံလောက်၍ လိုအပ်သောပစ္စည်းများဝယ်ယူရေး၊ ကုန်ကျစရိတ်များနှင့်စပ်လျဉ်းပြီး တာဝန်ခံဆောင်ရွက်မည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းသို့မဟုတ် ဝန်ကြီးဌာန ထားရှိဆောင်ရွက်နိုင်ရေးနှင့် ကိုဗစ်-၁၉ ရောဂါအန္တရာယ်ကျရောက်နေစဉ် အထွေထွေရွေးကောက်ပွဲများကို အောင်မြင်စွာကျင်းပနိုင်ခဲ့သည့် ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့ကို နမူနာယူပြီး ကျန်းမာရေးစံသတ်မှတ်ချက် (Standard Operating Procedure - SOP) ကို ရေးဆွဲရေးဖြစ်ကြောင်း။

တတိယကဏ္ဍအနေဖြင့် မကြာမီ မဲဆွယ်စည်းရုံးရေးကာလ ရောက်ရှိတော့မည်ဖြစ်၍ မဲဆွယ်စည်းရုံးရေးကာလတွင် နိုင်ငံရေးပါတီများ၊ လွတ်တော်ကိုယ်စားလှယ်လောင်းများ လိုက်နာရမည့် စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်ဆိုင်ရာ ညွှန်ကြားချက်များ ထုတ်ပြန်နိုင်ရေးဖြစ်ကြောင်း၊ နောက်တစ်ချက်မှာ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲဆန္ဒရှင်များ ကိုဗစ်-၁၉ ရောဂါကင်းရှင်းစွာ မဲပေးနိုင်ရေးအတွက် ထိန်းကျောင်းဆောင်ရွက်ပေးမည့် အဖွဲ့အစည်းလိုအပ်ပါကြောင်း၊ ၎င်းကဏ္ဍအတွက် မည်သည့်အဖွဲ့အစည်းက ဆောင်ရွက်မည်ဆိုသည်ကို ဆွေးနွေးပေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆွေးနွေးရမည့် ကဏ္ဍတစ်ခုချင်းအလိုက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက အကြံပြုတင်ပြဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

လူစီးမော်တော်ယာဉ်များအတွက် ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ နှုန်းထားများ ဖြေလျှော့သတ်မှတ်ကြောင်း အသိပေးကြေညာခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် COVID-19 ကြောင့် ဖြစ်ပေါ်လာသော စီးပွားရေးကျဆင်းမှုများကို ကုစားသည့်အနေဖြင့် လူစီးမော်တော်ယာဉ်များအတွက် မူလတန်ဖိုး (FOB)အပေါ် ကောက်ခံလျက်ရှိသည့် ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခနှုန်းထားများကို ၇-၈-၂၀၂၀ ရက်(သောကြာနေ့)မှ စတင်၍ အောက်ပါနှုန်းထားများအတိုင်း လျှော့ချကောက်ခံမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

စဉ်	လူစီးယာဉ်အမျိုးအစား	လက်ရှိကောက်ခံသည့်နှုန်း	လျှော့ချကောက်ခံသည့်နှုန်း
(က)	စက်စွမ်းအား ၁၃၅၀ စီစီ နှင့် အောက်	၃၀ %	၁၅ %
(ခ)	စက်စွမ်းအား ၁၃၅၁ စီစီမှ ၂၀၀၀ စီစီအထိ	၅၀ %	၂၅ %
(ဂ)	စက်စွမ်းအား၂၀၀၁ စီစီမှ ၅၀၀၀ စီစီအထိ	၈၀ %	၄၀ %
(ဃ)	စက်စွမ်းအား ၅၀၀၁ စီစီ နှင့်အထက်	၁၂၀ %	၆၀ %

၂။ အသေးစိတ်ထပ်မံသိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်-

(က) ညွှန်ကြားရေးမှူး(မော်တော်ယာဉ်မှတ်ပုံတင်ဌာန) - ၀၆၇-၃၄၀၅၁၄

(ခ) ဒုတိယညွှန်ကြားရေးမှူး(မော်တော်ယာဉ်မှတ်ပုံတင်ဌာန) - ၀၆၇-၃၄၀၅၀၃၈

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

✪ *ကျောဖုံးမှ*

ဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ပေဝက်ခန့်, ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဝန်မြစ်ရေသည် သာပေါင်းမြို့တွင် တစ်လက်မခွဲခန့်, ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း လေးလက်မခန့်, ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဆိပ်သာ၊ ဟသံတာ၊ ဇလွန်၊ ငါးသိုင်းချောင်းနှင့် သာပေါင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

မြဝတီမြို့ မြန်မာ-ထိုင်းအမှတ် (၂) ချစ်ကြည်ရေးတံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၁၀၄၄ ဦး ဆက်လက်ဝင်ရောက်

မြဝတီ သြဂုတ် ၆

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၁၀၄၄ ဦးသည် မြဝတီမြို့ မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့ ဆက်လက် ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကရင်ပြည်နယ် လွတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသောလိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများ အနေဖြင့် မေ ၁ ရက်မှ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ၃၁ ရက်အထိ ၁၈၅၉၇ ဦး၊ သြဂုတ် ၁ ရက်မှ ၆ ရက်အထိ ၄၂၅၆ ဦး စုစုပေါင်း ၅၉၈၇၁ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အမျိုးသား ၅၃၅ ဦး၊ အမျိုးသမီး ၅၀၉ ဦး စုစုပေါင်း ၁၀၄၄ ဦးဖြစ်ပြီး သက်ဆိုင်ရာ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ထိန်လင်းအောင် (ပြန်/ဆက်)

❍ *ကျောဖုံးမှ*

ပြောင်းရွှေ့ရောက်ရှိခဲ့သူဖြစ်သည်။ ၎င်းသည် ရီးရဲမက်ဒရစ်အသင်းနှင့်အတူ ချန်ပီယံလိဂ်ဖလား လေးကြိမ်ရရှိရာတွင် ၂၀၁၄ ခုနှစ် ချန်ပီယံလိဂ်ဖိုင်နယ်တွင် အက်သလက်တီကို မက်ဒရစ်အသင်းဘက်သို့ ၁၁၀ မိနစ်တွင် ဂိုးသွင်းယူနိုင်ခဲ့သကဲ့သို့ ၂၀၁၆ ခုနှစ် ချန်ပီယံလိဂ်ဖိုင်နယ်တွင်လည်း အက်သလက်တီကို မက်ဒရစ်အသင်းကို ပယ်နယ်တီမှတစ်ဆင့် ဂိုးသွင်းယူနိုင်ခဲ့ပြီး ၂၀၁၈ ခုနှစ် ချန်ပီယံလိဂ်ဖိုင်နယ် လီဗာပူးအသင်းနှင့်ပွဲစဉ်တွင်လည်း ပွဲကစားချိန် ၆၄ မိနစ်နှင့် ၈၃ မိနစ်တို့တွင် နှစ်ဂိုးသွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

သို့သော်လည်း ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် တရုတ်စူပါလိဂ်ကလပ်သို့ တစ်ပတ် ပေါင်တစ်သန်းဝန်းကျင်ဖြင့် ပြောင်းရွှေ့ရန် ဆုံးဖြတ်ထားရာ ရီးရဲမက်ဒရစ်အသင်းက ၎င်းအတွက် ပြောင်းရွှေ့ကြေးတောင်းဆိုရာ အဆင်မပြေဖြစ်သောကြောင့် အပြောင်းအရွှေ့မှာ အထမမြောက်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ ၎င်းသည် ရီးရဲမက်ဒရစ်အသင်းအတွက် ၂၀၁၉-၂၀၂၀ ရာသီတွင် ပြိုင်ပွဲစုံ ၁၄ ပွဲသာ ပွဲထွက်ကစားခွင့်ရရှိထားကြောင်း သိရသည်။

ဘေးလ်သည် ရီးရဲမက်ဒရစ်အသင်းသို့ ၂၀၁၃ ခုနှစ်တွင် ရောက်ရှိလာသူဖြစ်ကာ ပြိုင်ပွဲအရပ်ရပ် ၂၅၁ ပွဲပါဝင်ကစားထားကာ ၁၀၅ ဂိုး သွင်းယူပေးထားနိုင်ပြီး အသင်းနှင့်အတူ ဆုဖလားများစွာ ဆွတ်ခူးရရှိထားသူဖြစ်သည်။ ၎င်းသည် ၂၀၁၆-၂၀၁၇ ခုနှစ်နှင့် ၂၀၁၉-၂၀၂၀ ပြည့်နှစ်တို့တွင် ရီးရဲမက်ဒရစ်အသင်းနှင့်အတူ လာလီဂါအမှတ်ပေးဖလားကို ဆွတ်ခူးထားသူဖြစ်သည်။ ကိုပါဒယ်ရေးဖလားကို ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ဆွတ်ခူးထားသည်။ ထို့အပြင် ချန်ပီယံလိဂ်ဖလားကိုလည်း ၂၀၁၃-၂၀၁၄ ခုနှစ်၊ ၂၀၁၅-၂၀၁၆ ခုနှစ်၊ ၂၀၁၆-၂၀၁၇ ခုနှစ်နှင့် ၂၀၁၇-၂၀၁၈ ခုနှစ်တို့တွင် ဆွတ်ခူးရရှိထားသည်။ ဖီဖာကလပ်ကမ္ဘာ့ဖလားကို ၂၀၁၄ ခုနှစ်၊ ၂၀၁၅-၂၀၁၆ ခုနှစ်၊ ၂၀၁၈-၂၀၁၉ ခုနှစ်၊ ၂၀၁၆-၂၀၁၇ ခုနှစ်နှင့် ၂၀၁၈-၂၀၁၉ ခုနှစ်တို့တွင် ဆွတ်ခူးရရှိထားသူဖြစ်သည်။ ယူအီးအက်ဖ်အေ စူပါဖလားကိုလည်း ၂၀၁၄ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင် ရရှိထားသည်။

အောင်ဇော်

ကလေးမြို့နယ် ရာဇဂြိုဟ်ကျေးရွာတွင် နတ်မြောင်းချောင်း တာရိုးကျိုးပေါက်မှုကြောင့် လယ်ဧက ၂၀၀ ကျော်ပျက်စီး

ကလေး သြဂုတ် ၆

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ရာဇဂြိုဟ်ကျေးရွာအနီးရှိ နတ်မြောင်းချောင်းတာရိုးသည် သုံးရက်ခန့် မိုးဆက်တိုက်ရွာသွန်းမှုကြောင့် ချောင်းရေကြီးပြီး သြဂုတ် ၅ ရက် ည ၉ နာရီခန့်က ချောင်းတာရိုးကျိုးပေါက်မှုဖြစ်ရာ စိုက်ပျိုးပြီးလယ်မြေဧက ၂၀၀ ကျော် ပျက်စီးခဲ့ကြောင်း သိရသည်။

ကျိုးပေါက်ခဲ့

နတ်မြောင်းချောင်းတာရိုးကို ကျေးရွာတောင်သူများ စိုက်ပျိုးရေရရှိရေးအတွက် မိုးမကျမီ ပြန်လည်တူးဖော်ဆောင်ရွက်ပေးခဲ့ပြီး တာရိုးအရှည်သည် ပေ ၁၀၀၀၀ ကျော်ရှိကာ တာရိုးအောက်ဘက်ရှိ ပေ ၈၀၀၀ ခန့်နေရာတွင် ကျိုးပေါက်ခဲ့ခြင်းဖြစ်ကြောင်း ရာဇဂြိုဟ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမြင့်ကြေက ပြောကြားသည်။

ပျက်စီးမှုများနှင့်ကြုံတွေ့

"ဒီနှစ် နတ်မြောင်းချောင်း တာရိုးကျိုးသွားတာကြောင့် ကျွန်တော့်မှာရှိတဲ့ လယ်ဧက ၃၀ မှာ ၁၀ ဧက ကျော်လောက် ပျက်စီးသွားပါတယ်။ ကျန်တဲ့ ဧက ၂၀ ကိုတော့ မိုးတွင်းရေကြီးရေလျှံမှာ စိုးရိမ်တာကြောင့် မစိုက်ပျိုးဖြစ်ပါဘူး။ အရင်နှစ်ကလည်း ရှစ်ဧကကျော်လောက်ပဲစိုက်ခဲ့တာ ရှစ်ဧကစလုံး ပျက်စီးမှုနဲ့ ကြုံခဲ့ရပါတယ်"ဟု ဒေသခံလယ်ယာစိုက်ပျိုးရေးလုပ်ကိုင်သူ ဦးဆန္ဒက ပြောကြားသည်။

အဆိုပါ နတ်မြောင်းချောင်းသည် တောင်ကျချောင်းရေဖြစ်ပြီး မိုးရာသီကာလတွင် ရေစီးသန်မှုကြောင့် ယခင်နှစ်များကလည်း တာရိုးကျိုးပေါက်မှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ထန်းဖုန်(ပြန်/ဆက်)

ရှမ်းအရှေ့မှာ လျှပ်စစ်ဖြင့် အောင်စည်ရွှမ်းပေရော့

မောင်လွမ်းနီ(ရေစကြို)

ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့မှ ကားလမ်းအတိုင်း အရှေ့ဘက်သို့ ဆက်လက်ထွက်ခွာလျှင် ခိုလမ်၊ ကွန်ဟိန်း၊ ကာလိ စသည့်မြို့များကို ဖြတ်ကျော်ပြီး သည့်အခါ တာကော်သို့ ရောက်ပါသည်။ တာကော် တံတားကြီးအောက်မှ တသွင်သွင် စီးဆင်းနေသော လှပသန့်စင်သည့် မြစ်သံလွင်ကိုလည်း မြင်နိုင်ပါပြီ။ မြစ်သံလွင်၏ ဟိုမှာဘက်ကမ်းသည်ကား ရှမ်းပြည်နယ် အရှေ့ပိုင်း၏ အဝင်တံခါးဝတည်း။

နမ့်စန်မှ တာကော်အထိ မြေမျက်နှာပြင်မှာ အများအားဖြင့် မြေပြန့်လွင်ပြင်များသာဖြစ်သည်။ အနည်းငယ်သော တောင်ကုန်းတောင်တန်းကလေးများသာ ရှိ၏။ တာကော်တံတား၏ တစ်ဖက်ကမ်း ရှမ်းပြည်နယ် အရှေ့ပိုင်းသို့ စတင်ဝင်ရောက်သည်နှင့် မြင့်မား မတ်စောက်လှသော တောင်ကုန်းတောင်တန်းများကို စတင်ဖြတ်သန်းရတော့သည်။ တောင်ကုန်းတောင်တန်းများနှင့်အတူ နက်ရှိုင်းလှသော ချောက်ကမ်းပါးများ၊ စိမ်းညို့ညို့ သစ်တောကြီးများ၊ ဟိုမှသည်မှ စီဆင်းနေကြသော စမ်းချောင်းကလေးများ၊ သင်းပျံ့သော တောပန်းရနံ့တို့ ထုံမွှမ်းလျက် ရှုမဆုံးတော့သော ရှမ်းကုန်းမြေမြင့်သဘာဝကြီးနှင့်အတူ မိုင်းပျဉ်းမြို့ ကလေးက ကြိုဆိုနေပါလိမ့်မည်။

သာယာလှပသည့် မိုင်းပျဉ်းမြို့

မြို့အနီး စီးဆင်းနေသော နမ့်ပင်းချောင်းသည် တောင်မှ မြောက်သို့ ပြောင်းပြန်စီးဆင်းနေခြင်းကို အကြောင်းပြု၍ “ မိုင်းပင်း” ဟုခေါ်ဆိုလာခဲ့ရာမှ ကာလ ရွှေ့လျားလာသော် “ မိုင်းပျဉ်း” ဖြစ်လာသည့် ဤမြို့ကလေးသည် သာယာလှပပါပေ၏။ အရှေ့ဘက်တွင် ကျိုင်းတုံမြို့နယ်၊ တောင်ဘက်တွင် မိုင်းဆတ်မြို့နယ်နှင့် မိုင်းတုံမြို့နယ်၊ အနောက်ဘက်တွင် ကွန်ဟိန်းမြို့နယ်၊ မြောက်ဘက်တွင် မက်မန်းမြို့နယ်တို့နှင့် နယ်နိမိတ်ထိစပ်လျက်ရှိ၏။

မိုင်းပျဉ်းမြို့တွင် ရှမ်း၊ လားဟူ၊ ပလောင်၊ ဗမာ၊ “ဝ” လွယ်လ၊ အာခါ၊ လီရှော၊ လီဆူ၊ ကချင်၊ ကရင်၊ ရခိုင်၊ ခန့၊ အင်းသား၊ ချင်း၊ မွန်၊ ပအိုဝ်း အစရှိသည့် တိုင်းရင်းသားလူမျိုးပေါင်းစုံ အေးအတူပူအမျှ မှီတင်းနေထိုင်လျက်ရှိ၏။ အမြင့်ပေပေါင်း ၇၃၂၉ ပေရှိသော လွယ်ဆီးတောင်ကြီးက အုပ်မိုးလျက်ရှိ၏။ ကျွန်း၊ အင်ကြင်း၊ ပိတောက်၊ သစ်ရာ၊ သစ်အယ်၊ ဖန်ခါး၊ ထင်းရှူး၊ လက်ပံ၊ မိုက်ကော်၊ စွယ်တော်၊ ဝါးမျိုးစုံ ပေါက်ရောက်ရှင်သန်ကြသည့် သဘာဝအမွေများကိုလည်း ပိုင်ဆိုင်ထား၏။

စင်စစ် မိုင်းပျဉ်းမြို့နယ်သာမက ရှမ်းပြည်နယ်အရှေ့ပိုင်းတွင်ပါဝင်သည့် ကျိုင်းတုံ၊ မိုင်းတုံ၊ မိုင်းခတ်၊ မိုင်းဆတ်၊ မိုင်းယန်း၊ မိုင်းဖြတ်၊ တာချီလိတ်၊ မိုင်းလား၊ မိုင်းယောင်း အစရှိသည့် မြို့နယ်များ မြို့များအားလုံး လိုလိုပင် သဘာဝ၏အမွေအနှစ်များ၊ ချစ်ခင်မြတ်နိုးဖွယ် ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ သယံဇာတအရင်းအမြစ်များ၊ လှပနှစ်လိုဖွယ် တောတောင်ရေမြေများဖြင့် ပြည့်စုံလှပါပေသည်။

လျှပ်စစ်မီးရရှိရေး ကြိုးပမ်းဆောင်ရွက်

သို့သော်လည်း လိုအပ်ချက်တစ်ခုကား အမှန်ရှိခဲ့ပါသည်။ ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသရှိ တိုင်းရင်းသားပြည်သူများအားလုံး နှစ်ရှည်လများ လိုလားတောင့်တခဲ့ကြသည့်အရာ ရှိသည်ဟုဆိုလျှင် ယင်းသည် နိုင်ငံတော်ဓာတ်အားစနစ်မှ ပို့လွှတ်ဖြန့်ဖြူးပေးမည့် လျှပ်စစ်ဓာတ်အားဖြစ်မည်ဆိုသည်ကား မည်သူမျှ ငြင်းနိုင်မည်မဟုတ်ပေ။ အဆိုပါဒေသများတွင် ဒေသအလိုက် ဆောင်ရွက်ထားကြသော အသေးစားရေအားလျှပ်စစ်စက်များ၊ ဒီဇယ်ဓာတ်အားပေးစက်များဖြင့်သာ လျှပ်စစ်ဓာတ်အားကို ရနိုင်သမျှ သုံးစွဲနေကြရသည်။ အချိန်ပိုင်းမျှသာ ဓာတ်အားသုံးစွဲနိုင်သည်။ အလင်းရောင်ရရှိရန် အတွက်သာ အဓိကသုံးစွဲရပြီး စက်မှုလက်မှုလုပ်ငန်းများ အတွက် တွင်တွင်ကျယ်ကျယ် မရှိခဲ့ပါ။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို အပြည့်အဝဖြည့်ဆည်းပေးနိုင်ရန် အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်းအစရှိသည့် လုပ်ငန်းစဉ်ကြီးများကို ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်အောင် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ တစ်နံတစ်လျားရှိ တိုင်းရင်းသားသွေးချင်းများ မှီတင်းနေထိုင်ကြသောဒေသများအထိ လွှမ်းခြုံသော လျှပ်စစ်ဓာတ်အားစနစ်ကို ရေတိုရေရှည်စီမံကိန်းများဖြင့် ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် ရှမ်းပြည်နယ် အရှေ့ပိုင်းသည်လည်း တစ်ခုအပါအဝင် ဖြစ်ပါသည်။

နမ့်စန် – မိုင်းပျဉ်း – ကျိုင်းတုံ ဓာတ်အားလိုင်းကြိုးဆွဲလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

“၂၀၂၀ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့တွင်ကား ကျိုင်းတုံမြို့သို့ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား စတင်ရရှိခဲ့ပြီဖြစ်။ စိမ်းညို့ညို့ ရှမ်းတောင်တန်းကြီးများပေါ်မှ ဖြတ်သန်း၍ တာဝါတိုင်ပေါင်း ၆၃၇ တိုင်တို့နှင့်အတူ ငွေမျှင်ခြည်ပမာကဲ့သို့ လျှပ်စစ်ဓာတ်ကြိုးများ ယှက်သန်းကာ နမ့်စန်မှသည် ကျိုင်းတုံဆီ ရောက်ရှိခဲ့ပြီဖြစ်။ ရှမ်းပြည်နယ်အရှေ့ပိုင်း၏ လျှပ်စစ်သမိုင်းအသစ်ဟုပင် ဆိုရပါတော့မည်။ ပြည်သူလူထုအနေဖြင့် အနှစ်နှစ်အလလက မျှော်မှန်းခဲ့ရသော အိပ်မက်တို့ အမှန်တကယ်ဖြစ်လာ ”

ဓာတ်အားခွဲရုံများ အဆင့်မြှင့်တင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်းများကို Young In ကုမ္ပဏီအား လည်းကောင်း အသီးသီး လုပ်ငန်းအပ်နှံ ဆောင်ရွက်စေခဲ့ပါသည်။ စီမံကိန်းလုပ်ငန်းများအားလုံးကို တာဝန်ယူကြီးကြပ်ရန်အတွက် ဓာတ်အားပို့လွှတ်ရေးစီမံကိန်း (မြောက်ပိုင်း) အုပ်ချုပ်မှုအောက်ရှိ စီမံကိန်းမန်နေဂျာရုံးများက ဆောင်ရွက်ခဲ့ကြပါသည်။

မျှော်မှန်းထားသလောက် ခရီးမပေါက်ခဲ့

Survey တိုင်းတာခြင်း၊ အကြိုအင်ဂျင်နီယာလုပ်ငန်းများဆောင်ရွက်ခြင်း၊ ဒီဇိုင်းများရေးဆွဲခြင်း၊ ပစ္စည်းများ ဝယ်ယူခြင်း အစရှိသည့်လုပ်ငန်းများကို အစဉ်အတိုင်း ဆောင်ရွက်ကြပြီးနောက် ဓာတ်အားခွဲရုံများ၏ မြေပြင်တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၆ ခုနှစ် အောက်တိုဘာလမှ စတင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဓာတ်အားလိုင်း မြေပြင်တည်ဆောက်ရေးလုပ်ငန်းများကိုမူ ၂၀၁၈ ခုနှစ် သြဂုတ်လတွင်မှသာ စတင်နိုင်ခဲ့ပါသည်။ ဤစီမံကိန်းကြီးသည် ပမာဏကြီးမားသည့်အပြင် ခက်ခဲကြမ်းတမ်းသော မြေပြင်အနေအထားကို ဖြတ်သန်းခဲ့ရသည်။ ပစ္စည်းများ သယ်ယူပို့ဆောင်မည့် လမ်းကြောင်းတစ်လျှောက်ရှိ တံတားများ၊ လမ်းကျဉ်းများ၊ မြင့်မားမတ်စောက်သည့် တောင်ကုန်းတောင်တန်းများ၊ အခြားအကန့်အသတ်များ ကြောင့် မျှော်မှန်းထားသလောက် ခရီးမပေါက်ခဲ့။

မည်သို့ပင်ဖြစ်စေ အခက်အခဲ အတားအဆီးများကို ရင်ဆိုင်ကျော်လွှားတည်ဆောက်ခဲ့ရသော ရှမ်းအရှေ့ သမိုင်းသစ်ခရီးများကား အမှတ်တရနှင့် လွမ်းမောဖွယ် အတိဖြစ်တော့၏။

စိမ်းညို့ညို့ မင်းလွင်မှိုင်း
ရှစ်ခွင်ပိုင်း မောရှမ်းတောင်။
လျှပ်စစ်တွေ ပို့လွှတ်ကြဖို့
ကြိုးစားရအောင်။
နမ့်စန်အစ တာဝါထောင်
ရောင်နီတစ်ထောက် မိုင်းပျဉ်း။
တူးသာတီး လိုင်းပုံသွင်းမယ်
ကျိုင်းတုံကိုဆင်း။

၂၃ဝ ကေဗွီ နမ့်စန် – မိုင်းပျဉ်း – ကျိုင်းတုံ ဓာတ်အားလိုင်းကြီးသည် နမ့်စန်ပင်မဓာတ်အားခွဲရုံမှ ခရီးစ၏။ နမ့်စန်မြို့နယ်တွင် တိန်းချောင်းကို ကျော်၏။ ထိုမှတစ်ဆင့် ခိုလမ်ကိုဖြတ်သန်း၏။ ကွန်ဟိန်းမြို့နယ်တွင် နမ့်ပန်ချောင်းကိုကျော်၏။ ထိုမှတစ်ဆင့် ကာလိမြို့။ ထိုမှ တစ်ဆင့် တာကော်တွင် သံလွင်မြစ်ကို ကျော်ရပြန်၏။

ဓာတ်အားလိုင်းတစ်လျှောက် ၂ မိုင်ရှာ၊ ဆင်မောင်းရှာ၊ ၂၄ မိုင်ရှာတို့ကို ခက်ခက်ခဲခဲ ဖြတ်သန်းပြီးနောက် မိုင်းပျဉ်းတောင်ထိပ်သို့ ရောက်၏။ မိုင်းပျဉ်းတောင်ထိပ်မှ လှမ်းမျှော်ကြည့်လျှင်ကား လွင်ပြင်ကျယ်ပြန့်ပြန့်တွင် မိုင်းပျဉ်းပင်မဓာတ်အားခွဲရုံကို မြင်နိုင်ပါပြီ။ တာကော် တံတားကို လွန်ကတည်းက မြေပြင်အနေအထားမှာ ရုတ်ချည်းပြောင်းလဲသွားတော့သည်။ ကျောက်စိုင် ကျောက်သားများ အတိပြီးသော မတ်စောက်သည့် တောင်ကုန်းများပေါ်တွင် တာဝါတိုင်ချရန်နေရာကို ခက်ခက်ခဲခဲ ပြုပြင်ရသည်။ ကျောက်သားများကို ခက်ခက်ခဲခဲ တူးဖော်ရသည်။ မိုင်းများအသုံးပြု၍ ခွဲထုတ်ပြီး ဖောင်ဒေးရှင်းပြုလုပ်ခဲ့ရသည်။ ကားလမ်းရှိရာ ဘက်ကမ်းမှ ချောင်းကိုဖြတ်သန်း၍ ဖောင်ဒေးရှင်းနှင့် တိုင်ဆင်ပစ္စည်းများကို ခက်ခက်ခဲခဲ ပို့ဆောင်ခဲ့ရသည်။ သာမန်အားဖြင့် တစ်လခန့်သာ ကြာလေ့ရှိသည့် တာဝါတိုင်တစ်တိုင် ဖောင်ဒေးရှင်းအတွက် အဆိုပါနေရာတွင် လေးလခန့်ကြာသွား၏။

ကားလမ်းက ကျဉ်းသည်။ မိုးရာသီတွင် သွားရေးလာရေးပိုမိုခက်ခဲသည်။ ကြီးမားလေးလံသည့် တာဝါတိုင်များ၊ ဓာတ်အားလိုင်းပစ္စည်းများ သယ်ဆောင်သည့် ယာဉ်ကြီးများ ဖြတ်သန်းရန် မလွယ်လှပေ။ သက်တမ်းကြာမြင့်ပြီဖြစ်သော

စာမျက်နှာ ၁၁ သို့

နမ့်စန် – မိုင်းပျဉ်း – ကျိုင်းတုံ ဓာတ်အားလိုင်းကြိုးဆွဲလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။

စာမျက်နှာ ၁၀ မှ

တာကော်တံတားအား ကြံ့ခိုင်မှုအခြေအနေအရ ဝန်တင်ယာဉ်ကြီးများ၏အလေးချိန်ကို ကန့်သတ်လိုက်သည့်အခါ ပို့၍ ခက်ခဲတော့၏။ တံတားတစ်ဖက်ကမ်းတွင် ဦးစွာချ၊ ယာဉ်အငယ်များဖြင့်ကဲ့၍ တစ်ဖက်ကမ်းသို့ ပြန်သယ်ကြရ၏။ လမ်းတစ်လျှောက် လိုင်းအဖွဲ့များ စခန်းချနိုင်ရန် ရွာစဉ်ပြတ်၏။ မြေပြန့်နည်းသဖြင့် စခန်းချရန် ခက်ခဲလှ၏။

ထို့အပြင် ဒေသခံများ၏ စိုက်ခင်းများကို ဖြတ်သန်းရာတွင်လည်း အချိန်ယူ၍ ခက်ခက်ခဲခဲ ညှိနှိုင်းဆောင်ရွက်ခဲ့ရသည်။ သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခွင့်၊ ဒေသမှ ရိုးရာဓလေ့အရ တန်ဖိုးထားသောနေရာများကို ဖြတ်သန်းခွင့်၊ တပ်မတော်အပါအဝင် အခြားဝန်ကြီးဌာနများ ပိုင်ဆိုင်သောဧရိယာများကို ဖြတ်သန်းတည်ဆောက်ခွင့် အစရှိသည့် ညှိနှိုင်းဖြေရှင်းရမှုများသည်လည်း တည်ဆောက်ရေးလုပ်ငန်းကဲ့သို့ပင် ခက်ခက်ခဲခဲ ရှိခဲ့ပါသည်။

ကျိုင်းတုံကို မီးလင်းစေ့မယ်လို့
ခရီးပြင်း ငါတို့နှင်
တောထဲကိုဝင်။
တစ်တောင်ကိုမြင်
တိုင်ဆင်ဖို့ တစ်လမ်းဖောက်။
မိုးအစဲမှာလ
ကြိုးဆွဲမယ် ညီနောင်သဘင်ရဲ့
ဒီတောင်တစ်ခွင်မှာ မိုးမကျခင်ဖြင့်
ထိုးကြွကြွ မင်ပန်းချီပမာပေါ့
စဉ်ညီညာ တာဝါတွေ ဆက်ဆက်ပြီးအောင်လို့
ကိုင်း...သွက်သွက်ကြီးဆောက်။

မိုင်းပျဉ်းကို လွန်သော် ကျိုင်းတုံသို့ ဆက်ရပါသည်။ ပန်တာလေရွာ၊ ခမ်းပေါ့ရွာ၊ နောင်ချိုရွာ၊ တုံတာမြို့၊ တောင်ခြေရွာတို့ကို ကျော်ဖြတ်ပြီးနောက် (ဒေသအခေါ်) စပါယ်ရှယ်တောင်ကြီးကို ဖြတ်သန်းရပါတော့သည်။ အမြင့်ပေ ၆၀၀၀ ကျော်ရှိသော စပါယ်ရှယ်တောင်၊ ရင်ကွဲတောင်များကို ခက်ခက်ခဲခဲ ကျော်လွှားပြီးနောက် ပန်ကြူရွာ၊ တံတားဖြူရွာအလွန်တွင် ကျိုင်းတုံမြို့အဝင်ချောင်းကို ဖြတ်သန်းပြီး ကျိုင်းတုံဓာတ်အားခွဲရုံသို့ ရောက်ရှိပါတော့သည်။

စည်ကားသာယာသော ကျိုင်းတုံမြို့

ကဿပမြတ်စွာဘုရား လက်ထက်မှစ၍ သမိုင်းကြောင်း အတီတေရှိခဲ့သော ကျိုင်းတုံမြို့သည် အလွန်စည်ကားသာယာရှိလှပါသည်။ အရှေ့ဘက်တွင် မိုင်းယောင်းမြို့နယ်၊ တောင်ဘက်တွင် မိုင်းဖြတ် မြို့နယ်၊ အနောက်ဘက်တွင် တုံတာမြို့နယ်နှင့် မိုင်းပျဉ်းမြို့နယ်၊ မြောက်ဘက်တွင် မိုင်းခတ်မြို့နယ်နှင့် မိုင်းလားမြို့နယ် တို့တည်ရှိပါသည်။ ပေ ၅၀၀၀ မှ ၇၀၀၀ ခန့်အထိ မြင့်မားသော တောင်ထွတ်တောင်တန်းများ သွယ်ပိုက်ဆန့်တန်းလျက်ရှိပြီး ကျိုင်းတုံမြို့မှာ ပင်လယ်ရေမျက်နှာပြင်အထက် ၂၇၁၀ ပေအထက်တွင် တည်ရှိပါသည်။

ရှမ်း၊ လားဟူ၊ အာခါ လူမျိုးများအပါအဝင် တိုင်းရင်းသားပေါင်းစုံ မှီတင်းနေထိုင်ကြသော ကျိုင်းတုံမြို့တွင် ယခင်က ဌာနပိုင် နမ့်ဝုတ်(၁)၊ (၂)၊ နမ့်စိုး၊ နမ့်လပ်ရေအား လျှပ်စစ်စက်ရုံငယ်များဖြင့် မိုးရာသီတွင် လျှပ်စစ်ဓာတ်အား အပြည့်ပေးနိုင်သော်လည်း နွေရာသီတွင် တစ်နေ့လျှင် ရှစ်နာရီခန့် သာ အချိန်ပိုင်းမျှ ဓာတ်အားပေးနိုင်ခဲ့သည်။ လိုအပ်သည့်အခါများတွင် ဒီဇယ်အင်ဂျင်သုံး ဓာတ်အားပေးစက်များဖြင့်ပါ ဖြည့်ဆည်းထုတ်လုပ်ဖြန့်ဖြူးပေးခဲ့ရသည်။ အလားတူပင် မိုင်းပျဉ်းမြို့သည်လည်း ဌာနပိုင် ၅၀၀ ကေဗွီ ဒီဇယ်ဓာတ်အားပေးစက်ဖြင့် တစ်နေ့လျှင် လေးနာရီခန့်သာ ဓာတ်အားပေးနိုင်ခဲ့သည်။

မိုင်းပျဉ်း – ကျိုင်းတုံ ဓာတ်အားလိုင်း

မိုင်းပျဉ်း – ကျိုင်းတုံ ဓာတ်အားလိုင်းအပိုင်း တည်ဆောက်ရာတွင်လည်း အခက်အခဲများစွာ ရင်ဆိုင်ကြုံတွေ့ခဲ့ရ၏။ လမ်းနယ်နိမိတ်နှင့် မလွတ်ကင်းသော တာဝါတိုင်အချို့ ပြောင်းရွှေ့ပေးရခြင်း၊ သစ်ပင်များခုတ်ထွင်ရှင်းလင်းခွင့်ရရှိရေး ညှိနှိုင်းရခြင်း၊ ဒေသခံအချို့နှင့် ညှိနှိုင်းမှုများအရ ဓာတ်အားလိုင်း အူကြောင်းပြန်လည်ပြောင်းရွှေ့ပေးရခြင်း၊ တာဝါတိုင် တစ်တိုင်တည်ဆောက်ရန် ချဉ်းကပ်လမ်း တစ်လမ်းနှုန်းခန့် ဖောက်လုပ်နေရခြင်း၊ မြင့်မားမတ်စောက်သော တောင်တက်တောင်ဆင်းလမ်းများတွင် ပစ္စည်းများ ခက်ခက်ခဲခဲ ပို့ဆောင်ရခြင်းစသည်တို့ကို ခက်ခဲစွာ ကျော်လွှားခဲ့ရ၏။

ကျိုင်းအဆင်း
မိုင်းပျဉ်းကခွဲရုံ။
တက်နေခြည် နွေးလျှလျှမှာ
ဖွေးရွရွမှုံ။
ချွေးစစ ငါတို့မဖြို
ဒါဒို့ဂုဏ် ဒါဒို့သွေး။

ကျိုင်းတုံဓာတ်အားခွဲရုံကို တွေ့ရစဉ်။

ရှမ်းအရှေ့သမိုင်းသစ်ကို
ပိုင်းခြစ်လိုရေး။

မိုင်းပျဉ်းမြို့တွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော ချောင်းနံဘေးရှိ ၂၃၀ ကေဗွီ မိုင်းပျဉ်းပင်မ ဓာတ်အားခွဲရုံကြီးကား လှပရှုမောဖွယ်ရှိလှ၏။ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန၏ ပထမဆုံးသော နှစ်ထပ်ခွဲ Control Building Design ဖြင့် ကြွားကြွားဝံ့ထည်ရှိလှ၏။ တည်ဆောက်ရေးလုပ်ငန်းများမှာ ၂၀၁၉ ခုနှစ် သြဂုတ်လတွင် ပြီးစီးခဲ့သည်။ သို့သော်လည်း တာကော်တံတားကို ဖြတ်သန်း၍ ထရန်စဖော်မာကြီးများအား သယ်ယူရန်မဖြစ်နိုင်တော့သဖြင့် အစီအစဉ်ကို ပြောင်းလဲ၍ တစ်ဖက်နိုင်ငံမှ ခက်ခက်ခဲခဲ ဖြတ်ကျော်သယ်ဆောင်ခဲ့ရသည်။

မောဌာနီ ရွှေအရပ်
ခေမရဋ္ဌ ကျိုင်းတုံ။
ဖိုခုံလောက်ပုံ တောင်မြုံကြားမှာ
တိမ်ပါးတို့ခြုံ။
ရှုစမ်းကြ ပသာဒစုံ
သဘာဝအဖုံ အလှဂုဏ်မြောက်။
နောင်မကြာ တွဲစုံခရီးရောက်အောင်ပ
ခွဲရုံကြီးဆောက်။

ကျိုင်းတုံပင်မဓာတ်အားခွဲရုံကြီး

ကျိုင်းတုံ – လွယ်မွေ ကားလမ်းဘေးရှိ ၂၃၀ ကေဗွီ ကျိုင်းတုံပင်မဓာတ်အားခွဲရုံကြီးကား ရင်သပ်ရှုမောမဆုံး လှပတင့်တယ်စွာ တည်ရှိနေပေပြီ။ ၂၀၁စခုနှစ် နိုဝင်ဘာလတွင် တည်ဆောက်ပြီးစီးခဲ့သည့် ကျိုင်းတုံဓာတ်အားခွဲရုံကြီးသည် သဘာဝ၏ အလှအပများနှင့် လူတို့ဖန်တီးအပ်သောအလှအပတို့ ပေါင်းဆုံ၍ လှချင်တိုင်းလှနေပေသည်။

ဆိုခဲ့သည့်အတိုင်း ၂၃၀ ကေဗွီ နမ့်စန် – မိုင်းပျဉ်း – ကျိုင်းတုံဓာတ်အားလိုင်းကြီးတည်ဆောက်ရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများစွာကို ကြုံတွေ့ခဲ့ရပါသည်။ အထူးသဖြင့် တောင်ကုန်းတောင်တန်းများပြားလှသော တာကော်–မိုင်းပျဉ်း – ကျိုင်းတုံအပိုင်းမှာ အခက်ခဲဆုံး ဖြစ်သည်။ စီမံကိန်းလျာထားချက်အရ ၂၀၁၉ ခုနှစ် ဧပြီလတွင် ပြီးစီးရမည်ဆိုသော်လည်း အခက်အခဲများကြောင့် နှောင့်နှေးခဲ့ရသည်။ မည်သို့ပင်ဖြစ်စေ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ရှမ်းပြည်နယ် အရှေ့ပိုင်းရှိ ပြည်သူလူထုထံသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေးအတွက် ရည်မှန်းချက်ကို မျက်ခြည်ပြတ်မခံခဲ့ပါ။ အားနည်းချက်၊ အားသာချက်များကို ခြုံငုံသုံးသပ်၍ စီမံကိန်းကြီးအမြန်ဆုံးပြီးမြောက်ရေးကို နည်းလမ်းမျိုးစုံ ကြံဆဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ရှမ်းအရှေ့သမိုင်းသစ်ကို
ပိုင်းခြစ်လိုရေး။

မိုင်းပျဉ်းမြို့တွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော ချောင်းနံဘေးရှိ ၂၃၀ ကေဗွီ မိုင်းပျဉ်းပင်မ ဓာတ်အားခွဲရုံကြီးကား လှပရှုမောဖွယ်ရှိလှ၏။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ပထမဆုံးသော နှစ်ထပ်ခွဲ Control Building Design ဖြင့် ကြွားကြွားဝံ့ထည်ရှိလှ၏။ တည်ဆောက်ရေးလုပ်ငန်းများမှာ ၂၀၁၉ ခုနှစ် သြဂုတ်လတွင် ပြီးစီးခဲ့သည်။ သို့သော်လည်း တာကော်တံတားကို ဖြတ်သန်း၍ ထရန်စဖော်မာကြီးများအား သယ်ယူရန်မဖြစ်နိုင်တော့သဖြင့် အစီအစဉ်ကို ပြောင်းလဲ၍ တစ်ဖက်နိုင်ငံမှ ခက်ခက်ခဲခဲ ဖြတ်ကျော်သယ်ဆောင်ခဲ့ရသည်။

ရှမ်းအရှေ့မှာ လျှပ်စစ်ဖြင့် အောင်စည်ရွှမ်းပေရော့
ရောင်နီသန်းပြီ။
သွေးချင်းတွေ ရွှေအိပ်မက်က
နိုးထရှင်ကြည်။
နမ့်စန်မှ သည်
မိုင်းပျဉ်းဆီ အရောက်ပို့။
မှတ်သားရစ်စေတော့
ဓာတ်အားစနစ်ဆီက
စံချိန်မီ လျှပ်စစ်စွမ်းအင်တို့
ရှမ်းတစ်ခွင်မှာ လွှမ်းဆင်သိုင်းရစ်မယ်
သမိုင်းသစ်မို့။

၂၀၂၀ ခုနှစ်၊ ဇွန်လ (၇)ရက်နေ့တွင် ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းပျဉ်းမြို့သို့ နိုင်ငံတော် ဓာတ်အားစနစ်စတင် ရောက်ရှိခဲ့ပါပြီ။ ဒေသခံပြည်သူများ ပျော်ရွှင်ကျေနပ်ကြလိမ့်မည်ဟု ယုံကြည်ပါသည်။ ဌာနအနေဖြင့်လည်း ခက်ခက်ခဲခဲ ကြိုးပမ်းဆောင်ရွက်ခဲ့ရသည့် စီမံကိန်းကြီး၏ အသီးအပွင့်တို့ကို တိုင်းရင်းသားသွေးချင်းညီနောင်များသို့ ခံစားခွင့်ရစေသည့်အတွက် အထူးပင် ကြည်နူးဝမ်းမြောက် မိပါသည်။ ခန့်ညားဝံ့ကြွားစွာပေါ်ထွန်းလာပြီဖြစ်သော ၂၃၀ ကေဗွီ ဓာတ်အားလိုင်းနှင့် မိုင်းပျဉ်း ဓာတ်အားခွဲရုံကြီးသည်ကား အမိနိုင်ငံတော်နှင့် ဒေသခံတိုင်းရင်းသားသွေးချင်းတို့အတွက် ခိုင်မြဲသောသစ္စာကြိုးများ ဖြစ်ပါစေကြောင်း ဆုတောင်းရပါ၏။

ဘာမထီ မင်းယောက်ျားတို့
စွန့်စားလို့ တည်ဆောက်သည်။
ကျိုင်းတုံကို ဓာတ်စနစ်က
လျှပ်စစ်ရောက်ပြီ။
မောမြေမြင့် ပုဗ္ဗာမဟီ
အဟုတ်သာကြည် ပျော်မည်ထင့်။
ဖော်ညွှန်းကာ တွေးဆလို့
မော်ကွန်းသာ ရေးကြရော့
အဝေးက မုဒိတာလွှင့်မယ်
(ကွယ်) ထုတိကဗျာဆင့်။

လျှပ်စစ်ဓာတ်အား စတင်ရရှိခဲ့

၂၀၂၀ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့တွင်ကား ကျိုင်းတုံမြို့သို့ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား စတင်ရရှိခဲ့ပြီဖြစ်ပါသည်။ စိမ်းညိုညို့ ရှမ်းတောင်တန်းကြီးများပေါ်မှ ဖြတ်သန်း၍ တာဝါတိုင်ပေါင်း ၆၃၇ တိုင်တို့နှင့်အတူ ငွေမျှင်ခြည်ပမာကဲ့သို့ လျှပ်စစ်ဓာတ်ကြိုးများ ယှက်သန်းကာ နမ့်စန်မှသည် ကျိုင်းတုံဆီရောက်ရှိခဲ့ပြီဖြစ်ပါသည်။ ရှမ်းပြည်နယ်အရှေ့ပိုင်း၏ လျှပ်စစ်သမိုင်းအသစ်ဟုပင် ဆိုရပါတော့မည်။ ပြည်သူလူထုအနေဖြင့် အနှစ်နှစ်အလလက မျှော်မှန်းခဲ့ရသော အိပ်မက်တို့ အမှန်တကယ် ဖြစ်လာပါပြီ။ အုံ့ဩဝမ်းမြောက်ခြင်းနှင့် အတူ ဂုဏ်ယူကြိုဆိုကြလိမ့်မည်ဟု ယုံကြည်မိပါသည်။

လွတ်လပ်ရေးရပြီးနောက် နှစ်ပေါင်း ဂျ နှစ်ခန့် အကြာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ရှမ်းပြည်နယ် အရှေ့ပိုင်းသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားကို အောင်မြင်စွာ စတင်ဖြန့်ဖြူးပေးနိုင်ခဲ့သည့် မော်ကွန်းကို ဂုဏ်ယူဝံ့ကြွားစွာ ရေးထိုးနိုင်ခဲ့ပြီဖြစ်ပါသည်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ရည်မှန်းချက်နှင့်အညီ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် တစ်နိုင်ငံလုံး၏ ဓာတ်အားသုံးစွဲမှု ၅၀ ရာခိုင်နှုန်းပြည့်မြောက်အောင် စွမ်းဆောင်နိုင်ခဲ့ပါပြီ။ ၂၀၂၅ ခုနှစ်တွင် ၇၅ ရာခိုင်နှုန်း အထိလည်းကောင်း၊ သက္ကရာဇ် ၂၀၃၀ တွင် ရာနှုန်းပြည့် လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရေးအတွက် လည်းကောင်း ချမှတ်ထားသည့် ရည်မှန်းချက်အတိုင်း မမှိတ်မသုန် ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။ မိုင်းပျဉ်း၊ ကျိုင်းတုံတို့နည်းတူ ရှမ်းပြည်နယ်အရှေ့ပိုင်း၌ မြို့ရွာများသည်လည်း မဝေးလှသော အနာဂတ်တွင် နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားများကို ရရှိခံစားရတော့မည်မှာ အမှန်ပင်ဖြစ်ပါ၏။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့်လည်း နိုင်ငံတော်၏ စေတနာမှန်ကို နားလည်သဘောပေါက်ကြပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ တည်ဆောက်ပြီးစီးခဲ့သည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများကို ဝိုင်းဝန်းထိန်းသိမ်းကြပါရန် လည်းကောင်း၊ ဆက်လက်တည်ဆောက်မည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများအတွက် ဌာနနှင့်အတူ ဝိုင်းဝန်းကူညီဆောင်ရွက်ကြပါရန် လည်းကောင်း ဝမ်းသာကြည်နူးစိတ်ဖြင့် ဖော်ညွှန်းဂုဏ်ပြုရေးသားအပ်ပါသည်။ ။

ဦးစောဒေးဗစ်နှင့် ဦးဝေထွန်းတို့အား အလုပ်နှင့်ထောင်ဒဏ်သုံးလ အပြီးသတ် အမိန့်ချမှတ်

ရန်ကုန် သြဂုတ် ၆

မရမ်းကုန်းမြို့နယ် တရားရုံးတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၂၅ အရ တရားစွဲဆိုခံထားရသည့် ဦးဒေးဗစ် (ခ) စောဒေးဗစ် (ခ) ဒေးဗစ်လားနှင့် ဦးဝေထွန်းတို့အား သြဂုတ် ၆ ရက် နံနက် ၁၀ နာရီက မရမ်းကုန်းမြို့နယ်တရားရုံးသို့ (၁၅)ကြိမ်မြောက် ရုံးထုတ်ခဲ့ပြီး ယနေ့ သြဂုတ် ၆ ရက် ရုံးချိန်းတွင် ဒေသန္တရအမိန့်အရ ၃၀ (က)ဖြင့် အလုပ်နှင့်ထောင်ဒဏ်သုံးလအပြီးသတ်အမိန့်ချမှတ်ခဲ့ကြောင်း မရမ်းကုန်းမြို့နယ် မြို့တရားရုံးမှ သိရသည်။

မရမ်းကုန်းမြို့နယ် တရားရုံးသတင်းပြန်ကြားရေးအရာရှိ မြို့နယ်တရားသူကြီးမိုးဆွေက " ဒီကနေ့ ကျွန်တော်တို့ မြို့နယ်တရားရုံးရဲ့ ရာဇဝတ်ကြီးမှု အမှတ်– ၆၈၅/ ၂၀၂၀ ဦးဝေထွန်းပါ နှစ်ဦးကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၂၅ အရ တရားလို ဦးရဲ့ဝင်းအောင် စွဲဆိုထားမှုအား ချိန်းဆိုထားရှိခဲ့တာ ဖြစ်ပါတယ်။ တရားခံများဖြစ်တဲ့ ဦးဒေးဗစ် (ခ) စောဒေးဗစ် (ခ)ဒေးဗစ်လားနဲ့ ဦးဝေထွန်းတို့ကို မရမ်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ဒေသန္တရအမိန့်ကို လိုက်နာရန်ပျက်ကွက်သဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၃၀ (က)အရ အလုပ်နဲ့ ထောင်ဒဏ်သုံးလစီ ကျခံစေရန်နှင့် ချုပ်ရက်များအား ထောင်ဒဏ်မှ ထုတ်နုတ်ခံစားခွင့်ပြုကြောင်း ဖြေကြားလိုပါတယ်" ဟု သတင်းမီဒီယာအား ပြောကြားသည်။

အဆိုပါအမှုနှင့်ပတ်သက်ပြီး အမှုမစစ်ဆေးမီ Hotel Quarantine မှ မေ ၂၀ ရက်တွင် ပထမဆုံးအကြိမ် ရုံးထုတ်ခဲ့သည်။ အမှုစစ်ရဲအရာရှိမှ ရဲလုပ်ငန်းစဉ်များကျန်ရှိနေသေး၍ အင်းစိန်အကျဉ်းထောင်တွင် ချုပ်ထားရန် ချုပ်မိန့် ၁၅ ရက် တောင်းဆိုသဖြင့် တရားရုံးခွင့်ပြုချက်အရ ဇွန် ၃ ရက်တွင် စတင်စစ်ဆေးရန် ချိန်းဆိုခဲ့သည်။ တရားလိုပြသက်သေ ၁၄ ဦး တင်ပြထားရာမှ နှစ်ဦးပယ် ၁၂ ဦး စစ်ဆေးခဲ့သည်။ တရားခံဘက်မှ တင်ပြထားသော တရားခံပြသက်သေ ခြောက်ဦးအနက် ဇူလိုင် ၁၄ ရက်တွင် တရားခံပြသက်သေ သုံးဦး၊ ဇူလိုင် ၁၉ ရက်တွင် သုံးဦး အပြီးသတ်စစ်ဆေးမှုပြုလုပ်ခဲ့သည်။ ဇူလိုင် ၂၃ ရက်တွင် ရုံးချိန်းပေါင်း ၁၄ ချိန်းခံ နှစ်ဖက်ရှေ့နေများ၏ လျှောက်လဲချက်ကို အပြီးသတ်ကြားနာစစ်ဆေးကာ ရက်သတ္တာနှစ်ပတ်ကြာ ရုံးချိန်းပေါင်း ၁၅ ချိန်းကို အပြီးသတ်အမိန့်ချမှတ်ရမည်ဖြစ်ကြောင်း ချိန်းဆိုခဲ့သည်။ ဤအမှုသည် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်အရ အလျင်အမြန်ဆောင်ရွက်ရမည့် ရာဇဝတ်ကြီးမှုအဖြစ် သတ်မှတ်ထားခြင်းကြောင့် ရက်ပေါင်း ၉၀ အတွင်း အပြီးစစ်ဆေးရန် လျာထားစစ်ဆေးလျက်ရှိရာ တရားစွဲတင်ခဲ့သည့်ရက်မှ သြဂုတ် ၆ ရက် (ကြာသပတေးနေ့)အထိ ၅၈ ရက်မြောက်တွင် အပြီးသတ်အမိန့်ချမှတ်ခဲ့ခြင်း ဖြစ်ကြောင်း မှတ်တမ်းများအရ သိရသည်။

မျိုးမင်းသိန်း
(မရမ်းကုန်း)

ကိုဗစ် - ၁၉ ကြောင့် ဖိလစ်ပိုင်စီးပွားရေးကျဆင်း

မနီလာ သြဂုတ် ၆

ကိုဗစ် -၁۹ ရိုက်ခတ်မှုကြောင့် ဖိလစ်ပိုင်နိုင်ငံ၏ စီးပွားရေး ထိုးကျသွားခဲ့ကြောင်း၊ ကိုဗစ် -၁۹ ကြောင့် အသွားအလာကန့်သတ်ပိတ်ဆို့မှုများကို ပြဋ္ဌာန်းခဲ့ရကြောင်း၊ ယင်းက စီးပွားရေးကို ယိမ်းယိုင်စေခဲ့ပြီး သန်းချီအလုပ်အကိုင် ဆုံးရှုံးခဲ့ရကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုး ဂျီဒီပီသည်လည်း ဒုတိယသုံးလပတ်တွင် ၁၆ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဖိလစ်ပိုင်စာရင်းအင်းအာဏာပိုင်အဖွဲ့က ပြောကြားလိုက်သည်။

ကိုဗစ်-၁۹ကို တားဆီးရာတွင် အိမ်တွင်း၌ သာနေထိုင်ရမည့် စည်းကမ်းများကို ကာလအတော်ကြာလိုက်နာရသည့်အတွက် ယင်းကကမ္ဘာနှင့်အဝန်း စီးပွားရေးကျဆင်းမှုကို ဖြစ်ပေါ်စေခဲ့သည်။

ပထမသုံးလပတ်တွင် စီးပွားရေး ၀ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီးနောက် ဆယ်စုနှစ်သုံးခုအတွင်း အဆိုးရွားဆုံး စီးပွားရေးကျဆင်းမှု ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

စီးပွားရေးချည့်နဲ့စေသည့် ကန့်သတ်ပိတ်ဆို့မှုများကို ဖြေလျှော့ပေးလိုက်ချိန်တွင် ကိုဗစ်-၁۹ ကူးစက်ပျံ့နှံ့မှုသည် ယခုသီတင်းပတ်အတွင်း ၁၁၅၀၀၀ ကျော်လွန်လာသည့် အတွက် ဇွန်လ အစောပိုင်းကထက် ငါးဆထက်မနည်း မြင့်တက်လာခဲ့သည်။

ကပ်ရောဂါနှင့် ၎င်း၏ ဆိုးကျိုးများက စီးပွားရေးကို ဘယ်တုန်းကမှ မစမ်းသပ်သည့် ပုံစံမျိုးဖြင့် စမ်းသပ်ခဲ့ကြောင်း လူမှုစီးပွားစီမံကိန်းရေးဆွဲရေး ခေတ္တအတွင်းရေးမှူးချုပ် ကားလ်ချူဟွာက ပြောကြားလိုက်သည်။

အေအက်ဖ်ပီ

ဖိလစ်ပိုင်နိုင်ငံရှိ စျေးတစ်ခုတွင် စျေးဝယ်သူများ ဝယ်ယူနေကြစဉ်။

ဘေရွတ်ဆိပ်ကမ်းတွင် ပေါက်ကွဲမှုအကြီးအကျယ် ဖြစ်ပွားခဲ့ပြီးနောက် အီရန်နိုင်ငံက လက်ဘနွန်နိုင်ငံကို ထောက်ပံ့မှုများ စတင်ပို့ဆောင်

တီဟီရန် သြဂုတ် ၆

ဘေရွတ်ဆိပ်ကမ်းတွင် အကြီးအကျယ် ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အီရန်နိုင်ငံသည် လက်ဘနွန်နိုင်ငံကို အစားအစာ၊ ဆေးဝါးများနှင့် ဆေးဘက်ဆိုင်ရာ အသုံးအဆောင်များ စတင်ပို့ဆောင်နေပြီဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

အီရန်ကြက်ခြေနီအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ မိုဟာမက်နာဆရီက ကိုးတန်အလေးချိန်ရှိသည့် အစားအစာအထုပ်ပေါင်း ၂၀၀၀ ကို ဆေးများ၊ ဆေးဘက်ဆိုင်ရာ အသုံးအဆောင် ပစ္စည်းများနှင့် အတူ လက်ဘနွန်သို့ စတင်ပို့ဆောင်နေပြီဖြစ်ကြောင်း ပြောကြားလိုက်သည်။

ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ချက်ချင်းပို့ဆောင်ခဲ့သော အီရန် အကူအညီပစ္စည်းများ ပို့ဆောင်ပြီးနောက် ကုန်တင်လေယာဉ် နှစ်စင်းဖြင့် ဆက်လက်ပို့ဆောင်မည့် ပစ္စည်းများသည် ဘေရွတ်သို့ လာမည့် ဗုဒ္ဓဟူးနေ့တွင် ရောက်ရှိမည်ဟု မျှော်လင့်ရသည်။

ထောက်ပံ့ပစ္စည်းများနှင့် အတူ ဆေးဘက်ဆိုင်ရာ ၂၂ ဦးပါအဖွဲ့ လက်ဘနွန်ကို ထွက်ခွာသွားပြီ ဖြစ်ကြောင်း နာဆရီက ပြောကြားလိုက်သည်။

အဆိုပါအဖွဲ့သည် လက်ဘနွန်တွင် အလျင်အမြန်ဖြန့်ကြက်ကူသမှ ဆေးရုံများကို တည်ဆောက်မည် ဖြစ်သည်။

ဘေရွတ်တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် လက်ဘနွန်သို့ လူသားချင်းဆိုင်ရာ စာနာနားလည်မှု မည်သည့်အကူအညီမဆို ပေးအပ်နိုင်ကြောင်း အီရန်အရာရှိများက ပြောကြားထားသည်။

အဆိုပါ ပေါက်ကွဲမှုကြောင့် လူပေါင်း ၁၀၀ ထက်မနည်း သေဆုံးခဲ့ပြီး ထောင်ချီဒဏ်ရာရရှိခဲ့သည်။ ထို့အတူ ဗုံးပေါက်ကွဲမှုဖြစ်ပွားသည့် နေရာတွင်လည်း အကြီးအကျယ် ပျက်စီးမှုများ ဖြစ်ပွားခဲ့သည်။

ပေါက်ကွဲသည့် အကြောင်းရင်းကို မသိရသေးသော်လည်း လက်ဘနွန် ပြည်ထဲရေးဝန်ကြီး မိုဟာမက် ဖာဓိက ပေါက်ကွဲစေတတ်သော ပစ္စည်းများကို သိုလှောင်ခြင်းကလည်း ယခုလို အကြီးစားပေါက်ကွဲမှုကို ဖြစ်ပေါ်စေနိုင်ကြောင်း ပြောကြားလိုက်သည်။

ဆင်ဟွာ

လက်ဘနွန်နိုင်ငံသို့ ပို့ဆောင်ပေးသည့် ထောက်ပံ့ပစ္စည်းများကို တွေ့ရစဉ်။

တိုကျို့တွင် ကိုဗစ် - ၁၉ ထပ်မံကူးစက်ခံရသူ ၃၆၀ ထပ်တိုး

တိုကျို သြဂုတ် ၆

တိုကျိုတွင် ကိုဗစ် - ၁۹ အသစ်ထပ်မံကူးစက်ခံရသူပေါင်း ၃၆၀ ရှိလာကြောင်း မြို့တော်အာဏာပိုင်များက သြဂုတ် ၆ ရက်တွင် အတည်ပြုပြောကြားလိုက်သည်။

တိုကျိုအာဏာပိုင်များက ၁၀ ရက်ဆက်တိုက် နေ့စဉ် ကိုဗစ် - ၁۹ ကူးစက်ခံရသူ ၂၀၀ ကျော်လွန်လာကြောင်း ပြောကြားသည်။ ယခုအချိန်အထိ တိုကျိုတွင် ကိုဗစ် - ၁۹ ကူးစက်ခံရသူအရေအတွက် ၁၄၆၄၅ ဦးရှိလာကြောင်း သိရသည်။ ဂျပန်ခရိုင်အုပ်ချုပ်ရေးမှူးအများစုက ကိုဗစ် -၁۹ ကူးစက်ပျံ့နှံ့မှုကို တားဆီးရန် ထိရောက်ပြင်းထန်သည့် ဆောင်ရွက်ချက်များ ချမှတ်လုပ်ဆောင်လျက်ရှိသည်။ ဂျပန်နိုင်ငံတစ်ဝန်းလုံးတွင် တိုကျိုသည် ကိုဗစ် - ၁۹ ကူးစက်မှု အမြင့်ဆုံးဖြစ်ပွားသော မြို့တစ်မြို့ဖြစ်သည်။

သြဂုတ် ၅ ရက်အထိ ကိုးရက်ဆက်တိုက် ကိုဗစ်- ၁۹ ကူးစက်ဖြစ်ပွားသူ ၂၀၀ ကျော်ရှိလာခဲ့ကြောင်း သိရသည်။ အဖျော်ယမကာများရောင်းချသည့် ဆိုင်များကို စောစောပိတ်ရန်လည်း သက်ဆိုင်ရာအရာရှိများက တိုက်တွန်းပြောကြားလျက်ရှိသည်။

ဂျပန်နိုင်ငံအလယ်ပိုင်း အိုင်ချီခရိုင်တွင် ကိုဗစ်- ၁۹ အသစ်ထပ်မံဖြစ်ပွားသူပေါင်း ၁၅၀ ခန့် ရှိခဲ့သည်။ အုပ်ချုပ်ရေးမှူးအိုမူရာက ၎င်းအနေဖြင့် ၎င်း၏ခရိုင်တွင် ကိုဗစ်- ၁۹ ကူးစက်မှု ဒုတိယလှိုင်းကို ကျော်လွှားရန် ကိုယ်ပိုင်အရေးပေါ် ကြေညာချက်ထုတ်ပြန်ရန် စီစဉ်လျက်ရှိသည်။

အဆိုပါကြေညာချက်သည် သြဂုတ် ၆ ရက်မှ ၂၄ ရက်အထိ အကျုံးဝင်မည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် သူက ဒေသခံများကို မလိုအပ်ဘဲ အပြင်မထွက်ကြရန်နှင့် အထူးသဖြင့် ရှေ့သီတင်းပတ်တွင် ပြုလုပ်မည့် ဘွန်အားလပ်ရက်များတွင် အပြင်မထွက်ကြရန် တိုက်တွန်းထားသည်။

ထို့အတူ ဂျပန်နိုင်ငံအနောက်ပိုင်းခရိုင်များဖြစ်သည့် ဖုကူအိုကာတွင် အုပ်ချုပ်ရေးမှူး အိုဂျ်ဝါဟီရိုရှိက ကိုဗစ်- ၁۹ ဆောင်ရွက်ချက်များ လိုက်ပါလုပ်ဆောင်ရန် ပျက်ကွက်ပါက စားသောက်ဆိုင်များနှင့် ကာရာအိုကေဆိုင်များကို ပိတ်ထားရန် ညွှန်ကြားထားကြောင်း သိရသည်။

အင်နိုအိတ်ချ်ကေ

နျူကလီးယားလက်နက်ဖျက်သိမ်းရေးတွင် တရုတ်ပါဝင်ရန် အမေရိကန်မျှော်လင့်

ဝါရှင်တန် သြဂုတ် ၆

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက တရုတ်နိုင်ငံအနေဖြင့် အမေရိကန်ပြည်ထောင်စုနှင့် ရုရှားနိုင်ငံတို့နှင့် နျူကလီးယားလက်နက်ဖျက်သိမ်းရေးဆွေးနွေးမှုတွင် ပါဝင်နိုင်မည်ဟု မျှော်လင့်ကြောင်း ပြောကြားလိုက်သည်။

ပွန်ပီအိုက သတင်းထောက်များကို အမေရိကန် နျူကလီးယားဖျက်သိမ်းရေးဆွေးနွေးမှုနှင့် ပတ်သက်ပြီး သြဂုတ် ၄ ရက်က ပြောကြားရာတွင် ယခုလသည် ဂျပန်နိုင်ငံ မြို့တော်များဖြစ်သည့် ဟီရိုရှီးမားနှင့် နာဂါဆာကီတို့ အဏုမြူဗုံး ဒဏ်ခံရသည့် (၇၅) နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်ကြောင်း ထည့်သွင်းပြောကြားလိုက်သည်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏ အရေးကြီးဆုံးထိပ်တန်း ကိစ္စတစ်ခုသည် နျူကလီးယားလက်နက်ကြောင့် ကမ္ဘာကြီးတွင် အလွန်ဆိုးရွားသည့်နေ့ မရှိရေးပင်ဖြစ်ကြောင်း ပွန်ပီအိုက ပြောကြားလိုက်သည်။

ပွန်ပီအိုက အမေရိကန်၊ ရုရှားနှင့် တရုတ်နိုင်ငံ တို့သည် နျူကလီးယားအင်အားကြီးနိုင်ငံ သုံးနိုင်ငံဖြစ်ကြောင်း၊ ထို့ကြောင့် ပိုပြီးတည်ငြိမ်သည့် မဟာဗျူဟာအခြေအနေတစ်ရပ်ကို ဖန်တီးရေးသည် အလွန်အရေးကြီးကြောင်း ပြောကြားလိုက်သည်။ အမေရိကန်အစိုးရအနေဖြင့် တရုတ်ပါဝင်လာမည်ဟု မျှော်လင့်ကြောင်း ပွန်ပီအိုက ပြောကြားသည်။

အင်နိုအိတ်ချ်ကေ

အရှေ့တောင်အာရှရှိ လူသန်းချီ ရေဘေး ဒုက္ခရောက်နေကြောင်း နိုင်ငံတကာကြက်ခြေနီအဖွဲ့ပြော

ဒါကာ သြဂုတ် ၆

မိုးရာသီရေကြီးရေလျှံမှုများက ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့် နီပေါနိုင်ငံအပါအဝင် အရှေ့တောင်အာရှရှိ လူသန်းချီ တို့၏လူနေမှုဘဝကို ခြိမ်းခြောက်လျက်ရှိကြောင်းနှင့် အသက်သေဆုံးမှုဖြစ်စေနိုင်သော ရောဂါဆိုးများ ပိုမိုဖြစ်ပွားလာနိုင်သလို ကိုဗစ်-၁۹ ကပ်ရောဂါကလည်း လတ်တလောတွင် ကူးစက်ပျံ့နှံ့လျက်ရှိကြောင်း နိုင်ငံတကာကြက်ခြေနီအဖွဲ့က သြဂုတ် ၆ ရက်တွင် သတိပေးပြောကြားထားသည်။

အစိုးရ၏သတင်းအချက်အလက်များကို ကိုးကား၍ နိုင်ငံတကာကြက်ခြေနီအဖွဲ့က အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် နီပေါနိုင်ငံတို့တွင် ယခုအချိန်အထိ လူပေါင်း ၁၇ ဒသမ ၅ သန်း ရေဘေးဒုက္ခရောက်နေသလို လူပေါင်း ၆၃၀ ကျော် သေဆုံးလျက်ရှိကြောင်း ဖော်ပြလိုက်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ထက်ဝက်ခန့်ရေအောက်တွင် နစ်မြုပ်နိုင်ပြီး မိသားစု တစ်သန်းနီးပါး လမ်းခုလတ်တွင် သောင်တင်၍ ဒုက္ခရောက်နိုင်ကြောင်း နိုင်ငံတကာကြက်ခြေနီအဖွဲ့က ပြောကြားလိုက်သည်။ နီပေါနိုင်ငံတွင် ရေကြီးမှုနှင့်မြေပြိုမှုများကြောင့် လူပေါင်း ၂၀၀ နီးပါး သေဆုံးခြင်းသို့မဟုတ် ပျောက်ဆုံးခြင်းများနှင့် ကြုံတွေ့နိုင်ကြောင်း အဆိုပါအဖွဲ့က ဆက်လက်ပြောကြားလိုက်သည်။ အိန္ဒိယနိုင်ငံတွင်လည်း လူ ၁၂ သန်းနီးပါး ရေဘေးဒုက္ခကို ရင်ဆိုင်ကြုံတွေ့နိုင်ကြောင်း၊ အထူးသဖြင့် မြောက်ပိုင်းပြည်နယ်များဖြစ်သည့် အာသံနှင့် ဘီဟာတို့တွင် ပိုဆိုးနိုင်ကြောင်း အဆိုပါ အဖွဲ့က ထပ်မံပြောကြားထားသည်။

ဆင်ဟွာ

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအို

အီရန်အပေါ် လက်နက်ကုန်သွယ်ခွင့်ပိတ်ပင်ထားမှုကို အချိန်ထပ်တိုးရန် အမေရိကန်က ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ အဆိုတင်သွင်းမည်

ဝါရှင်တန် သြဂုတ် ၆

အီရန်အပေါ်လက်နက်ကုန်သွယ်ခွင့် ပိတ်ပင်ထားသည့် အချိန်ကိုထပ်တိုးရန် အမေရိကန်က ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ လာမည့်ရက်သတ္တပတ်တွင် အဆိုတင်သွင်းမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ပြောကြားခဲ့သည်။

အီရန်နှင့် အင်အားကြီးနိုင်ငံများအကြား ၂၀၁၅ ခုနှစ်က သဘောတူလက်မှတ်ရေးထိုးခဲ့သည့် နျူကလီးယားသဘောတူစာချုပ်အရ ကုလသမဂ္ဂ၏ လက်နက်ကုန်သွယ်ခွင့် ပိတ်ပင်ထားမှုသည် လာမည့်အောက်တိုဘာလတွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သည်။ အမေရိကန်သည် ၂၀၁၈ ခုနှစ်တွင် အဆိုပါနျူကလီးယားသဘောတူစာချုပ်မှ နုတ်ထွက်ခဲ့သည်။

သြဂုတ် ၅ ရက်က သတင်းထောက်များနှင့် တွေ့ဆုံခဲ့စဉ်အတွင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက အီရန်သည် ပြည်တွင်းစစ်ဖြစ်ပွားနေသည့် ယီမင်နိုင်ငံသို့ စစ်လက်နက်များ တရားမဝင်ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိကြောင်း ထောက်ပြပြောဆိုခဲ့သည်။

ထို့ပြင် အီရန်သည် အကြမ်းဖက်မှုကို စပွန်ဆာပေးရာတွင် နံပါတ်တစ်ချိတ်နေသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ ထို့ကြောင့် လက်နက်ကုန်သွယ်မှုပိတ်ပင်ရေးကို ဆက်လက်ထိန်းထားရန် မဖြစ်မနေလိုအပ်ရခြင်းဖြစ်ကြောင်း မိုက်ပွန်ပီအိုက ပြောကြားသည်။

သို့ရာတွင် လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်များဖြစ်ကြသည့် ရုရှားနှင့် တရုတ်နိုင်ငံတို့က လက်နက်ကုန်သွယ်ခွင့်ပိတ်ပင်မှု အချိန်ထပ်တိုးမည့် ကိစ္စကို ကန့်ကွက်ဖွယ် အရိပ်အမြွက်ဖော်ပြခဲ့ကြသည်။

အကယ်၍ အမေရိကန်၏ကြိုးပမ်းမှုမအောင်မြင်ခဲ့ပါက အမေရိကန်အနေဖြင့် နျူကလီးယားသဘောတူစာချုပ်အောက်တွင် အီရန်အပေါ် ကုလသမဂ္ဂကလုပ်ဆောင်နိုင်သည့် အရေးယူပိတ်ဆို့မှုများအားလုံးကို ပြန်လည်အသုံးပြုနိုင်သည့် စည်းမျဉ်းကို အသုံးပြုမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အင်နန်အိတ်ချ်ကေ

စင်ကာပူ၌ သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှုများပြားနေသည့်အတွက် အာဏာပိုင်များက ပြည်သူများကို သတိပေး

စင်ကာပူနိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားနေသည့်အတွက် ကာကွယ်ရန် ခြင်ဆေးဖျန်းခြင်း ဆောင်ရွက်နေစဉ်။

စင်ကာပူ သြဂုတ် ၆

စင်ကာပူနိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှု စံချိန်တင်အောင် များပြားလာနေသည့်အတွက် ဒေသခံပြည်သူများအနေဖြင့် ပိုမိုသတိရှိစွာဖြင့် နေထိုင်ကြရန် အာဏာပိုင်များက ဒေသခံပြည်သူများသို့ သတိပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။

စင်ကာပူနိုင်ငံတွင် ပြီးခဲ့သည့် ဧပြီလကတည်းက ခြင်မှတစ်ဆင့် ကူးစက်ဖြစ်ပွားသည့် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့သည်။ ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းမှာပင် သွေးလွန်တုပ်ကွေးရောဂါ ထပ်မံ ကူးစက်ဖြစ်ပွားသူ ၁၃၈၀ အထိရှိကြောင်း အာဏာပိုင်များက အတည်ပြုခဲ့သည်။

ရက်သတ္တ ရှစ်ပတ်ဆက်တိုက်ကြာအောင် လူ ၁၀၀၀ ကျော် ကူးစက်မှုဖြစ်ပွားခဲ့သည်။ အမျိုးသားသဘာဝပတ်ဝန်းကျင်အေဂျင်စီက သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှု မြင့်တက်ရသည့်အကြောင်းမှာ ကိုဗစ်- ၁၉ ကပ်ရောဂါဖြစ်ပွားမှုကြောင့်လည်း သက်ဆိုင်နေကြောင်း၊ ကပ်ရောဂါကြောင့် အိမ်ထဲတွင်နေထိုင်ရသူ ပိုမိုများပြားလာခဲ့ရာ ခြင်ကိုက်ခံရမှုမှတစ်ဆင့် ကူးစက်ဖြစ်ပွားနိုင်ခြေပိုများလာကြောင်း ပြောကြားခဲ့သည်။

ဇွန်လအတွင်း မိုးရွာသွန်းခဲ့မှုများကလည်း ၁၀ နှစ်တာအတွင်း အများဆုံးရွာသွန်းခဲ့ရာ ခြင်များ ပိုမိုပေါက်ပွားလာစေခဲ့ကြောင်း အဆိုပါအေဂျင်စီက ပြောသည်။ ထို့ပြင် သွေးလွန်တုပ်ကွေးရောဂါသည် ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းအဆောက်အအုံများတွင် ပိုမိုဖြစ်ပွားနိုင်သည့်အတွက် လူနာများအနေဖြင့် ကိုဗစ်-၁၉ စစ်ဆေးစမ်းသပ်မှုနှင့်အတူ သွေးလွန်တုပ်ကွေးစစ်ဆေးမှုကိုပါ လုပ်ဆောင်ရန် လိုအပ်ကြောင်း ကျွမ်းကျင်သူများက ပြောကြားခဲ့သည်။

အင်နန်အိတ်ချ်ကေ

အမေရိကန်ပြည်ထောင်စု အရီဇိုးနားရှိ အကျဉ်းထောင်၌ အကျဉ်းသား ၅၀၀ ကျော် ကိုဗစ်- ၁၉ ကူးစက်ခံရ

လော့အိန်ဂျလိစ် သြဂုတ် ၆

အမေရိကန် ပြည်ထောင်စု အရီဇိုးနားပြည်နယ်ရှိ အကျဉ်းထောင်၌ အကျဉ်းသားပေါင်း ၅၀၀ ကျော် ကိုဗစ်- ၁၉ ကူးစက်ခံထားရသည်ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း ဒေသအကျဉ်းထောင် အာဏာပိုင်များက ပြောကြားခဲ့သည်။ အဆိုပါအရေအတွက်သည် အကျဉ်းထောင်ရှိ အကျဉ်းသား ပမာဏထက်ဝက်နီးပါးရှိကြောင်း သိရသည်။

ASPC- Tucson Whetstone အကျဉ်းထောင်ရှိ အကျဉ်းသား ၅၁၇ ဦးတို့တွင် ကိုဗစ်- ၁၉ ကူးစက်ခံထားရကြောင်း တွေ့ရှိခဲ့ပြီး ၎င်းတို့ကို သီးသန့်စီထားရှိကာ ကန့်သတ်စောင့်ကြည့်မှုနှင့် ကုသမှု ဆောင်ရွက်နေကြောင်း အရီဇိုးနား အာဏာပိုင်များက ပြောကြားခဲ့သည်။

ရောဂါကူးစက်ခံထားရသည့် အကျဉ်းသားများကို ရောဂါပျောက်ကင်းသွားသည် အထိ ကုသပေးပြီးမှသာလျှင် လူအများနှင့်ပြန်လည်ထားရှိခွင့် ပြုမည်ဖြစ်ကြောင်း အကျဉ်းထောင် အာဏာပိုင်များ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စု၌ ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူ အရေအတွက်မှာ ၄ သောင်း ၈ သန်း ကျော်လွန်သွားပြီဖြစ်ပြီး ရောဂါကူးစက်ခံရသူ အရေအတွက် စုစုပေါင်း ၄၈၂၂၇၅ ဦးအထိ ရှိလာကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်မှ ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ဆင်ဟွာ

အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ်၌ ဆေးရုံတစ်ရုံ မီးလောင်မှုဖြစ်ပွားရာ ကိုဗစ်-၁၉ လူနာ ရှစ်ဦးသေဆုံး

နယူးဒေလီ သြဂုတ် ၆

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဂူဂျာရတ်ပြည်နယ်တွင် သြဂုတ် ၆ ရက်က ဆေးရုံတစ်ရုံ မီးလောင်မှုဖြစ်ပွားရာ ကိုဗစ်-၁၉ ကူးစက်ခံထားရသည့် လူနာရှစ်ဦး သေဆုံးခဲ့ကြောင်း ဒေသအုပ်ချုပ်ရေးအဖွဲ့အာဏာပိုင်တစ်ဦးကပြောကြားခဲ့သည်။

မီးလောင်မှုသည် ဂူဂျာရတ်ပြည်နယ် အာမက်ဒါဘက်ရှိ ရှရီဆေးရုံ၌ သြဂုတ် ၆ ရက် နံနက်အစောပိုင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မီးလောင်မှုကြောင့် အဆိုပါဆေးရုံကို ပိတ်လိုက်ပြီး ဆေးရုံရှိ ကိုဗစ်- ၁၉ လူနာ ၄၁ ဦးကို အခြားဆေးရုံသို့ ရွှေ့ပြောင်းခဲ့ကြောင်း သိရသည်။ ဝမ်းနည်းကြေကွဲဖွယ်ဖြစ်ရပ်အတွင်း အသက်ဆုံးရှုံးခဲ့ရသည့် လူနာများအတွက် ၎င်းတို့၏ မိသားစုများနှင့်ထပ်တူ လွန်စွာစိတ်မကောင်းဖြစ်ရကြောင်း အိန္ဒိယဝန်ကြီးချုပ်နာရင်ဒရာမိုဒီက ဖော်ပြခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိထားသူများလည်း မြန်မြန်သက်သာကောင်းမွန်လာစေရန် ဆန္ဒပြုပါကြောင်း ဝန်ကြီးချုပ်မိုဒီက တွစ်တာပေါ်၌ ရေးသားခဲ့သည်။ အစိုးရက မီးလောင်မှုအတွင်း ထိခိုက်ခံစားခဲ့ရသူများအတွက် လိုအပ်သည့် အထောက်အပံ့များ ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

ကိုဗစ်- ၁၉ကြောင့် အဝင်အထွက်ကန့်သတ်ပိတ်ဆို့မှုပြုလုပ်ထားသည့် ခယ်ဆောင်းမြို့တွင် ကန့်သတ်ချက်ဖြေလျှော့ပေးရန် မြောက်ကိုရီးယားခေါင်းဆောင် အမိန့်ထုတ်

ပြုံယမ်း သြဂုတ် ၆

မြောက်ကိုရီးယားနိုင်ငံ ခယ်ဆောင်းမြို့တွင် ကိုဗစ် -၁၉ ကူးစက်ခံထားရသည့် လူနာတစ်ဦးကို တွေ့ရှိခဲ့ပြီးနောက် တစ်မြို့လုံးကို အဝင်အထွက် ကန့်သတ်ပိတ်ဆို့မှုပြုလုပ်ထားခဲ့ရာ ခယ်ဆောင်းမြို့ရှိ ဒေသခံပြည်သူများကို အရေးပေါ်ကန့်သတ်ချက် ဖြေလျှော့မှုပေးရန် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက ကိုရီးယားအလုပ်သမားပါတီ ထိပ်တန်းအာဏာပိုင်များသို့ အမိန့်ပေးအပ်လိုက်ကြောင်းသိရသည်။

ပြီးခဲ့သည့် ဇူလိုင် ၂၆ ရက်ကတောင်ကိုရီးယားနိုင်ငံသို့ ထွက်သွားခဲ့ပြီးနောက် မြောက်ကိုရီးယားနိုင်ငံ ခယ်ဆောင်းမြို့သို့ တရားမဝင်ပြန်ရောက်လာသူတစ်ဦးတွင် ကိုဗစ်- ၁၉ ကူးစက်ခံထားရဖွယ် သံသယရှိကြောင်း ဖော်ပြခဲ့ပြီးနောက် အနောက်တောင်ပိုင်း နယ်စပ်မြို့ဖြစ်သည့် ခယ်ဆောင်းမြို့ကို အဝင်အထွက် ကန့်သတ်ပိတ်ဆို့မှု ပြုလုပ်လိုက်ပြီး နိုင်ငံတော်အရေးပေါ် အခြေအနေ ထုတ်ပြန်ခဲ့ကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင် သတင်းမီဒီယာက ဖော်ပြသည်။

ခေါင်းဆောင်ကင်သည် သြဂုတ် ၅ ရက်တွင် ပြုံယမ်းရှိ အလုပ်သမားပါတီအမှုဆောင်နိုင်ငံရေးဗျူရို အစည်းအဝေးသို့ တက်ရောက်ခဲ့ကြောင်း အလုပ်သမားပါတီ နေ့စဉ်သတင်းစာ ရိုဒေါင်ဆင်မန်က သြဂုတ် ၆ ရက်တွင် ဖော်ပြခဲ့သည်။ ခယ်ဆောင်း ဒေသခံ ပြည်သူများ၏ နေ့စဉ်လူမှုဘဝ အဆင်ပြေတည်ငြိမ်စေရန်အတွက် အစားအသောက်နှင့် လုံခြုံရေးဆိုင်ရာ ထောက်ပံ့ငွေများပေးအပ်ရန် ခေါင်းဆောင်ကင်ကအမိန့်ထုတ်ပြန်ခဲ့ကြောင်းသိရသည်။ **အေအက်ဖ်ပီ**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း

ကိုဗစ်-၁၉ ဒုတိယလှိုင်းရိုက်ခတ်လာမှာကို ဥရောပစိုးရွံ့နေသလို သတင်းမှားဖြန့်ဝေမှုနဲ့ ထရမ့်ရဲ့ မဲဆွယ်စည်းရုံးရေးတရားဝင်အကောင့်ကိုလည်း ဖျက်သိမ်းလိုက်ပြီ

ထွန်းသစ်စ

ဥရောပမှာ ကိုဗစ်-၁၉ ဒုတိယလှိုင်းဂယက်ခြိမ်းခြောက်မှုကို ရင်ဆိုင်တဲ့အနေနဲ့ ကိုဗစ်-၁၉ ကန့်သတ်ချက်တွေကို တင်းကျပ်လိုက်တဲ့အချိန်မှာ ကလေးတွေက ကိုဗစ်-၁၉ ကို ခံနိုင်ရည်ရှိတယ်လို့ ပြောလိုက်တဲ့ဗီဒီယိုကြောင့် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်တစ်ယောက် ဖေ့စ်ဘွတ်ခ်နဲ့ တွစ်တာပေါ်မှာ အာရုံစိုက်ခြင်းခံလိုက်ရပါတယ်။

အရေးယူမှုတွေလုပ်

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်းဟာ ၇၀၀၀၀၀ ကျော်လာချိန်မှာ အမေရိကန်လူမှုမီဒီယာကြီးနှစ်ခုက ကိုဗစ်-၁၉ နဲ့ပတ်သက်ပြီး သတင်းမှားတွေ ဖြန့်ဝေတယ်ဆိုပြီး အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ကို အရေးယူမှုတွေလုပ်ခဲ့ပါတယ်။

ဥရောပနိုင်ငံအတော်များများနဲ့ မြို့အတော်များများမှာ ကိုဗစ်-၁၉ နဲ့ပတ်သက်ပြီး တင်းကျပ်တဲ့ကန့်သတ်ပိတ်ဆို့မှုတွေ ပြန်လည်ပြုလုပ်ခဲ့ကြပါတယ်။ ဂရိနိုင်ငံမှာလည်း ကိုဗစ်-၁၉ ဆိုင်ရာ အနိုးကြားဆုံး သီတင်းပတ်အနေနဲ့ နှာခေါင်းစည်းနဲ့ အသွားအလာကန့်သတ်ပိတ်ဆို့မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေကို နေရာတိုင်းမှာ ချမှတ်ထားပါတယ်။

အလျင်အမြန် မြင့်တက်

သြဂုတ် ၅ ရက်က အမေရိကန်ပြည်ထောင်စုမှာ ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူဟာ ၁၂၆၂ ဦး ရှိခဲ့သလို ကိုဗစ်-၁၉ အသစ်ထပ်မံကူးစက်ခံရသူပေါင်းဟာလည်း ၅၃၁၅ ဦးအထိ ရောက်ရှိလာပါတယ်။ အခုဆိုရင် အမေရိကန် ပြည်ထောင်စုတစ်ဝန်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်းဟာ ၁၅၇၉၃၀ ရှိခဲ့ပြီး ကူးစက်ခံရသူပေါင်းဟာလည်း ၄ သန်း ၈ သန်းအထိ ရောက်ရှိလာခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စုဟာ ကမ္ဘာမှာ ကိုဗစ်-၁၉ ဒဏ်ကို အဆိုးဆုံးခံစားခဲ့ရတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။

ကမ္ဘာတစ်ဝန်းလုံးအနေနဲ့ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူစုစုပေါင်းဟာ ၇၀၃၆၄၀ ရှိခဲ့ပါတယ်။ ဥရောပဟာ ကိုဗစ်-၁၉ ကြောင့်သေဆုံးသူ ၂၁၁၇၆၄ ဦးနဲ့ အဆိုးဆုံးဒေသတစ်ခု ဖြစ်လာပါတယ်။ ထို့အတူ သေဆုံးမှုအရေအတွက်ဟာလည်း အလျင်အမြန် မြင့်တက်လာခဲ့ပါတယ်။

ကိုဗစ်-၁၉ ကန့်သတ်ချက်တွေ ပြန်လည်ပြဋ္ဌာန်းမယ်

ဂရိနိုင်ငံမှာ ကိုဗစ်-၁၉ ကန့်သတ်ချက်တွေကို ပြန်လည်ပြဋ္ဌာန်းဖို့ ကြေညာလိုက်ပါပြီလို့ အစိုးရပြောရေးဆိုခွင့်ရှိသူ စတီလီလိုပက်ဆက်စ်က မဂ္ဂါရပ်မြင်သံကြားကို ပြောကြားလိုက်ပါတယ်။ မိမိတို့အနေနဲ့ ပြည်သူတွေကို သတင်းစကားတွေ နေ့စဉ်ကြေညာချက်တွေနဲ့ သတိရှိရှိ နေထိုင်ကြဖို့ တိုက်တွန်းထားပါတယ်၊ ဒုံအပြင် ခရီးသွားလာခြင်း၊ လူစုလူဝေးပြုလုပ်ခြင်း၊ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးတွေဟာ ကိုဗစ်-၁၉ ဖြစ်ပွားစေတဲ့ အဓိကပြဿနာတွေဖြစ်တယ်လို့ သူကပြောပါတယ်။

အသွားအလာ ကန့်သတ်ပိတ်ဆို့မှုတွေကို စကေဘုတလန် အရှေ့မြောက်ပိုင်း မြို့တစ်မြို့ဖြစ်တဲ့ အဘာဒင်းမှာ ပြန်လည်ပြုလုပ်ခဲ့ပြီး အဝင်အထွက်တွေကို ပိတ်လိုက်ပါတယ်။ အဲဒါတွေက ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှုတွေကို ဖြစ်စေတဲ့ အဓိကအကြောင်းတွေ ဖြစ်ပါတယ်လို့ ဝန်ကြီး နီကိုလာ စတာဂျန်က ပြောကြားလိုက်ပါတယ်။

နယ်သာလန်တွင် နှာခေါင်းစည်းမဖြစ်မနေတပ်ဆင်ရမည်ဟူသော အမိန့်တစ်ရပ်ထုတ်ပြန်ထားသောကြောင့် နှာခေါင်းစည်းတပ်ဆင်သွားလာနေသူများကို တွေ့ရစဉ်။

နှာခေါင်းစည်းတပ်ဆင်ခြင်း၊ မတပ်ဆင်ခြင်းနဲ့ ပတ်သက်ပြီးတော့လည်း ပြင်သစ်နိုင်ငံအနောက်တောင်ပိုင်းမှာ သဘောထားကွဲလွဲမှုတွေ ရှိနေပါတယ်။ ဒါပေမယ့် မြို့အတော်များများကတော့ နှာခေါင်းစည်းတပ်ဆင်မှုတွေ ကို ပြုလုပ်ကြဖို့ သဘောတူခဲ့ကြပါတယ်။

အသွားအလာကန့်သတ်စောင့်ကြည့်

ဘယ်လ်ဂျီယံ အန့်ဝက်ပြည်နယ်အပါအဝင် ဂျာမနီမှာတော့ ကိုဗစ်-၁၉ ကင်းစင်ကြောင်း အထောက်အထားမပြနိုင်ရင် ဆိုက်ရောက်လာတဲ့ ခရီးသွားတွေကို ၁၄ ရက်ကြာ အသွားအလာကန့်သတ်စောင့်ကြည့်မှုတွေပြုလုပ်ရမယ်ဆိုပြီး ကြေညာထားပါတယ်။

ဘယ်လ်ဂျီယံနိုင်ငံရဲ့ အကြီးဆုံး အသားထုတ်စက်ရုံရှိရာ ဝက်စ်ဗလီးမှာ ကိုဗစ်-၁၉ တွေ့တော့ ဝန်ထမ်း ၂၂၅ ဦးကို အသွားအလာ ကန့်သတ်စောင့်ကြည့်မှုတွေ ပြုလုပ်ခဲ့ပါတယ်။

ဆွစ်ဇာလန်နိုင်ငံဟာ စပိန်၊ စင်ကာပူနဲ့ရိုမေးနီးယားနိုင်ငံ အပါအဝင် နိုင်ငံပေါင်း ၄၆ နိုင်ငံကို အသွားအလာ ကန့်သတ်စောင့်ကြည့်မှုစာရင်းထဲ ထည့်သွင်းလိုက်ပါတယ်။

နှာခေါင်းစည်းတပ်ဆင်ရမယ်

နယ်သာလန်နိုင်ငံမှာလည်း နှာခေါင်းစည်းတပ်ဆင်ရမယ့်ဆောင်ရွက်မှုတွေကို ရော့တာဒမ်နဲ့ တခြားစည်ကားလှတဲ့ အိမ်နီးချင်း အမ်စတာဒမ်တို့မှာ သတ်မှတ်ပြဋ္ဌာန်းခဲ့ပါတယ်။

ဖေ့စ်ဘွတ်ခ်ဟာ ကိုဗစ်-၁၉ နဲ့ပတ်သက်တဲ့ သတင်းမှားလို့ ယူဆရတဲ့ ဗီဒီယိုကလစ်တစ်ခုကို အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ရဲ့ အကောင့်ထဲကနေ ဖျက်ပစ်လိုက်ပါတယ်။ ဒါဟာ ဖေ့စ်ဘွတ်ခ်အနေနဲ့ ပထမဆုံး သမ္မတရဲ့ အကောင့်ထဲက ဗီဒီယိုကို ဖျက်ခြင်းဖြစ်ပါတယ်။ လူတစ်စုဟာ ကိုဗစ်-၁၉ ကို ခုခံကာကွယ်နိုင်တယ်ဆိုတဲ့ ပြောကြားချက်ဟာ ကိုဗစ်-၁၉ နဲ့ပတ်သက်တဲ့ သတင်းမှားတစ်ခုဖြစ်ပြီး ကျွန်တော်တို့ရဲ့ မူဝါဒကို ဖောက်ဖျက်နေပါတယ်လို့ ဖေ့စ်ဘွတ်ခ်ရဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားလိုက်ပါတယ်။

ထရမ့်ရဲ့ တရားဝင်အကောင့်ကို ပိတ်

တစ်ချိန်တည်းမှာပဲ တွစ်တာကလည်း သတင်းမှားဖော်ပြမှုနဲ့ပတ်သက်ပြီး ထရမ့်ရဲ့တရားဝင် မဲဆွယ်လှုပ်ရှားမှု အကောင့်တစ်ခုကိုလည်း ပိတ်လိုက်ပါတယ်။ တွစ်တာက ပိတ်လိုက်တဲ့ ဗီဒီယိုထဲမှာ ထရမ့်က ကျောင်းတွေကို စက်တင်ဘာလအစမှာ ပြန်ဖွင့်မယ်ဆိုပြီး ဖော်ပြထားတာ ပါပါတယ်။

အမေရိကန်ပြည်ထောင်စုမှာလည်း နယ်ယူးယောက်မြို့တော်ဝန် ဘေဒီဘလာစီယိုက မြို့ထဲကို ဝင်တဲ့လမ်းတွေမှာ စစ်ဆေးရေးဂိတ်တွေထားမယ်လို့ ကြေညာလိုက်ပါတယ်။ နယ်ယူးယောက် ပြည်သူပြည်သားတွေ ကျန်းမာပြီး ဘေးကင်းလုံခြုံအောင် လုပ်ဆောင်ခြင်းဖြစ်တယ်လို့ သူကပြောကြား လိုက်ပါတယ်။

ကိုဗစ်-၁၉ ကူးစက်မှုမြင့်တက်

ကိုဗစ်-၁၉ ကြောင့် နယ်ယူးယောက်မြို့မှာ လူပေါင်း ၃၂၀၀၀ သေဆုံးခဲ့ပါတယ်။ နယ်ယူးယောက်မြို့ဟာ အမေရိကန်ပြည်ထောင်စုမှာ ကိုဗစ်-၁၉ စတင်ဖြစ်ပွားရာ ဗဟိုချက်နေရာတစ်ခုဖြစ်လာပါတယ်။

ဘရာဇီးလူမျိုးစုခေါင်းဆောင် အသက် ၇၁ နှစ်ရှိ အရီတာနာ ယာဝါလာပီတီဟာ သြဂုတ် ၅ ရက်က ကိုဗစ်-၁၉ ကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရှုပ်ထွေးမှုဖြစ်ပြီး သေဆုံးခဲ့ပါတယ်။

တောင်အမေရိကရဲ့ အကြီးဆုံး နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ ဘရာဇီးနိုင်ငံမှာလည်း ကိုဗစ်-၁၉ ကူးစက်မှုမြင့်တက်လာခဲ့သလို လက်တင်အမေရိကနဲ့ မြေထဲပင်လယ်ဒေသတွေမှာလည်း ကိုဗစ်-၁၉ ကူးစက်မှုတွေမြင့်တက်လာခဲ့ပါတယ်။

ကျန်းမာရေးဝန်ထမ်းတွေလည်း ကူးစက်

တစ်ချိန်တည်းမှာပဲ ကိုဗစ်-၁၉ ကြောင့်သေဆုံးသူ ဦးရေဟာ ပီရူးနိုင်ငံမှာလည်း မြင့်တက်လာခဲ့ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနရဲ့ စာရင်းတွေအရ နေ့စဉ် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူဟာ ၂၂၁ ဦးရှိခဲ့ပြီး ကိုဗစ်-၁၉ အသစ်ထပ်မံကူးစက်ဖြစ်ပွားမှုပေါင်း ၇၇၃၄ ဦးရှိခဲ့ပါတယ်။ နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူဦးရေဟာ ၂၀၂၂၈ ဦးရှိခဲ့ပြီး ကူးစက်ခံခဲ့ရသူ ပေါင်းမှာလည်း ၅၀၀၀၀ နီးပါး ရောက်ရှိလာပြီဖြစ်ပါတယ်။ ပီရူးမှာ လူပေါင်း ၃၃ သန်းနေထိုင်လျက်ရှိပြီး လက်တင်အမေရိကမှာ ဘရာဇီးနဲ့ မက္ကဆီကိုပြီးရင် ကိုဗစ်-၁၉ ကြောင့် တတိယအများဆုံး သေဆုံးတဲ့နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။

တောင်အာဖရိကနိုင်ငံဟာ အာဖရိကမှာ ကိုဗစ်-၁၉ ဒဏ်ကို အဆိုးဆုံးခံစားခဲ့ရတဲ့နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့ပြီး ကျန်းမာရေးဝန်ထမ်းပေါင်း ၂၄၀၀၀ လောက် ကိုဗစ်-၁၉ ကူးစက်ခံခဲ့ရပြီး ၁၈၁ ဦးသေဆုံးခဲ့တယ်လို့ ကျန်းမာရေးဝန်ကြီး ဇွာလီ ကွိဗီက ပြောကြားခဲ့ပါတယ်။

ကာကွယ်ဆေးပေါ်လာမှ အဆုံးသတ်မယ်

အာဖဂန်နစ္စတန်မှာလည်း ကျန်းမာရေးဝန်ကြီးဌာနက လူဦးရေရဲ့ သုံးပုံတစ်ပုံနီးပါး ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့ခဲ့ပါတယ်။ လတ်တလောမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသံသရာ၊ အသွားအလာပိတ်ဆို့မှုသံသရာတို့ကို အဆုံးသတ်ဖို့ ကမ္ဘာကြီးရဲ့ မျှော်လင့်ချက်ကတော့ ကာကွယ်ဆေးထွက်ပေါ်လာဖို့ပဲ ဖြစ်ပါတယ်။ ကာကွယ်ဆေးထုတ်လုပ်ဖို့လည်း ကမ္ဘာတစ်ဝန်းမှာရှိတဲ့ ဆေးကုမ္ပဏီတွေ အစွမ်းကုန်ကြိုးစားဆောင်ရွက်နေကြပါတယ်။ ကာကွယ်ဆေးပေါ်ပေါက်လာမှသာ ဒီကိစ္စကြီးအဆုံးသတ်သွားမှာဖြစ်ပါတယ်။ ။ **ကိုးကား-အေအက်ဖ်ပီ**

နိုင်ငံတကာ သတင်းတိုထွာ

တရုတ်နိုင်ငံက နိုင်ငံခြားစီးပွားရေးလုပ်ငန်းများကို ကြိုဆို

ပေကျင်း သြဂုတ် ၆

တရုတ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံလည်ပတ်ရန် တခြားနိုင်ငံများမှ ကုမ္ပဏီများကို အမြဲကြိုဆိုလျက်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက သြဂုတ် ၅ ရက်တွင် ပြောကြားလိုက်သည်။ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဝမ်ဘင်သည် တရုတ်နိုင်ငံရှိ ဥရောပသမဂ္ဂကုန်သည်ကြီးများအသင်း၏ဥက္ကဋ္ဌ ဂျော်ဝတ်ကီနှင့် သြဂုတ် ၄ ရက်က တွေ့ဆုံစဉ် ထိုသို့ပြောကြားလိုက်ခြင်းဖြစ်ပြီး တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု အလားအလာများအပေါ် ဥရောပကုမ္ပဏီများကို ယုံကြည်မှုရှိကြောင်း ပြောကြားလိုက်သည်။

တံခါးဖွင့်ကမ္ဘာ့စီးပွားရေး အားပေးမြှင့်တင်သူတစ်ဦးအနေဖြင့် တရုတ်နိုင်ငံသည် ကမ္ဘာ၏ အခြားအစိတ်အပိုင်းတွေနှင့် ဥရောပကုမ္ပဏီများအတွက် ဥပဒေအခြေပြုသည့် နိုင်ငံတကာစီးပွားရေး ပတ်ဝန်းကျင်ကောင်းတစ်ခု၊ ဈေးကွက်ဗဟိုပြုရန်လည်း ကတိပြုထားကြောင်း၊ တံခါးကိုလည်း ကျယ်ကျယ်ပြန့်ပြန့်ဖွင့်ထားကြောင်း ဝမ်က ပြောကြားလိုက်သည်။ ဥရောပကုမ္ပဏီများအပါအဝင် နိုင်ငံခြားကုမ္ပဏီများသည် တရုတ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုများ၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

ဆင်ဟွာ

တိုကျို၌ ကျန်းမာရေးအရာရှိများ ကိုဗစ်- ၁၉ ကာကွယ်ရေး ဆောင်ရွက်ချက်များ လိုက်နာမှု ရှိ မရှိ စစ်ဆေး

တိုကျို သြဂုတ် ၆

တိုကျိုမြို့ ပြည်သူ့ကျန်းမာရေးအရာရှိများသည် ညဘက်အပန်းဖြေဆိုင်များနှင့် ဖျော်ဖြေရေးခန်းမများအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှုကာကွယ်ရေးဆောင်ရွက်ချက်များ လိုက်နာမှု ရှိ မရှိ သိရှိနိုင်ရန်အတွက် စုံစမ်းစစ်ဆေးမှုများကို စတင်လုပ်ဆောင်နေကြောင်း သိရသည်။

ဂီတဖျော်ဖြေပွဲများတွင် ပါးစပ်မှ လွင့်စဉ်နိုင်သည့် အရည်အစက်များမှတစ်ဆင့် ကိုဗစ်- ၁၉ ကူးစက်မှုကို ကာကွယ်ရန် ပရိသတ်များထိုင်သည့် ထိုင်ခုံနှင့် စင်မြင့်ကြားတွင် ဖောက်ထွင်းမြင်နိုင်သည့် ပလတ်စတစ်အကြည်သားကို တပ်ဆင်ထားသည်။ လာရောက်သည့် ဧည့်သည်များအနေဖြင့် နှာခေါင်းစည်းတပ်ဆင်ခြင်းရှိ မရှိ၊ အရက်ပြန်ပါဝင်သည့် လက်သန့် ဆေးရည်အသုံးပြုမှု ရှိမရှိနှင့် လူတစ်ဦးနှင့်တစ်ဦးကြားတွင် ခပ်ခွာခွာနေထိုင်မှု ရှိ မရှိတို့ကို စစ်ဆေးခဲ့ကြသည်။

ပါးစပ်မှလွင့်စဉ်နိုင်သည့် အရည်အစက်များမှတစ်ဆင့် ကိုဗစ်-၁၉ ကူးစက်မှုကို ကာကွယ်ရေးဆောင်ရွက်ချက်များ လက်တွေ့ဆောင်ရွက်မှု ရှိမရှိဆိုသည်ကို အဓိကထားစစ်ဆေးခဲ့ကြောင်း ကျန်းမာရေးဌာနအရာရှိတစ်ဦးက ပြောကြားလိုက်သည်။ သြဂုတ်လကုန်တွင် နေရာပေါင်း ၇၅၀ ခန့်ကို သွားရောက်စစ်ဆေးနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

အင်နန်အိတ်ချ်ကေ

၂၀၂၀ ပြည်နှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

သောကြာ၊ သြဂုတ် ၇၊ ၂၀၂၀ ၁၅

အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံး တစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှု စစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့် မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

ရွေးကောက်ပွဲ ကျင်းပရန် ၆၇ ရက်သာ လိုတော့သည်။

ဆန္ဒမဲပေးပိုင်ခွင့် ရှိသူတွေက ဘယ်သူတွေလဲ

- ➢ အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး-
- ➢ ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင်-
  - ✓ အသက် ၁၈ နှစ် ပြည့်ပြီးသူများ၊
- ➢ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သည့်
  - ✓ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများနှင့်
- ➢ သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သည့်သူများ ဖြစ်သည်။

ဆန္ဒမဲပေးပိုင်ခွင့် မရှိသူတွေက ဘယ်သူတွေလဲ

- ➢ သာသနာ့ဝန်ထမ်း၊
- ➢ ထောင်ဒဏ်ကျခံနေရသူ၊
- ➢ စိတ်ပျေါသွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊
- ➢ လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊
- ➢ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခြင်းခံရသူ၊
- ➢ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူတို့ဖြစ်သည်။



ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာန တည်ရှိရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက် အရောက်ပေးပို့သွားရန်၊
- ✤ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက် အရောက်ပေးပို့ရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊
- ✤ ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

ရွေးကောက်ပွဲများသည်-

- ➢ ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ➢ ဒီမိုကရေစီ ရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ➢ ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မ ဖြစ်သည်။

သင့်မဲဖြင့် အနာဂတ်ကို ပုံဖော်ဖို့ မဲစာရင်းကို ကြည့်ကြစို့

COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၆-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

၁။ (၅-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၅၉၅)ခုတွင်-
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ သို့ဖြစ်ရာ (၅-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL) မှ ဓာတ်ခွဲနမူနာ (၉၃၄)ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR) မှ ဓာတ်ခွဲနမူနာ (၂၂၇)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး) (PHL-MDY)မှ ဓာတ်ခွဲနမူနာ (၁၇၂)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်)မှ ဓာတ်ခွဲနမူနာ (၁၄၄)ခုနှင့်
- ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၈၅)ခု၊

စုစုပေါင်း (၁,၅၆၂)ခုအား စစ်ဆေးခဲ့ပြီးဖြစ်ပါသည်။

၃။ (၆-၈-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၅၇)ဦး ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ

(၆-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

(၅-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL)မှ ထပ်မံ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၅၉၅) ခု
COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive)	(၀) ဦး

COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၆-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၆-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၃၇၆)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၃၅) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၅၈) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၈၀) ခု၊

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၆-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

(၆-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၃၇၆) ခု
(၆-၈-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၁၃၅) ခု
(၆-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၁၅၈) ခု
(၆-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၈၀) ခု
(၆-၈-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၁၁၉) ခု
COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်)	(၀) ဦး

- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၁၉) ခု၊
- စုစုပေါင်း (၈၆၈)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ (၆-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၅၇) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက်ပိုးမတွေ့ရှိသူ (၃)ဦး (Case-279, 342,343) ရှိသဖြင့် စုစုပေါင်း (၃၀၈) ဦးရှိပါသည်။ ၎င်းတို့အနက် (၂၉၀) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၅-၈-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၆-၈-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၁၇) ဦးရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၆-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

	အသစ်	ယခုအထိ စုစုပေါင်း
COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed)	(၀) ဦး	(၃၅၇) ဦး
ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered)	(၃) ဦး	(၃၀၈) ဦး
သေဆုံးလူနာ (death)	(၀) ဦး	(၆) ဦး

ကိုဗစ်-၁၉ ကာလအတွင်း စိုက်ပျိုးရေးလုပ်ငန်းခွင်တွင် ကြုံတွေ့နေရသည့် အခက်အခဲပြဿနာများအား ကွင်းဆင်းစစ်ဆေး

ညောင်ဦး သြဂုတ် ၆

တောင်သူများ ကိုဗစ် - ၁၉ ကာလအတွင်း စိုက်ပျိုးရေးလုပ်ငန်းခွင်တွင် ကြုံတွေ့နေရသည့် အခက်အခဲပြဿနာများနှင့် လက်တွေ့သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တောင်သူများကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ရလဒ်ကောင်းများ ဖော်ဆောင်နိုင်ရန်အတွက် ရည်ရွယ်ဆောင်ရွက်မည့် တောင်သူအခြေပြု သုတေသနစခန်း ထူထောင်နိုင်ရေးအတွက် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းနှင့် စိုက်ပျိုးရေး သုတေသနပညာရှင်များသည် ညောင်ဦးမြို့နယ် ငှဲ့သရောက်ကျေးရွာသို့ ယမန်နေ့ နံနက်ပိုင်းက လက်တွေ့ကွင်းဆင်းစစ်ဆေးသည်။

ငှဲ့သရောက်ရွာရှိ တောင်သူများစုရပ်တွင် ဒေသခံတောင်သူအဖွဲ့နှင့် တွေ့ဆုံစဉ် ညွှန်ကြားရေးမှူးချုပ်က ဒေသကိုယ်စားပြု သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်အတွက် ညောင်ဦးမြို့နယ်အတွင်း တောင်သူအခြေပြု ဒေသကိုယ်စားပြု သုတေသနစခန်းများ ထူထောင်သွားမည်ဖြစ်ကြောင်း၊ သုတေသနလုပ်ငန်းများ စိတ်ပါဝင်စားသည့် ရပ်ရွာတွင်းရှိ တောင်သူခေါင်းဆောင်၏ အိမ်ကို သုတေသနစခန်းအဖြစ် သတ်မှတ်ကာ တောင်သူခေါင်းဆောင်က သုတေသနပညာရှင်များနှင့် တိုက်ရိုက်ချိတ်ဆက်၍ သုတေသနများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဒေသအတွက် အကျိုးရှိမည့် ရလဒ်ကောင်းများ ရရှိကာ အရည်အသွေးနှင့် အထွက်နှုန်းကောင်း သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ငှဲ့သရောက်ကျေးရွာ တောင်သူအခြေပြု သုတေသနစခန်း ထူထောင်ရေးလုပ်ငန်းစဉ်အား တက်ရောက်လာသည့် တောင်သူများက ဝမ်းမြောက်စွာ ကြိုဆိုအားပေးကြပြီး တောင်သူဦးသောင်းဌေးက မိမိနေအိမ်အား သုတေသနစခန်းထူထောင်ရန် နေရာအဖြစ် အားဖြည့်ပါဝင်မည်ဖြစ်ကြောင်းနှင့် ငှဲ့သရောက်ကျေးရွာရှိ တောင်သူများအတွက် မျိုးကောင်းမျိုးသန့်၊ ရွေးချယ်စိုက်ပျိုးသည်မှ ရိတ်သိမ်းသည်အထိ လိုအပ်သည့် စိုက်ပျိုးနည်းပညာ ဗဟုသုတသင်တန်းများ လာရောက်ပို့ချပေးရန် တင်ပြတောင်းဆိုခဲ့ရာ ညွှန်ကြားရေးမှူးချုပ်က သက်ဆိုင်ရာ သီးနှံနှင့် နည်းပညာပိုင်းဆိုင်ရာ သုတေသနပညာရှင်များစေလွှတ်ကာ သင်တန်းများ စီစဉ်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

မေမိုးသဲ

COVID - 19 Call Center အချိန်ပြောင်းလဲဖွင့်လှစ်

နေပြည်တော် သြဂုတ် ၆

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အချိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID-19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေး အော်ပရေတာလေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များ အသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

ယခုအခါတွင် COVID - 19 Call Center ခေါ်ဆိုမှု အချိန်ကို နံနက် ၈ နာရီမှ ည ၈ နာရီအထိ **(အစား)** နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြောင်းလဲဖွင့်လှစ် ထားကြောင်း သိရသည်။

သတင်းစဉ်

အခြားစိန်ခေါ်မှုတွေ

COVID နဲ့ နွယ်တဲ့ ပြဿနာတွေကို စဉ်းစားတဲ့အခါမှာ ကျွန်မတို့ နိုင်ငံရဲ့ မြောက်မြားလှစွာသော အခြားစိန်ခေါ်မှုတွေ ကိုလည်း မြင်လာကြလိမ့်မယ်လို့ ထင်ပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံရဲ့ ထွန်းသစ်စ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး တိုးတက်မှုတွေ မယိမ်းယိုင်သွားအောင် ထိန်းသိမ်းထားရေး၊ များပြားလှစွာသော ကျွန်မတို့ ပြည်တော်ပြန် အလုပ်သမားများအရေး၊ ပြည်တွင်းစစ်နဲ့ နွယ်နေတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေများအတွင်း၊ အနယ်နယ်အရပ်ရပ်ရှိ IDP စခန်းများအတွင်း COVID ရောဂါ ကာကွယ်ရေး၊ မတည်ငြိမ်သေးတဲ့ မြောက်ပိုင်းရခိုင်အရေး။

COVID ရောဂါပေါ်လာလို့ အခြားစိန်ခေါ်မှုတွေက မပျောက်သွားပါဘူး။ COVID အလွန်အတွက်လည်း အခုကတည်းက ပြင်ဆင်ထားရပါတယ်။ ဒါ့ကြောင့် ကျွန်မတို့ ပြည်သူတွေကို အမြင်ကျယ်စေချင်တယ်၊ စိတ်ခိုင်မာစေချင်တယ်၊ ဝီရိယ ကောင်းစေချင်တယ်၊ သွေးစည်းစေချင်တယ်။

ပြည်သူတွေဟာ အဓိက မဟုတ်ပါလား။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၂၉-၄-၂၀၂၀ ရက်နေ့တွင် ဖေ့စ်ဘွတ်၌ ရေးသားဖော်ပြချက်မှ ကောက်နုတ်ချက်)

မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း	ပိုးတွေ့လူနာပေါင်း
၁၂၂၉၀	၃၅၇

ရောဂါပိုးကင်းစင်လာသူ	သေဆုံးသူ
၃၀၈	၆

စောင့်ကြည့်လူနာ စုစုပေါင်း – ၆၈၉၉

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၂၉၀ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

စဉ်	ပြည်နယ်/တိုင်းဒေသကြီး	ပိုးတွေ့ရှိသူ	သေဆုံးသူ
၁	ရန်ကုန်	၂၇၁	၅
၂	ရခိုင်	၁၆	
၃	ချင်း	၁၅	
၄	စစ်ကိုင်း	၉	
၅	ပဲခူး	၉	၁
၆	မွန်	၇	
၇	ကရင်	၅	
၈	ရှမ်း(တောင်)	၄	
၉	မန္တလေး	၄	
၁၀	ရှမ်း(မြောက်)	၃	
၁၁	မကွေး	၃	
၁၂	ရှမ်း(ရှေ့)	၃	
၁၃	နေပြည်တော်	၂	
၁၄	ဧရာဝတီ	၂	
၁၅	ကချင်	၂	
၁၆	တနင်္သာရီ	၂	
	စုစုပေါင်း	**၃၅၇**	**၆**

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၆-၈-၂၀၂၀ ရက်၊ ည (၈) နာရီ

၆-၈-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

စဉ်	နိုင်ငံ	ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း	ရောဂါပိုး ကင်းစင်သွားသူ	သေဆုံးသူဦးရေ စုစုပေါင်း
၁။	အမေရိကန်	၄၉၇၅၂၇၉	၂၅၄၁၄၄၆	၁၆၁၆၆၀
၂။	ဘရာဇီး	၂၈၆၂၇၆၁	၂၀၂၀၆၃၇	၉၇၄၁၈
၃။	အိန္ဒိယ	၁၉၇၇၉၇၂	၁၃၃၅၃၀၉	၄၀၈၈၈
၄။	ရုရှား	၈၇၁၈၉၄	၆၇၆၃၅၅	၁၄၆၀၆
၅။	တောင်အာဖရိက	၅၂၉၈၇၇	၃၇၇၂၆	၉၂၉၈
၆။	မက္ကဆီကို	၄၅၆၁၀၀	၃၀၄၇၀၈	၄၉၆၉၈
၇။	ပီရူး	၄၄၇၆၂၇	၃၀၆၄၃၀	၂၀၂၂၈
၈။	ချီလီ	၃၆၄၇၂၃	၃၃၈၂၉၁	၉၇၉၂
၉။	စပိန်	၃၅၂၈၄၇	စိစစ်ဆဲ	၂၈၄၉၉
၁၀။	ကိုလံဘီယာ	၃၄၅၇၁၄	၁၈၆၃၁၇	၁၁၆၂၄

အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၆-၈-၂၀၂၀

	COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့သေဆုံး လူနာ
ဖိလစ်ပိုင်	၁၁၉၄၆၀	၆၆၈၃၇	၂၁၅၀
အင်ဒိုနီးရှား	၁၁၈၇၅၃	၇၅၆၄၅	၅၅၂
စင်ကာပူ	၅၄၅၅၅	၄၇၇၆၈	၂၇
မလေးရှား	၉၀၃၈	၈၇၁၃	၁၂၅
ထိုင်း	၃၃၃၀	၃၁၄၈	၅၈
ဗီယက်နမ်	၇၄၇	၃၉၂	၁၀
မြန်မာ	၃၅၇	၃၀၈	၆
ကမ္ဘောဒီးယား	၂၄၃	၂၁၀	၀
ဘရူနိုင်း	၁၄၁	၁၃၈	၃
လာအို	၂၀	၁၉	၀

ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့

နေပြည်တော် သြဂုတ် ၆

နိုင်ငံတကာ ခရီးသည်တင်လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် အိန္ဒိယနိုင်ငံမှ အခက်အခဲကြုံနေရသည့် မြန်မာနိုင်ငံသား ၅၄ ဦးတို့အား Air India ကယ်ဆယ်ရေးလေယာဉ်ဖြင့် ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေ ၄ နာရီတွင် လည်းကောင်း၊ ဂျပန်နိုင်ငံမှ အခက်အခဲကြုံနေရသည့် မြန်မာနိုင်ငံသား ၁၆၉ ဦးတို့အား ANA ကယ်ဆယ်ရေးလေယာဉ်ဖြင့် ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေ ၄ နာရီခွဲတွင်လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။ (ဝဲဝုံ)

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိချိန်တွင် လူဝင်မှု ကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ကယ်ဆယ်ရေးလေယာဉ်များ၊ အထူးလေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးနိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

COVID-19 ကာလ ကိုယ်ဝန်ဆောင်ထောက်ပံ့ကြေးဆိုင်ရာ အသိပေးနှိုးဆော်ချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ၂၀၁၇-၂၀၁၈ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှစတင်၍ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော ကလေးများ အသက် (၂) နှစ်အထိ ငွေကြေးထောက်ပံ့မှုလုပ်ငန်းများကို ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နှစ်စဉ်တိုးချဲ့၍ ပံ့မှန်ပံ့ပိုးပေးလျက်ရှိပါသည်။

အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ COVID-19 ကာလအတွင်း ပြည်သူလူထု၏ လူမှုစီးပွားဘဝများအပေါ် သက်ရောက်မှုများအားလျော့ပါးသက်သာစေရန် ရည်ရွယ်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနက ကိုယ်ဝန်ဆောင်မိခင်ထောက်ပံ့ခြင်းကို ပုံမှန်ဆောင်ရွက်လျက်ရှိသည့် ဒေသများတွင် မပါဝင်သေးသည့် အောက်ပါ တိုင်းဒေသကြီး/ပြည်နယ်များတွင် COVID- 19 ကာလအတွင်း တစ်ကြိမ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

အစီအစဉ်အကောင်အထည်ဖော်မည့်ဒေသများ

(၁) နေပြည်တော်ကောင်စီနယ်မြေ
(၂) ကချင်ပြည်နယ်
(၃) မကွေးတိုင်းဒေသကြီး
(၄) စစ်ကိုင်းတိုင်းဒေသကြီး(နာဂဒေသမပါ)
(၅) မန္တလေးတိုင်းဒေသကြီး
(၆) ရန်ကုန်တိုင်းဒေသကြီး
(၇) မွန်ပြည်နယ်
(၈) ပဲခူးတိုင်းဒေသကြီး
(၉) တနင်္သာရီတိုင်းဒေသကြီး

အစီအစဉ်တွင်အကျုံးဝင်သူများ

ကိုယ်ဝန်ဆောင်များအတွက် စာရင်းကောက်ယူမည့်ကာလကို ၂၀၂၀ ပြည့်နှစ်၊ သြဂုတ်လ (၁) ရက်နေ့မှ စက်တင်ဘာလ (၁၅) ရက်နေ့အထိ ကနဦး သတ်မှတ်ထားပါသည်။ အဆိုပါ ကာလအတွင်း ကိုယ်ဝန်ရှိကြောင်း **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ဆေးရုံ၊ ကျန်းမာရေးဌာနများ၏ အထောက်အထား** (သို့မဟုတ်) **တရားဝင်မှတ်ပုံတင်ထားသော ပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်းများ၏ အထောက်အထားရှိသူ** ကိုယ်ဝန်ဆောင်မိခင်များအားလုံး အကျုံးဝင်မည် ဖြစ်ပါသည်။

စာရင်းသွင်းမှုနည်းလမ်း

အကျုံးခံစားသူများကိုယ်တိုင် (သို့) ဆွေမျိုး/ မိတ်ဆွေ/ သူငယ်ချင်း (သို့) လူမှုဝန်ထမ်းဦးစီးဌာန၏ မိတ်ဖက်အသေးစားငွေကြေးလုပ်ငန်း အဖွဲ့များနှင့် လူမှုရေးအဖွဲ့များမှ တာဝန်ရှိသူများမှ Google Play Store နှင့် Apple Store တို့တွင် ငွေဗိုက် (Ngwe Bike) Application အား download ရယူပြီး စာရင်းသွင်းနိုင်မည်ဖြစ်ပါသည်။ ၎င်းအပြင် နီးစပ်ရာ လူမှုဝန်ထမ်းဦးစီးဌာနရုံးများတွင် လူကိုယ်တိုင်အထောက်အထားနှင့်တကွ စာရင်းသွင်းနိုင်ပါသည်။

အကျုံးခံစားမှု

အကျုံးခံစားခွင့်ရှိသူ ကိုယ်ဝန်ဆောင်များအနေဖြင့် ထောက်ပံ့ကြေး ပမာဏ (၃၀,၀၀၀) ကျပ်အား တစ်ကြိမ် ရရှိခံစားနိုင်မည် ဖြစ်ပါသည်။

ထောက်ပံ့မှုနည်းလမ်း

ထောက်ပံ့ကြေးအား အကျုံးခံစားခွင့်ရှိသူများ၏ ကိုယ်ပိုင်ဘဏ်စာရင်း (သို့) နီးစပ်ရာ ဘဏ်ခွဲများ (သို့) မိုဘိုင်းငွေလွှဲစနစ်ဖြင့် လွှဲပို့ထောက်ပံ့ခြင်း (သို့) သက်ဆိုင်ရာရပ်ကွက်/ကျေးရွာများရှိစုရပ်နေရာများ၌ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

နှိုးဆော်ချက်

ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ဤအစီအစဉ်တွင် အကျုံးဝင်နိုင်ရေးအတွက် လိုအပ်သည့် ကျန်းမာရေးအထောက်အထားများ ရရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ထားကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ဆက်သွယ်စုံစမ်းရန်

လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုကာကွယ်စောင့်ရှောက်ရေးဌာနခွဲ
၀၆၇-၃၄၀၄၅၅၃၊ ၀၆၇-၃၄၀၄၀၇၈၊ ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

ကိုဗစ်- ၁၉ ရောဂါနှင့် စပ်လျဉ်း၍ ကျန်းမာရေးထောက်ပံ့မှုများ ဝန်ဆောင်မှုပေးလျက်ရှိ

ရန်ကုန် သြဂုတ် ၆

ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ဆူးလေစကွဲအော့ဖစ်(စ်)တာဝါရှိ Dai-ichi Life Insurance Myanmar အာမခံလုပ်ငန်းမှ ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးထောက်ပံ့မှုအဖြစ် Dai-ichi People First Fund မှ ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

မိသားစုအသက်အာမခံ၊ မိသားစုပညာရေးငွေစုအာမခံနှင့် ချေးငွေအာမခံသုံးမျိုးကို ဝန်ဆောင်မှုပေးရာတွင် ငွေကျပ်သိန်း ၅၀၀ မတည်ထားသော Dai-ichi People First Fund ရန်ပုံငွေဖြင့် ကိုဗစ်- ၁၉ ရောဂါကြောင့် ဆေးရုံတက်ရောက်ခဲ့ ပါက နေ့စဉ်ငွေကျပ် ၁၅၀၀၀၀ နှင့် ရောဂါကြောင့် ဆေးကုသစဉ်သေဆုံးခဲ့ပါက ငွေကျပ်သိန်း ၃၀ ကို ထိုရန်ပုံငွေထဲမှ ဝန်ဆောင်မှုပေးမည်ဖြစ်ပြီး Dai-ichi Life Insurance Myanmar မှ ငွေကြေးစီမံခန့်ခွဲမှုနှင့် ရေရှည်ငွေစုခြင်းလုပ်ငန်းတို့တွင်လည်း အသက်အာမခံလုပ်ငန်းအနေဖြင့် ပံ့ပိုးနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

ဂျပန်နိုင်ငံ အသက်အာမခံကုမ္ဏီဖြစ်သော Dai-ichi Life Group ၏ ကုမ္ဏီခွဲများကို မြန်မာနိုင်ငံတွင် Dai-ichi Life Insurance Myanmar နှင့် ဂျပန်၊ အမေရိကန်၊ သြစတြေးလျ၊ ဗီယက်နမ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ထိုင်းနှင့် ကမ္ဘောဒီးယားစသော နိုင်ငံပေါင်း ကိုးနိုင်ငံတွင် ဖွင့်လှစ်ထားရှိပြီး ဂျပန်နိုင်ငံတွင် အသက်အာမခံလုပ်ငန်းအနေဖြင့် နှစ်ပေါင်း ၁၁၇ နှစ် သက်တမ်းရှိပြီဖြစ်ရာ မြန်မာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ် ဧနခေါရီလ၌ လုပ်ငန်းစတင်လည်ပတ်ခဲ့ကြောင်း သိရသည်။

"နိုင်ငံတော်က အာမခံလုပ်ငန်းဖြေလျှော့ပေးလို့ မြန်မာနိုင်ငံမှာ အာမခံလုပ်ငန်း လုပ်ဆောင်ခွင့်ရရှိတဲ့ အခြားကုမ္ဏီလေးခုလည်း တစ်ချိန်တည်း ဝင်ရောက်လာတာကို တွေ့ရမှာပါ။ နိုင်ငံမှာ ဒစ်ဂျစ်တယ်ချိတ်ဆက်မှု တိုးတက်မြန်ဆန်မှုဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ အာမခံလုပ်ငန်းတွေအတွက် ကောင်းမွန်တဲ့ ဝန်ဆောင်မှုကို အထောက်အကူဖြစ်စေတာကြောင့် ထာဝရ သင်နဲ့အတူ ဆောင်ပုဒ်နဲ့အညီ ဝန်ဆောင်မှုပေးနေပါတယ်" ဟု Dai-ichi Life Insurance Myanmar ၏ CEO ဖြစ်သူ ဒေါ်ဇာခြည်တင်က ပြောသည်။

သစ္စာ

အပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ ရေဆိပ်နှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှု နှိုင်းယှဉ်ချက်

စဉ်	လအမည်	၂၀၁၈-၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ်			၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ်		
		ကမ္ဘာလှည့်	လုပ်ငန်း	စုစုပေါင်း	ကမ္ဘာလှည့်	လုပ်ငန်း	စုစုပေါင်း
၁	အောက်တိုဘာ	၅၂၆၄၇	၂၁၀၀၅	၇၃၆၅၂	၉၁၈၃၆	၂၇၅၉၀	၁၁၉၄၂၆
၂	နိုဝင်ဘာလ	၇၇၄၉၈	၂၁၄၈၂	၉၈၉၈၀	၁၁၅၈၉၈	၂၇၄၈၈	၁၄၃၃၈၆
၃	ဒီဇင်ဘာလ	၈၂၄၇၄	၁၉၅၃၈	၁၀၂၀၁၂	၁၂၇၉၅၀	၂၄၉၆၇	၁၅၂၉၁၇
၄	ဇန်နဝါရီလ	၉၃၁၂၅	၁၈၆၈၉	၁၁၁၈၁၄	၁၂၃၆၂	၂၆၀၃၂	၁၄၉၆၅၄
၅	ဖေဖော်ဝါရီလ	၁၀၂၀၁၆	၂၄၆၁၂	၁၂၆၆၂၈	၄၆၈၇၉	၂၁၉၄၈	၆၈၈၂၇
၆	မတ်	၉၅၉၃၂	၂၃၆၉၃	၁၁၉၆၂၅	၁၄၄၇၉	၂၁၉၇၉	၃၆၄၅၈
၇	ဧပြီ	၇၁၁၄၈	၂၂၈၄၈	၉၃၉၉၆	၀	၆၁	၆၁
၈	မေ	၆၇၄၁၀	၂၂၁၃	၈၉၅၃၃	၀	၁၀၂	၁၀၂
၉	ဇွန်	၆၅၈၇၉	၂၁၇၁၄	၈၇၅၉၃	၁	၂၇၈	၂၇၉
၁၀	ဇူလိုင်	၇၈၈၃၅	၂၃၂၄၅	၁၀၂၀၈၀	၀	၄၂၆	၄၂၆
စုစုပေါင်း		**၇၈၆၉၆၄**	**၂၁၈၉၄၉**	**၁၀၀၅၉၁၃**	**၅၂၀၆၆၅**	**၁၅၀၈၈၇**	**၆၇၁၅၃၆**

မှတ်ချက်။ ၃၀-၃-၂၀၂၀ရက်နေ့မှစ၍ ပြည်ပလေယာဉ်ဆိုက်ရောက်မှု ယာယီရပ်ဆိုင်းထားသော်လည်း COVID-19 နှင့် ပတ်သက်သော အထူးလေယာဉ်များမှ ဝင်ရောက်သည့် နိုင်ငံခြားသားများဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှု နှိုင်းယှဉ်ချက်

စဉ်	အပြည်ပြည်ဆိုင်ရာ လေဆိပ်များနှင့် နယ်စပ်ဝင်/ထွက် ပေါက်များ	၂၀၁၉ ခုနှစ်၊ ဇူလိုင်လ		၂၀၂၀ ခုနှစ်၊ ဇူလိုင်လ		မှတ်ချက်
		ကမ္ဘာလှည့်	လုပ်ငန်း	ကမ္ဘာလှည့်	လုပ်ငန်း	
၁	ရန်ကုန်လေဆိပ်/ရေဆိပ်	၄၄၀၇၂	၁၆၇၀၅	၀	၄၂၁	
၂	မန္တလေးလေဆိပ်	၂၉၂၃၁	၄၂၂၄	၀	၅	
၃	နေပြည်တော်လေဆိပ်	၉၃၇	၂၉၇	၀	၀	
၄	မြိတ်လေဆိပ်	၀	၀	၀	၀	
၅	တာချီလိတ်	၃၂၇၃	၈၈	၀	၀	
၆	မြဝတီ	၁၀၇၉	၁၈၂၀	၀	၀	
၇	ကော့သောင်း	၄၉	၇၀	၀	၀	
၈	ထီးခီး	၆	၂၃	၀	၀	
၉	တမူး	၁၈၂	၁၈	၀	၀	
၁၀	ရိုခေါဒါရိ	၆	၀	၀	၀	
စုစုပေါင်း		**၇၈၈၃၅**	**၂၃၂၄၅**	**၀**	**၄၂၆**	

မှတ်ချက်။ ၃၀-၃-၂၀၂၀ ရက်နေ့မှစ၍ ပြည်ပလေယာဉ်ဆိုက်ရောက်မှု ယာယီရပ်ဆိုင်းထားသော်လည်း COVID- 19 နှင့် ပတ်သက်သော အထူးလေယာဉ်များမှ ဝင်ရောက်သည့်နိုင်ငံခြားသားများဖြစ်ပါသည်။

တိုင်းပြည်တည်ဆောက်ခြင်း အနုပညာ အတွေးဒဿန စာစုများ

လွင်သူဦး ရေးသားသည့် တိုင်းပြည်တည်ဆောက်ခြင်း အနုပညာ အတွေးဒဿနစာစုများ စာအုပ် ပထမအကြိမ်အဖြစ် သြဂုတ်လတွင် ထွက်ရှိပြီ ဖြစ်သည်။

ယခုထွက်ရှိလာသော စာအုပ်တွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာအားကောင်းစေရန် တွန်းအားပေးရေးသားထားသည့် စာစုများ ပါဝင်သည့် အတွက် ဖတ်ရှုသင့်သော စာအုပ်တစ်အုပ် ဖြစ်သည်။

စာအုပ်ကို မေသွယ်ခိုင်(၀၀၄၄၅)၊ လင်းသန့်စာပေ၊ ၀၉-၂၅၈၅၅၅၁၁၀ မှ တန်ဖိုး ငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။

သတင်းစဉ်

၂၀၂၀ ပြည့်နှစ် သြဂုတ်လထုတ် သုတပဒေသာစာစောင်ထွက်ရှိ

၁၉၇၃ ခုနှစ် ဧရိယာ၊ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများ ပြုလုပ်ပြီး အသက် ၁၈ နှစ် မှ ၂၅ နှစ်အတွင်းရှိ လူငယ်များကို ဦးတည်ပရိသတ် အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာ ခေတ်မီ အကြောင်းအရာများနှင့် ယခုလအတွက် အထူးပြုရေးသားသည့် “ကပ်ရောဂါနှင့် ကမ္ဘာ့စီးပွားရေးအခြေအနေ” မျက်နှာဖုံး ဆောင်းပါးကြီးများ ပါဝင်သော သုတပဒေသာစာစောင် (သြဂုတ်လ) ကို ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်သည် ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် သြဂုတ်လ ထုတ် သုတပဒေသာစာစောင်တွင် ဆရာခင်မောင်ညို (ဘောဂဗေဒ)၊ သက်ထွန်းဦး၊ A.K.Moe၊ သန်းစော (စီပီအေ) တို့၏ “ကပ်ရောဂါနှင့် ကမ္ဘာ့စီးပွားရေး အခြေအနေ” မျက်နှာဖုံး ဆောင်းပါးများ၊ ကြည်မင်း၊ နေမျိုးနိုင်တို့၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာ ဆောင်းပါးများ၊ ရဲရင့်နဒီ၊ အေးဖြူတို့၏ နိုင်ငံတကာဆိုင်ရာ ဆောင်းပါးများ၊ ပါမောက္ခ ဦးသိန်းလှိုင်၊ သောင်းထိုက်ဦး (သက်ခ်ိန်းကျွန်းကြီး)တို့၏ သဘာဝပတ်ဝန်းကျင် ရှုထောင့်ဆိုင်ရာ ဆောင်းပါးများ၊ ကိုဇော်ဌေး (ယဉ်ကျေးမှု)၊ ရှင်စောဖြူတို့၏ မူးယစ်ဆိုင်ရာ ဆောင်းပါးများ၊ ဒေါက်တာ မြင့်သန်း (သန္ဓေသား)၊ မြသိန်းတို့၏ ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ ခိုင်ဇော်(ဒဿန)၊ ကြည်လွင်ဦး (ရေနုံ)၊ စိုးစိုး (ပန်းတောင်း)၊ မောင်ရဲလွင်၊ နိုင်သောင်းထွန့်၊ ကိုရင်ကျော်၊ ခြယ်မှုန်းသီ၊ ဆောင်းဝင်းလတ်၊ စိန်ဝင်းနွယ်၊ မြင့်မြတ်သီတာ၊ မော်(သန်လျင်)တို့၏ ကဗျာ၊ ဟာသ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန်နှင့် အထွေထွေ ကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ် အရောင်းဆိုင်၊ အမှတ်(တ-၅၅)၊ သပြေကုန်းစျေး၊ နေပြည်တော်၊ ဖုန်း- ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ အမှတ်(၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့ စာပေဗိမာန်စာအုပ် အရောင်းဆိုင် ၈၆ လမ်း၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေး ဖုန်း- ၀၂ - ၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်အရောင်း ဆိုင်အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁ - ၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ တို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်

အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေး အန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးရှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ယနေ့ဈေးကွက်ပေါက်ဈေးများ

(၆ - ၈ - ၂၀၂၀)

ရွှေ

ရန်ကုန်	၁၆ ပဲရည်	ရောင်းဈေး	တစ်ကျပ်သား	ကျပ်	၁၃၂၂၀၀၀
ရန်ကုန်	၁၆ ပဲရည်	ပြန်ဝယ်ဈေး	တစ်ကျပ်သား	ကျပ်	၁၃၁၈၀၀၀
ရန်ကုန်	၁၅ ပဲရည်		တစ်ကျပ်သား	ကျပ်	၁၂၄၄၂၀၀
မန္တလေး	၁၆ ပဲရည်	ရောင်းဈေး	တစ်ကျပ်သား	ကျပ်	၁၃၂၂၀၀၀
မန္တလေး	၁၆ ပဲရည်	ပြန်ဝယ်ဈေး	တစ်ကျပ်သား	ကျပ်	၁၃၁၈၀၀၀
မန္တလေး	၁၅ ပဲရည်		တစ်ကျပ်သား	ကျပ်	၁၂၄၄၂၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)		လက်လီဈေး(မန္တလေး)	
ဒီဇယ်(တစ်လီတာ)	၅၄၀/၅၇၀	ကျပ်	၅၇၀/၅၈၀	ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၅၅၀/၅၈၅	ကျပ်	၅၈၅/၅၉၅	ကျပ်
အောက်တိန်း ၉၂	၄၉၀/၅၂၀	ကျပ်	၅၅၀/၅၆၀	ကျပ်
အောက်တိန်း ၉၅	၆၂၀/၆၃၅	ကျပ်	၆၇၅/၆၉၀	ကျပ်

(Yangon Petrol မှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ်	၁၃၅၆	. ၅
ဥရောပ	တစ်ယူရို	ကျပ်	၁၆၀၇	. ၂
စင်ကာပူ	တစ်ဒေါ်လာ	ကျပ်	၉၈၉	. ၆၀
ဖြိတိန်	တစ်ပေါင်စတာလင်	ကျပ်	၁၇၈၅	. ၀
ဂျပန်	၁၀၀ ယန်း	ကျပ်	၁၂၈၃	. ၇
သြစတြေးလျ	တစ်ဒေါ်လာ	ကျပ်	၉၇၄	. ၀၀
တရုတ်	တစ်ယွမ်	ကျပ်	၁၉၅	. ၂၈
အိန္ဒိယ	တစ်ရူပီး	ကျပ်	၁၈	. ၀၈၉
ကိုရီးယား	၁၀၀ ဝမ်	ကျပ်	၁၁၄	. ၄၀
မလေးရှား	တစ်ရင်းဂစ်	ကျပ်	၃၂၃	. ၇၅
ထိုင်း	တစ်ဘတ်	ကျပ်	၄၃	. ၆၁၀

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

စတော့အိတ်ချိန်းဈေးကွက်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၀၅၅၀၀	၁၀၀၀၀	၁၄၄	၁၅၀၆၅၅၀
MTSH	၃၈၀၀	၃၇၅၀	၄၂၄၁	၁၇၀၂၈၃၀၀
MCB	၈၁၀၀	၈၁၀၀	၃၁	၂၅၁၁၀၀
FPB	၂၂၀၀	၂၂၀၀	၃	၆၆၀၀
TMH	၂၈၅၀	၂၈၅၀	၄၀	၁၁၉၇၀၀
EFR	၂၉၀၀	၂၉၀၀	၆၀	၉၈၁၀၀၀

ခင်ရတနာ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
ခေတ္တစာတည်းမှူး	-	ဝင်းကျော်
သတင်းထောက်ချုပ်	-	မြင့်ဆွေ
စာတည်းများ	-	ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဧရိုင်မိုး၊ မြတ်မွန်ထွေး၊
ဘာသာပြန် စာတည်း	-	ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ	-	ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်း သတင်းထောက်များ	-	နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး
ဓာတ်ပုံ သတင်းထောက်	-	တင်စိုး
သုတေသန	-	အိအိခင်နှင့် အဖွဲ့
စာပြင်	-	ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း	-	သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၁၄၊ စီမံ ၀၁-၅၄၄၃၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၅၈၃၄၊ ၀၁- ၅၅၉၁၁၈၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၃၀၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

၂၀၂၀ ပြည့်နှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မည်ဖြစ်ရာ အဆိုပါရွေးကောက်ပွဲကြီးနှင့် ပတ်သက်၍ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။

(စာတည်းအဖွဲ့)

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၃၂)
မဲဆန္ဒနယ်ပြင်ပရောက်ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဆန္ဒမဲပေးနိုင်ရေး

မောင်စာဂ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၂ ရက်နေ့ ရက်စွဲပါကြေညာချက် အမှတ် (၁၁၈ / ၂၀၂၀) ဖြင့် ပြည်ပရောက်မဲဆန္ဒရှင်များက ပုံစံ(၁၅) များကို သက်ဆိုင်ရာ သံရုံးများတွင် စတင် ထုတ်ယူနိုင်မည့် နေ့ရက်နှင့် သံရုံးများသို့ ပေးပို့နိုင်မည့် နေ့ရက်များကို ထုတ်ပြန်ကြေညာခဲ့သည်။ တစ်ဆက်တည်းမှာပင် ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်း၍ အသိပေးကြေညာချက် ထုတ်ပြန်ခဲ့သည်။ ဤတွင် မဲဆန္ဒနယ်ပြင်ပရောက် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရန်နှင့် မဲစာရင်းတွင်အမည်ပါရေးအတွက် မည်သို့လိုက်နာဆောင်ရွက်သွားကြပါမည်နည်း။ အနှစ်ချုပ်မျှဝေပါရစေ။

ပြည်ပရောက်ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ

ရွေးကောက်ပွဲကျင်းပသည့်အချိန်၌ နိုင်ငံပြင်ပတွင် ရောက်ရှိနေသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ သံအဖွဲ့ဝင်များ၊ သံရုံးအဖွဲ့ဝင်များ၊ ပညာတော်သင်များ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများနှင့် ယင်းတို့အသီးသီး၏ အိမ်ထောင်စုဝင်များသည် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ဖြစ်ကြသည်။ ထိုသူများသည် သက်ဆိုင်ရာမဲဆန္ဒနယ်၏ ပြင်ပသို့ ရောက်ရှိနေပြီး နိုင်ငံပြင်ပရောက် မဲဆန္ဒရှင်များ ဖြစ်သည်။

မဲဆန္ဒနယ်ပြင်ပရောက် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ

ရွေးကောက်ပွဲကျင်းပသည့်အချိန်၌ သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပသို့ ရောက်ရှိနေသော တပ်မတော်သားများ၊ ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများနှင့် ဆေးရုံသို့တက်ရောက်ကုသခံနေရသူများသည် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ဖြစ်ကြသည်။ ထိုသူများသည် သက်ဆိုင်ရာမဲဆန္ဒနယ်၏ ပြင်ပသို့ ရောက်ရှိနေပြီး ပြည်တွင်းရှိ မဲဆန္ဒရှင်များ ဖြစ်သည်။

ပုံစံ (၁၅) ဆိုသည်မှာ

ပုံစံ(၁၅)သည် သက်ဆိုင်ရာလွတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ၏ နည်းဥပဒေ ၅၆ (က) နှင့် ၅၇ (က) တို့အရ သတ်မှတ်ပေးသည့်ပုံစံဖြစ်သည်။ သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေး ပိုင်ခွင့်ရှိသူများက ယင်းပုံစံတွင်ဖြည့်သွင်းပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးခွင့်ပြုရန် တောင်းဆိုသည့်ပုံစံဖြစ်သည်။ ဖြည့်သွင်းရန်အချက် (၉) ချက် သတ်မှတ်ထားသည်။

ဖြည့်သွင်းရမည့်အချက် (၉) ချက်မှာ တောင်းဆိုသူ၏အမည်၊ တိုင်းရင်းသားလူမျိုး၊ မှတ်ပုံတင်အမှတ်၊ မွေးသက္ကရာဇ် (အသက်)၊ အဘအမည်၊ အမိအမည်၊ တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာ၊ တောင်းဆိုသူ ယခုရောက်ရှိနေသည့် ရပ်ကွက်/ကျေးရွာ၊ မြို့နယ်/ဌာန (ပြည်တွင်း) နှင့် တောင်းဆိုသူ ယခုရောက်ရှိနေသည့် ရပ်ကွက်/ကျေးရွာ၊ မြို့နယ်၊ နိုင်ငံ (ပြည်ပ) ခွဲခြားဖော်ပြရန်တို့ ဖြစ်သည်။

ဆန္ဒမဲပေးပိုင်ခွင့်မဆုံးရှုံးစေရေး

မဲဆန္ဒနယ်ပြင်ပရောက် (ပြည်တွင်း + ပြည်ပ) ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရေးမှာ မဲဆန္ဒရှင်များအပိုင်းက လိုက်နာဆောင်ရွက်ရမည့် အချက်များရှိသည်။ တာဝန်ရှိသူများအပိုင်းက လိုက်နာဆောင်ရွက်ရမည့် အချက်များရှိသည်။ နှစ်ဖက်စလုံးက မိမိတို့လိုက်နာဆောင်ရွက်ရမည့် အပိုင်းတွင် တာဝန်ကျေပွန်စွာဆောင်ရွက်ကြဖို့သည် အရေးကြီးသည်။

ပြည်ပရောက် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ လိုက်နာရမည်မှာ

ပြည်ပရောက် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် မိမိတို့ကြိုတင်မဲပေးနိုင်ရေးအတွက် ပုံစံ (၁၅) များကို ၃-၇-၂၀၂၀ ရက်နေ့မှစ၍ သက်ဆိုင်ရာ သံရုံးများတွင် စတင်၍ ထုတ်ယူနိုင်ကြပါသည်။ ထို့အပြင် ယင်းပုံစံ (၁၅) များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် Website ၊ နိုင်ငံခြားရေးဝန်ကြီးဌာန Website နှင့် သက်ဆိုင်ရာသံရုံး Website များမှလည်း Download ရယူနိုင်သည်။

ပုံစံ (၁၅) များကို ပြည့်ပြည့်စုံစုံ မှန်မှန်ကန်ကန် ဖြည့်စွက်ပါ။ အထူးအရေးကြီးသည်မှာ မိမိ၏ အမြဲတမ်းနေရပ်လိပ်စာဖြစ်သည့် ပြည်တွင်းက လိပ်စာကိုလည်း မှန်မှန်ကန်ကန် ဖော်ပြရမည်။ မိမိရောက်ရှိနေသည့် ပြည်ပ နိုင်ငံအတွင်းရှိ မိမိနေထိုင်ရာလိပ်စာကိုလည်း မှန်မှန်ကန်ကန် ဖြည့်သွင်းဖို့ လိုအပ်သည်။ ပုံစံ (၁၅) များကို ဖြည့်သွင်းပြီးလျှင် သတ်မှတ်ထားသည့်အတိုင်း ၁၆-၇-၂၀၂၀ ရက်နေ့ မှ ၅-၈-၂၀၂၀ ရက်နေ့အတွင်း သက်ဆိုင်ရာ သံရုံးများသို့ ပြန်လည်ပေးပို့ကြရမည်ကို သတိမူကြရပါမည်။

မဲဆန္ဒနယ်ပြင်ပရောက်ပြည်တွင်းရှိ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများလိုက်နာရမည်မှာ

မဲဆန္ဒနယ်ပြင်ပရောက် ပြည်တွင်းရှိကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် ပုံစံ (၁၅) များကို မိမိရောက်ရှိနေသည့် သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများ၏ အကြီးအမှူးများထံမှ တောင်းယူပါ။ ပုံစံ (၁၅) များကို မှန်မှန်ကန်ကန် ဖြည့်သွင်းပါ။ အထူးသဖြင့် မိမိအမြဲတမ်းနေထိုင်သည့်နေရာ၏ နေရပ်လိပ်စာတို့ကို မှန်မှန်ကန်ကန် ဖြည့်သွင်းပါ။ ဖြည့်သွင်းပြီးပုံစံများကို အကြီးအမှူးများက သတ်မှတ်ပေးသည့်နေ့ရက်တွင် အချိန်မီပြန်ပို့ပါ။ အကြီးအမှူးသည် ပုံစံ (၁၅) များကို မြို့နယ်ကော်မရှင် အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက်နေ့အရောက် ပေးပို့သွားမည်ဖြစ်သည်။

တာဝန်ရှိသူများအပိုင်း
(နိုင်ငံခြားရေးဝန်ကြီးဌာနက ဆောင်ရွက်ရမည်မှာ)

နိုင်ငံပြင်ပတွင် ရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများက ကြိုတင်၍ ဆန္ဒမဲပေးနိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ပေးရမည်ဟူ၍ သက်ဆိုင်ရာ လွတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၇ (ခ) တွင် ပြဋ္ဌာန်းထားသည်။

ထို့ပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၃-၇-၂၀၂၀ ရက်စွဲဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ မေတ္တာရပ်ခံသည့်အနေဖြင့် ပေးပို့သည့်စာ၌လည်း ဤသို့ ဖော်ပြထားသည်-

သက်ဆိုင်ရာသံရုံး၊ အမြဲတမ်းကိုယ်စားလှယ်ရုံးနှင့် ကောင်စစ်ဝန်ရုံးများသည် အတည်ပြုထားသော ပုံစံ(၁၅) များကို သက်ဆိုင်ရာမဲဆန္ဒရှင်များအား ဖြန့်ဖြူးပေးပြီး နောက် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို ၁၆-၇-၂၀၂၀ ရက်နေ့တွင် စတင်လက်ခံရမည်။

မဲဆန္ဒရှင်များသည် ပုံစံ (၁၅) များဖြည့်သွင်းပြီး သက်ဆိုင်ရာ သံရုံး၊ အမြဲတမ်းကိုယ်စားလှယ်ရုံးနှင့် ကောင်စစ်ဝန်ရုံးများသို့ ၅-၈-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရမည်။

နိုင်ငံခြားရေးဝန်ကြီးဌာနသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို ကော်မရှင်သို့ ၁၉-၈-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရမည်။

ကော်မရှင်သည် နိုင်ငံပြင်ပရှိ ကြိုတင်ဆန္ဒမဲပေးမည့်သူများအတွက် ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို ၂၃-၉-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့မည်ဖြစ်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနသည် နိုင်ငံပြင်ပမှ ဆန္ဒပြုပြီးသော ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို ကော်မရှင်သို့ ၂၈-၁၀-၂၀၂၀ ရက်နေ့

> **"မဲဆန္ဒနယ်ပြင်ပရောက် (ပြည်တွင်း + ပြည်ပ) ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရေးမှာ မဲဆန္ဒရှင်များအပိုင်းက လိုက်နာဆောင်ရွက်ရမည့်အချက်များရှိ၊ တာဝန်ရှိသူများအပိုင်းက လိုက်နာဆောင်ရွက်ရမည့်အချက်များရှိ၊ နှစ်ဖက်စလုံးက မိမိတို့ လိုက်နာဆောင်ရွက်ရမည့်အပိုင်းတွင် တာဝန်ကျေပွန်စွာ ဆောင်ရွက်ကြဖို့သည် အရေးကြီး"**

ဖြည့်သွင်းပြီးလျှင် သတ်မှတ်ထားသည့်အတိုင်း ၁၆-၇-၂၀၂၀ ရက်နေ့ မှ ၅-၈-၂၀၂၀ ရက်နေ့အတွင်း သက်ဆိုင်ရာ သံရုံးများသို့ ပြန်လည်ပေးပို့ကြရမည်ကို သတိမူကြရပါမည်။

မဲဆန္ဒနယ်ပြင်ပရောက်ပြည်တွင်းရှိ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများလိုက်နာရမည်မှာ

မဲဆန္ဒနယ်ပြင်ပရောက် ပြည်တွင်းရှိကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် ပုံစံ (၁၅) များကို မိမိရောက်ရှိနေသည့် သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများ၏ အကြီးအမှူးများထံမှ တောင်းယူပါ။ ပုံစံ (၁၅) များကို မှန်မှန်ကန်ကန် ဖြည့်သွင်းပါ။ အထူးသဖြင့် မိမိအမြဲတမ်းနေထိုင်သည့်နေရာ၏ နေရပ်လိပ်စာတို့ကို မှန်မှန်ကန်ကန် ဖြည့်သွင်းပါ။ ဖြည့်သွင်းပြီးပုံစံများကို အကြီးအမှူးများက သတ်မှတ်ပေးသည့်နေ့ရက်တွင် အချိန်မီပြန်ပို့ပါ။ အကြီးအမှူးသည် ပုံစံ (၁၅) များကို မြို့နယ်ကော်မရှင် အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက်နေ့အရောက် ပေးပို့သွားမည်ဖြစ်သည်။

တာဝန်ရှိသူများအပိုင်း
(နိုင်ငံခြားရေးဝန်ကြီးဌာနက ဆောင်ရွက်ရမည်မှာ)

နိုင်ငံပြင်ပတွင် ရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများက ကြိုတင်၍ ဆန္ဒမဲပေးနိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ပေးရမည်ဟူ၍ သက်ဆိုင်ရာ လွတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၇ (ခ) တွင် ပြဋ္ဌာန်းထားသည်။

ထို့ပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၃-၇-၂၀၂၀ ရက်စွဲဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ မေတ္တာရပ်ခံသည့်အနေဖြင့် ပေးပို့သည့်စာ၌လည်း ဤသို့ ဖော်ပြထားသည်-

သက်ဆိုင်ရာသံရုံး၊ အမြဲတမ်းကိုယ်စားလှယ်ရုံးနှင့် ကောင်စစ်ဝန်ရုံးများသည် အတည်ပြုထားသော ပုံစံ(၁၅) များကို သက်ဆိုင်ရာမဲဆန္ဒရှင်များအား ဖြန့်ဖြူးပေးပြီး နောက်ဆုံးထား၍ ပေးပို့ရမည်။

အထက်ပါလုပ်ငန်းစဉ်များ အောင်မြင်ချောမွေ့စေရန် အစိုးရခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက်ရှိနေသူများ ကြိုတင်ဆန္ဒမဲပေးခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်သွားရေးဖြစ်သည်။ ဤသို့ဆောင်ရွက်မည်ဆိုလျှင် နိုင်ငံပြင်ပရောက်ရှိနေသူများ ကြိုတင်မဲပေးခြင်းလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်သွားနိုင်မည်။

ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကဆောင်ရွက်ရမည်မှာ

သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပသို့ ရောက်နေသော (ပြည်တွင်း) တပ်မတော်သားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများနှင့် ဆေးရုံသို့တက်ရောက်ကုသခံနေရသူများသည် ကြိုတင်ဆန္ဒမဲ လက်မှတ်ဖြင့် သက်ဆိုင်ရာ မဲဆန္ဒနယ်အတွက် ဆန္ဒမဲပေးနိုင်ရန် သက်ဆိုင်ရာမြို့နယ် ကော်မရှင်အဖွဲ့ခွဲက စီစဉ်ပေးရမည်ဟူ၍ သက်ဆိုင်ရာ လွတ်တော်ရွေးကောက်ပွဲများဥပဒေပုဒ်မ ၄၅ (က) တွင် ပြဋ္ဌာန်းထားသည်။

မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသည် သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများ၏ အကြီးအမှူးများက ပုံစံ (၁၅) များ တောင်းခံလာလျှင် အသင့်ဖြစ်အောင် စီစဉ်ထားရှိရမည်။ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများ၏ အကြီးအမှူးများက မဲဆန္ဒရှင်များ ဖြည့်သွင်းပြီးသည့်ပုံစံများကိုပြန်ပို့၍ လက်ခံရရှိသည့်အခါ သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင် အဖွဲ့ခွဲများသို့ ပေးပို့ရမည်။

ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသည် မြို့နယ်ကော်မရှင်အဖွဲ့ခွဲကပေးပို့လာသည့် ပုံစံ (၁၅) များကို လက်ခံရရှိသည့်အခါ မဲဆန္ဒနယ်ပြင်ပရောက် (ပြည်တွင်း) ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်း ပုံစံ (၁-၁) တွင် ဖြည့်သွင်းရမည်။ မိတ္တူတစ်စောင်ကို မိမိတို့ကော်မရှင် အဖွဲ့ခွဲရုံးတွင် ကပ်ထားရသည်။ ဤသို့ဖြင့် ကြိုတင်ဆန္ဒမဲပေးခွင့် မဆုံးရှုံးတော့ပါ။

မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မိမိတို့မြို့နယ် အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ မဲဆန္ဒနယ် ပြင်ပရောက် တပ်မတော်သားများနှင့် အတူနေမိသားစုများ၏ အမည်စာရင်းရရှိစေရေးအတွက် သက်ဆိုင်ရာ တပ်မှူးထံမှ တောင်းယူရမည်။ ထိုစာရင်းများရရှိသည့်အခါ သက်ဆိုင်ရာ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ ဆက်လက်ပေးပို့ရမည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသည် ယင်းစာရင်းများကိုစိစစ်၍ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးရမည့် တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များ၏ စာရင်းကို ပုံစံ (၁-၂) ဖြင့် ရေးမှတ်ထားရမည်။ ဤသို့ဖြင့် ကြိုတင်ဆန္ဒမဲ ပေးခွင့် မဆုံးရှုံးတော့ပါ။

မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကပေးပို့လာသော နိုင်ငံပြင်ပရောက် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ ပုံစံ (၁၅) များကို လက်ခံရရှိသည့်အခါ သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသည် ယင်းစာရင်းများကိုစိစစ်၍ မဲဆန္ဒနယ်ပြင်ပ ရောက် (နိုင်ငံပြင်ပ) ကြိုတင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏စာရင်း ပုံစံ (၁-၃) တွင် ဖြည့်သွင်းရမည်။ မိတ္တူတစ်စောင် ကို မိမိတို့ကော်မရှင်အဖွဲ့ခွဲရုံးတွင် ကပ်ထားရမည်။ ဤသို့ဖြင့် ကြိုတင်ဆန္ဒမဲပေးခွင့် မဆုံးရှုံးတော့ပါ။

အကြီးအမှူးကဆောင်ရွက်ရမည်မှာ

သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းတို့၏ အကြီးအမှူးများသည် ကြိုတင်ဆန္ဒမဲပေးခွင့် ရှိသူများက ဖြည့်သွင်းပြီးတင်ပြလာသော ပုံစံ (၁၅) များကို သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက်နေ့အရောက် ပေးပို့သွားရန်ဖြစ်သည်။ အကယ်၍ ၂၆-၈-၂၀၂၀ ရက်နေ့ နောက်ပိုင်းတွင်မှရောက်ရှိလာသူများရှိခဲ့သော် ယင်းတို့၏ ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်သွားရန်ဖြစ်သည်။

မဲစာရင်းတွင်အမည်ပါရှိရေးသည် ကနဦးလိုအပ်ချက်ပါ

ယခုဖော်ပြချက်များသည် ဆန္ဒမဲပေးခြင်းအဆင့်သို့ မရောက်သေးပါ။ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲစာရင်းတွင် အမည်ပါရှိရေးကို ဦးတည်ထားသည်။ မဲစာရင်းတွင် အမည်ပါမှ ဆန္ဒမဲပေး ပိုင်ခွင့်ရှိမည်ဖြစ်သည်။ မဲစာရင်းတွင် အမည်ပါရှိရေးသည် ကနဦးလိုအပ်ချက်ဖြစ်သည်။ မဲဆန္ဒနယ် ပြင်ပရောက်ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မကျန်ရှိရအောင် ပုံစံ (၁-၁)၊ (၁-၂)၊ (၁-၃)၊ (၁-၃) မဲစာရင်းများတွင် အမည်ပါရှိရေး သက်ဆိုင်ရာမဲဆန္ဒရှင်များ၊ ဌာနအသီးသီးမှ အကြီးအမှူးများ၊ ရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တို့မှ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့်သာ အဆင်ပြေချောမွေ့သွားနိုင်မည်ဟု ယုံကြည်မိကြောင်းပါဗျာ။

- ❖ မဲဆန္ဒနယ်ပြင်ပရောက် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး မဲစာရင်းတွင် အမည်စာရင်းပါရှိရေး သတ်မှတ်ပုံစံများတွင် ပြည့်စုံမှန်ကန်စွာ ရေးသွင်းဆောင်ရွက်နိုင်ကြပါစေ။
- ❖ မဲဆန္ဒရှင်များအားလုံး ဆန္ဒမဲပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း အကြီးအမှူးများနှင့် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအသီးသီးမှ တာဝန်ရှိသူများက ပြည်သူတို့နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြပါစေ။ ။

ကျန်းမာရေးမှူးနှင့် ပြည်သူ့ကျန်းမာရေး ကြီးကြပ်ကောင်စီဥပဒေပြဋ္ဌာန်း

ကျန်းမာရေးမှူးနှင့် ပြည်သူ့ကျန်းမာရေး ကြီးကြပ်ကောင်စီဥပဒေ
(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၁။)
၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်
(၂၀၂၀ ပြည့်နှစ်၊ သြဂုတ်လ ၆ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ကျန်းမာရေးမှူးနှင့် ပြည်သူ့ကျန်းမာရေး ကြီးကြပ်ကောင်စီဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ကောင်စီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ကျန်းမာရေးမှူးနှင့် ပြည်သူ့ကျန်းမာရေး ကြီးကြပ်ကောင်စီကို ဆိုသည်။

(ခ) **ကောင်စီဝင်** ဆိုသည်မှာ ကောင်စီတွင်ပါဝင်သူ တစ်ဦးဦးကို ဆိုသည်။

(ဂ) **ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု** ဆိုသည်မှာ ကျန်းမာရေး အဆင့်အတန်းမြှင့်တင်ခြင်း၊ ရောဂါကြိုတင်ကာကွယ်ခြင်း၊ ကုသမှုပေးခြင်း၊ ကျန်းမာရေးပြန်လည်ထူထောင်ခြင်း၊ သုတေသနပြုခြင်းနှင့် ကျန်းမာရေးပညာပေးခြင်း အပါအဝင် ပဏာမကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းအားလုံးနှင့် သက်ဆိုင်သော ဆောင်ရွက်ချက်ကို ဆိုသည်။

(ဃ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(င) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို ဆိုသည်။

(စ) **ဦးစီးဌာန** ဆိုသည်မှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနကို ဆိုသည်။

(ဆ) **ကျန်းမာရေးမှူးအသင်း** ဆိုသည်မှာ မြန်မာနိုင်ငံ ကျန်းမာရေးမှူး အသင်း ဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီ ဖွဲ့စည်းထားသော မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းကို ဆိုသည်။

(ဇ) **ကျန်းမာရေးမှူး** ဆိုသည်မှာ ဝန်ကြီးဌာနက အသိအမှတ်ပြုထားသည့် ကျန်းမာရေးမှူး အောင်လက်မှတ်ရရှိသူ သို့မဟုတ် အခြေခံကျန်းမာရေးတက္ကသိုလ်မှ ကျန်းမာရေးသိပ္ပံ (အခြေခံကျန်းမာရေး) ဘွဲ့ရရှိသူကို ဆိုသည်။

(စျ) **မှတ်ပုံတင်ကျန်းမာရေးမှူး** ဆိုသည်မှာ ကောင်စီက ဤဥပဒေအရ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်ရရှိသည့် ကျန်းမာရေးမှူးကို ဆိုသည်။

(ည) **ပြည်သူ့ကျန်းမာရေးကြီးကြပ်** ဆိုသည်မှာ ဝန်ကြီးဌာနက အသိအမှတ်ပြုထားသည့် ပြည်သူ့ကျန်းမာရေးကြီးကြပ် (၁) သို့မဟုတ် ပြည်သူ့ကျန်းမာရေးကြီးကြပ် (၂) အောင်လက်မှတ်ရရှိသူကို ဆိုသည်။

(ဋ) **မှတ်ပုံတင်ပြည်သူ့ကျန်းမာရေးကြီးကြပ်** ဆိုသည်မှာ ကောင်စီက ဤဥပဒေအရ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်ရရှိသည့် ပြည်သူ့ကျန်းမာရေးကြီးကြပ်ကို ဆိုသည်။

(ဌ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ကောင်စီက ဤဥပဒေအရ မှတ်ပုံတင်သည့် ကျန်းမာရေးမှူး သို့မဟုတ် ပြည်သူ့ကျန်းမာရေးကြီးကြပ်ကို ထုတ်ပေးသော လက်မှတ်ကို ဆိုသည်။

(ဍ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ ကျန်းမာရေးမှူး သို့မဟုတ် ပြည်သူ့ကျန်းမာရေးကြီးကြပ်၏ မှတ်ပုံတင်ခြင်းဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် ကောင်စီက ခန့်အပ်သော အငြိမ်းစား မှတ်ပုံတင်ကျန်းမာရေးမှူးကို ဆိုသည်။

အခန်း(၂)
ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ထိရောက်သော ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကို အများပြည်သူတို့ ခံစားခွင့်ရရှိစေရန်၊

(ခ) မှတ်ပုံတင်ကျန်းမာရေးမှူးနှင့် မှတ်ပုံတင်ပြည်သူ့ကျန်းမာရေးကြီးကြပ်များ၏ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေး၊ အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်ရန်၊

(ဂ) ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ပညာရပ်ကို မှတ်ပုံတင်ကျန်းမာရေးမှူးနှင့် မှတ်ပုံတင် ပြည်သူ့ကျန်းမာရေးကြီးကြပ်များက ခေတ်နှင့်အညီ အဆင့်အတန်းမြင့်မားစွာ စဉ်ဆက်မပြတ် လေ့လာဆည်းပူးနိုင်စေရန်၊

(ဃ) မှတ်ပုံတင်ကျန်းမာရေးမှူးနှင့် မှတ်ပုံတင်ပြည်သူ့ကျန်းမာရေးကြီးကြပ်များအား မိမိတို့၏ကိုယ်ကျင့်သိက္ခာကို အစဉ်လိုက်နာ စောင့်ထိန်းစေရေးအတွက် ကြီးကြပ်ထိန်းသိမ်းရန်၊

(င) သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်။

အခန်း(၃)
ကောင်စီဖွဲ့စည်းခြင်း

၄။ ဝန်ကြီးဌာနသည်-

(က) ကောင်စီကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(၁) ညွှန်ကြားရေးမှူးချုပ် ဥက္ကဋ္ဌ
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးနှင့်
အားကစားဝန်ကြီးဌာန

(၂) ကျန်းမာရေးမှူးအသင်း ဒုတိယဥက္ကဋ္ဌ
ညီလာခံက ရွေးချယ်တာဝန်
ပေးအပ်သော ကျန်းမာရေးမှူး
ကိုယ်စားလှယ်တစ်ဦး

(၃) ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အဖွဲ့ဝင်
ကိုယ်စားလှယ်တစ်ဦး

(၄) ကျန်းမာရေးလူစွမ်းအား အဖွဲ့ဝင်
အရင်းအမြစ်ဦးစီးဌာနမှ
ကိုယ်စားလှယ်တစ်ဦး

(၅) အခြေခံကျန်းမာရေး အဖွဲ့ဝင်
တက္ကသိုလ်မှ ကိုယ်စားလှယ်တစ်ဦး

(၆) ကျန်းမာရေးမှူးအသင်း အဖွဲ့ဝင်
ညီလာခံက ရွေးချယ်
တာဝန်ပေးအပ်သော ကျန်းမာရေးမှူး
ကိုယ်စားလှယ်တစ်ဦး

(၇) ကျန်းမာရေးမှူးအသင်း အဖွဲ့ဝင်
ညီလာခံက ရွေးချယ်တာဝန်
ပေးအပ်သော
ပြည်သူ့ကျန်းမာရေးကြီးကြပ် (၁)
ကိုယ်စားလှယ်တစ်ဦး

(၈) ကျန်းမာရေးမှူးအသင်း အဖွဲ့ဝင်
ညီလာခံက ရွေးချယ်
တာဝန်ပေးအပ်သော
ပြည်သူ့ကျန်းမာရေးကြီးကြပ် (၂)
ကိုယ်စားလှယ်တစ်ဦး

(၉) ကျန်းမာရေးမှူးအသင်း ဘဏ္ဍာရေးမှူး
ညီလာခံက ရွေးချယ်
တာဝန်ပေးအပ်သော
ကျန်းမာရေးမှူး
ကိုယ်စားလှယ်တစ်ဦး

(၁၀) ကျန်းမာရေးမှူးအသင်း အတွင်းရေးမှူး
ညီလာခံက ရွေးချယ်
တာဝန်ပေးအပ်သော
ကျန်းမာရေးမှူး
ကိုယ်စားလှယ်တစ်ဦး

(၁၁) ကျန်းမာရေးမှူးအသင်း တွဲဖက်အတွင်းရေးမှူး
ညီလာခံက ရွေးချယ်
တာဝန်ပေးအပ်သော
ပြည်သူ့ကျန်းမာရေး
ကြီးကြပ်ကိုယ်စားလှယ်တစ်ဦး

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသောကောင်စီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်များသည် ဝန်ကြီးဌာနက သတ်မှတ်သော စရိတ်နှင့် ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။

၆။ ကောင်စီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ ၂နှစ်ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်တစ်ဦးသည် ကောင်စီသက်တမ်းတစ်ဆက်တည်း နှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်း မရှိစေရ။

၇။ ကောင်စီသည် သက်တမ်းကုန်ဆုံးသော်လည်း ကောင်စီသစ် ဖွဲ့စည်းပြီးသည်အထိ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

အခန်း(၄)
ကောင်စီဝင်များ၏ အရည်အချင်း

၈။ ကောင်စီဝင်များသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူများ ဖြစ်ရမည်-

(က) နိုင်ငံတော်နှင့် ပြည်သူများအပေါ် သစ္စာစောင့်သိသူ၊

(ခ) ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု ကောင်းမွန်စေရေးအတွက် ဆောင်ရွက်နိုင်သူ၊

(ဂ) ကျန်းမာရေးဝန်ထမ်းများ၏ သစ္စာအဓိဋ္ဌာန်ကို လေးစားလိုက်နာသူ၊

(ဃ) ကောင်စီက ပေးအပ်သောတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်သူ။

အခန်း(၅)
ကောင်စီ၏ လုပ်ငန်းတာဝန်များ

၉။ ကောင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကောင်စီ၏ ငွေကြေးဆိုင်ရာကိစ္စရပ်များကို တည်ဆဲဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်း စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(ခ) မှတ်ပုံတင်ကျန်းမာရေးမှူးနှင့် မှတ်ပုံတင်ပြည်သူ့ကျန်းမာရေးကြီးကြပ်များ၏ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးနှင့် အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်နိုင်ရန် လေ့လာဆန်းစစ်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဂ) ကျန်းမာရေးစောင့်ရှောက်မှု အဆင့်မြှင့်မားစေရေးအတွက် ဝန်ကြီးဌာန၏လမ်းညွှန်ချက်နှင့် အညီ လိုက်နာဆောင်ရွက်ခြင်း၊

(ဆက်လက်ဖော်ပြပါမည်)

၂၀၂၀ ပြည့်နှစ်၊ ဝင်ငွေခွန်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

ယမန်နေ့မှအဆက်

စည်းမျဉ်းများပြုလုပ်ပိုင်ခွင့်

၁၀၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရာတွင် -

(က) ပြည်ထောင်စုဝန်ကြီးဌာနသည် အောက်ပါကိစ္စတစ်ရပ်ရပ်အတွက် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည် -

(၁) ဤဥပဒေအရ စည်းမျဉ်းဖြင့် သတ်မှတ်ရမည့်ကိစ္စ၊

(၂) ပုဒ်မ ၄၁ ပုဒ်မခွဲ (ဂ) ပုဒ်မခွဲငယ် (၂) တွင် သတ်မှတ်သည့် ငွေကြေးပမာဏ ပြင်ဆင်သတ်မှတ်ခြင်းကိစ္စ၊

(၃) ဇယားပြင်ဆင်ခြင်းကိစ္စ၊

(၄) ဤဥပဒေကို ကောင်းမွန်ထိရောက်စွာ စီမံဆောင်ရွက်ခြင်းကိစ္စ။

(ခ) ပြည်ထောင်စုဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ

၁၀၄။ (က) ပုဒ်မ ၁၀၃၊ ပုဒ်မခွဲ (က) ၏ ယေဘုယျအကျိုးသက်ရောက်မှုကို ကန့်သတ်ခြင်းမဖြစ်စေဘဲ ယင်းပုဒ်မခွဲအရ ပြုလုပ်သည့် စည်းမျဉ်းများတွင် ဤဥပဒေပြဋ္ဌာန်းခြင်း၏ နောက်ဆက်တွဲအဖြစ် ပြဋ္ဌာန်းသည့် ကူးပြောင်းရေးကာလဆိုင်ရာ စည်းမျဉ်းများ ကိုလည်း ပြဋ္ဌာန်းနိုင်သည်။

(ခ) ဤဥပဒေ စတင်ပြဋ္ဌာန်းပြီးနောက် ၁၈၃ ရက်အတွင်း ပုဒ်မခွဲ (က) အရ ပြုလုပ်သည့် ကူးပြောင်းရေးကာလ စည်းမျဉ်းများသည် ဤဥပဒေ စတင်သက်ရောက်သည့် ရက်စွဲမှ စတင်အကျိုးသက်ရောက်ကြောင်း ဖော်ပြနိုင်ပြီး အခွန်ထမ်းများ အကျိုးရှိမည်ဆိုမှသာ ယင်းသို့ဆောင်ရွက်ရန်ဖြစ်သည်။

ဘဏ္ဍာရန်ပုံငွေ လွှဲပြောင်းခြင်း

၁၀၅။ အခွန်ရငွေများအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပြည်ထောင်စုအစိုးရအဖွဲ့က ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် အညီသတ်မှတ်ပေးသော ရာခိုင်နှုန်းအချိုးအတိုင်း လွှဲပြောင်းပေးသွင်းနိုင်သည်။

ဥပဒေများအား ရုပ်သိမ်းခြင်း

၁၀၆။ ဝင်ငွေခွန်ဥပဒေ (၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေ အမှတ် ၇။) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(ဇယားများ ဆက်လက်ဖော်ပြပါမည်)

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အင်ယင်တန်းအင်ဂျင်နီယာ-၂ ဦးမျိုးဇော်၊ အင်ဂျင်နီယာမှူး ဦးမြင့်ဝင်းနှင့် အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်တင်တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူ

နေပြည်တော် သြဂုတ် ၆

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၁၈-၂၀၁၉ ပထမခြောက်လပတ် ဘတ်ဂျက်ဖြင့် မြို့ပြစည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ငွေကြေးအလွဲသုံးစားပြုလုပ်ခြင်းအပေါ် စိစစ်ဖော်ထုတ်ပေးပါရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အင်ယင်တန်းအင်ဂျင်နီယာ-၂ ဦးမျိုးဇော်သည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မိနိဘတ်ဂျက် အမှိုက်ကျင်းပြင်ဆင်ခြင်း လုပ်ငန်းတွင် အမှိုက်ကျင်းဟောင်းပြင်ဆင်ခြင်းအတွက် မူလခွင့်ပြုငွေမှ ငွေကျပ်သိန်း ၁၅၀ ကို ငွေလက်ခံရယူသူ လက်မှတ်မပါရှိဘဲ အမှန်တကယ်ပေးချေခဲ့ခြင်းမရှိသည့် ဌားရမ်းခပြေစာ (၂)စောင် အသုံးပြု၍ ထုတ်ယူခဲ့ပြီး Dozer ငှားရမ်းခ ငွေကျပ် ၁၅ သိန်းသာ ပေးချေခဲ့သဖြင့် နိုင်ငံတော်ဘဏ္ဍာငွေမှ ငွေကျပ် ၁၃၅ သိန်း နစ်နာဆုံးရှုံးမှု ဖြစ်ပေါ်စေခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အင်ယင်တန်းအင်ဂျင်နီယာ-၂ ဦးမျိုးဇော်အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရလည်းကောင်း၊ အင်ယင်တန်း အင်ဂျင်နီယာ-၂ ဦးမျိုးဇော်မှ ငွေကျပ်သိန်း ၁၅၀ တင်ပြတောင်းခံခဲ့ရာတွင် ငွေထုတ်ယူခွင့်ပြုခဲ့သည့် အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်တင်အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆/၆၃ အရ လည်းကောင်း၊ အင်ဂျင်နီယာမှူး ဦးမြင့်ဝင်းသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် မိတ္ထီလာမြို့ ပေါက်ချောင်းရပ်ကွက်ရှိ နယ်မြေ ၂ နှင့် ၃ တို့၌ အရှည် ပေ ၃၀၀၀ ၊ အကျယ် ၁၆ ပေ၊ အမြင့် ၆ လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် တင်ဒါခေါ်ယူမှုမရှိခြင်း၊ ဘတ်ဂျက်ခွင့်ပြုငွေမှ ပိုလျှံငွေများကို လုပ်ထုံးလုပ်နည်းနှင့်အညီ စီမံခန့်ခွဲမှု မရှိခြင်းတို့ကြောင့် နိုင်ငံတော်ဘဏ္ဍာငွေမှ ငွေကျပ် ၆၇၁၀၀၀၇၄ နစ်နာဆုံးရှုံးမှု ဖြစ်ပေါ်စေခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အင်ဂျင်နီယာမှူး ဦးမြင့်ဝင်းအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရလည်းကောင်း၊ ဦးမြင့်ဝင်းက ရာထူးတာဝန်အရ ပေါက်ချောင်းရပ်ကွက်၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ငွေထုတ်ယူခွင့်ပြုခဲ့သည့် အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်တင်အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆/၆၃ အရ လည်းကောင်း မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့မရဲစခန်း၌ ယနေ့ရက်စွဲဖြင့် ပထမသတင်းပေးတိုင်ကြားချက် ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

သတင်းစဉ်

သိန္နီမြို့နယ်နှင့် လားရှိုးမြို့တို့တွင် မူးယစ်ဆေးဝါးများနှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

နေပြည်တော် သြဂုတ် ၆

ရှမ်းပြည်နယ် သိန္နီမြို့နယ်နှင့် လားရှိုးမြို့တို့တွင် မူးယစ်ဆေးဝါးများနှင့် လက်နက်ခဲယမ်းများကို သိမ်းဆည်းရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါသတင်းထုတ်ပြန်ချက်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သြဂုတ် ၃ ရက် ည ၆ နာရီခွဲခန့်တွင် သိန္နီမြို့နယ် မူဆယ်-မန္တလေး သွားကားလမ်း အိုရီယမ်တယ် တိုးဂိတ်အနီးရှိ ကျောက်တောင်ကွေ့၌ Alphard အမျိုးအစား မော်တော်ယာဉ်တစ်စီး မသက်ဘွယ် ရပ်တန့်ထားကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ ယာဉ်မောင်းအား မတွေ့ရဘဲ အဆိုပါယာဉ်ပေါ်တွင် သိုဝှက်ထားသော မောင်းပြန်ရိုင်ဖယ်သေနတ် ၁၀ လက်၊ ၎င်းကျည်အိမ် ၄၀၊ လွယ်ကြိုး ကိုးချောင်းနှင့် သေနတ်တိုက်တံဘူး ကိုးဘူး တို့အား သိမ်းဆည်းရမိကြောင်း။

ကွင်းဆက်အရ သြဂုတ် ၄ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် သိန္နီမြို့ အမှတ်(၄) ရပ်ကွက်နေ သူရ(ခ)မော်စင်ချဲနှင့် မမာကေ့(ခ)လီကျွင်း(ခ)ဝါဝါဝင်းတို့၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ သူရ(ခ)မော်စင်ချဲအား မတွေ့ရဘဲ မမာကေ့(ခ)လီကျွင်း(ခ)ဝါဝါဝင်းအား တွေ့ရပြီး နေအိမ်မှ ဘိန်းစိမ်း ၁ ဒသမ ၆ ကီလို၊ အိုက်စ် ၂ ကီလို၊ မောင်းပြန်ရိုင်ဖယ်သေနတ် တစ်လက်၊ ၎င်းကျည် ခုနစ်တောင့်၊ ကျည်အိမ်တစ်ခုနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား ပိုင်ဆိုင်ကြောင်း ဝန်ခံပြီး ယင်းတို့ကို ရှမ်းပြည်နယ် ကျိုင်းတုံမြို့ ရပ်ကွက်(၁) လမ်းတွင် ဝယ်ယူခဲ့ကြောင်း ပြောကြားခဲ့ကြောင်း ရဲတပ်ဖွဲ့ကတော့ ဆက်လက်စုံစမ်းနေကြောင်း ရဲတပ်ဖွဲ့ကတော့ ဆက်ပြီး ပြောကြားခဲ့

အပုအကျိတ်ဆို ပေါင်ခါဘူးထဲထည့်လို့ရအောင် မှုန့်သွားမယ်

ဒေဝယက္ခ အကျိတ်ကြေအကျွေမြေ့မန်းဆေး

အပုအကျိတ်အမျိုးမျိုးကို မခွဲမစိတ်ရဘဲ နုရင်ခြေ၊ ရင့်ရင်ခေါက်
အမြစ်ပါမကျန်ဖျောက်ကင်းသည် မိုးဦးကျဖြစ်တတ်သော ဧရာဂါများအတွက်
ဤဆေးဖြင့် ကြိုတင်ကာကွယ်ထားကြပါ။

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-
၁၂၁၁ YR ၄၀၆၈
ထုတ်လုပ်ခွင့်လိုင်စင်အမှတ်-၁/၂၀၀၉၊ တဆထလ/တိုး(၄၇၅) **အမြို့မြို့ဆိုင်တိုင်းတွင် ရနိုင်ပါသည်။**

ဒေဝယက္ခဆေးတိုက်၊ ပဲခူးမြို့။ Ph- 052 222 14 22, 09 5300 141

ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀(ကဲဘဲ)၊ မြေကွက်အမှတ်-၁၃/ကဲ/၁+၁၉/ဃဲ/၂၊ ဧရိယာ-၀.၁၀၂ဧကရှိ B လ/နေ ၃(ခ)မြေနေ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ သမာဓိ(၃)လမ်း၊ အမှတ်-၃၄၈ ဟူခေါ်တွင်သည့် နေအိမ်အပါအဝင် အကိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးလှဇော်ဘ (၁၂/မဂဒ(နိုင်)၀၈၉၁၃၉) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏တစိတ်တဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေနှင့်အိမ်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
သင်းကြူ့စိုး LL.B., LL.M.
တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၅၅၆)
ရုံး-အမှတ်-၅၅၊ အခန်း-၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁-၃၇၈၇၉၉၊ ၀၉-၅၀-၁၆၃၅၂၂၊ ၀၉-၇၉၇၉၀၅၅၅၉။

မှတ်ပုံတင်ထားသော ပိုးသတ်ဆေးများ လွှဲပြောင်းဖြန့်ဖြူးခြင်း

Asiatic Agricultural Industries Pte Ltd (Singapore) မှ မြန်မာနိုင်ငံ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့တွင်မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ ပိုးသတ်ဆေးများကို ပြည်တွင်းမူလဖြန့်ဖြူး သူ Farm Link Co., Ltd မှ Y Agro Solution Co., Ltd သို့ ဖြန့်ဖြူးသူပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူး ရောင်းချ မည်ဖြစ်ပါ သည်။

စဉ်	ကုန်သွယ်မှုအမည်	အဆိပ်ရှိပစ္စည်းအမျိုးအစား	မှတ်ပုံတင်အမျိုးအစား	မှတ်ပုံတင်အမှတ်
၁။	Max Dot 25WP	Metalaxyl 25%WP	Full	F 2017-1359
၂။	AGRIMIL 63.5MZ	Metalaxyl 75gm/kg+ Mancozeb 560mg/kg	Full	F 2009 - 683

သို့ဖြစ်၍ အဆိုပါဖြန့်ဖြူး သူပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း အင်းစိန် မြို့နယ်သို့ နှစ်ပတ်အတွင်း လာရောက် ကန့်ကွက် နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

Asiatic Agricultural Industries Pte Ltd (Myanmar Branch). Room 209, Rangoun Business Center, No.97. West Shwe Gon Daing Road. Tele: 09-5145328

မှတ်ပုံတင်ထားသော ပိုးသတ်ဆေးများ လွှဲပြောင်းဖြန့်ဖြူးခြင်း

Asiatic Agricultural Industries Pte Ltd (Singapore) မှ မြန်မာနိုင်ငံ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့တွင်မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ ပိုးသတ်ဆေးကို ပြည်တွင်းမူလဖြန့်ဖြူး သူ Asiatic Agricultural Industries Pte Ltd (Myanmar Branch) မှ Y Agro Solution Co., Ltd သို့ ဖြန့်ဖြူးသူပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူး ရောင်းချ မည်ဖြစ်ပါ သည်။

စဉ်	ကုန်သွယ်မှုအမည်	အဆိပ်ရှိပစ္စည်းအမျိုးအစား	မှတ်ပုံတင်အမျိုးအစား	မှတ်ပုံတင်အမှတ်
၁။	NOVEL 50WP	Iprodione 500g/kg	Provisional	2014 – 2166
၂။	STUNT 250SC	Buprofezin 250g/l SC	Provisonanl	P 2018 – 4391
၃။	ULTIMATE 10SC	Alpha Cypermethrin 100g/l SC	Provisonal	P 2018 – 4462
၄။	VITASUL 80WDG	Sulphur 80%WDG	Provisonal	P 2018 – 4528
၅။	VITATAP 50SP	Cartap 500g/kg SP	Provisonal	2016 – 3223

သို့ဖြစ်ပါ၍ အဆိုပါဖြန့်ဖြူး သူပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း အင်းစိန် မြို့နယ်သို့ နှစ်ပတ်အတွင်း လာရောက် ကန့်ကွက် နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

Asiatic Agricultural Industries Pte Ltd (Myanmar Branch), Room 209, Rangoun Business Center, West Shwe Gone Daing Road. Bahan Township. Yangon.Phone : 09514 5328

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5L/2635 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7J/2672 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ် ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

အများသိစေရန်

ကျွန်တော် ဦးရဲသွေးအောင် ၆/တသရ(နိုင်)၀၄၁၉၄၃သည် ဒေါ်နေ၀ါထွေး ၉/အမဇ(နိုင်)၀၃၃၂၉နှင့် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးကြောင်း ၃-၇-၂၀၂၀ ရက်ထုတ် (စာ-၃၀)တွင် ကြော်ငြာခဲ့ပြီးဖြစ်ပါသည်။ ၅-၈-၂၀၂၀ရက်ထုတ် သတင်းစာ (စာ-၂၈) တွင် ကြော်ငြာထားသော ဒေါ်နေ၀ါထွေးသည် ယခုအချိန်ထိ ကျွန်ုပ်၏တရားဝင် ဇနီးမယားဖြစ်သည်ဟု ကြေညာထားသည်မှာ မဟုတ်မမှန်ကြောင်း အများသိစေရန် အသိပေးအပ်ပါသည်။

ဦးရဲသွေးအောင် ၆/တသရ(နိုင်)၀၄၁၉၄၃

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1B/6615 Mitsubishi Canter, Light Truck With Crane ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မိုးမြင့် ၁၂/စခန(နိုင်)၀၈၄၁၁၇ က(တမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3A/8015 Toyota Dyna Bu64, Light Truck ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်သိန်း ၁၂/ရကန(ပြု)၀၀၀၀၅၁ က(တမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့

ဖခင်အမည်မှန်

ဝမ်းတွင်းမြို့နယ်၊ အထက(ဝမ်းတွင်း)၊ G-10၊ အခန်း (C)မှ မယွန်းရွှေရည်နှင်း၏ ဖခင်အမည်မှန်မှာ ဦးမင်းထွေး ၉/၀တန(နိုင်)၁၅၅၇၉၀ ဖြစ်ပါကြောင်း။

ဦးမင်းထွေး

ဖခင်အမည်မှန်

ပွင့်ဖြူမြို့နယ်၊ ကန်ပြည့်ကျေးရွာ(အထက-၆)ကျောင်း တက္ကသိုလ်ဝင် တန်းမှ မတွယ်တာဦး၏ ဖခင်အမည်မှန်မှာ ဦးမျိုးလွင်ဦး ၈/စလန(နိုင်) ၁၃၃၂၂၆ ဖြစ်ပါကြောင်း။

ဦးမျိုးလွင်ဦး

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မဝေဝေလင်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းနိုင်ဦး ဖြစ်ပါကြောင်း။

ဦးဝင်းနိုင်ဦး ၇/မလန(နိုင်)၀၈၇၈၅၃

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၂၀)
မိတ္ထီလာမြို့နယ်တရားရုံးတော်၌
၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၆၄

ဒေါ်ဌမ္မာထွန်း နှင့် ဦးစံမြင့်ဝင်း
တရားလို တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းမီးရထားအိမ်ရာကြီးကြပ်ရေးတိုက်၊ အခန်း(၃)၊ တိုက်(၁)နေ တရားပြိုင် ဦးစံမြင့်ဝင်း(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဌမ္မာထွန်းက ပဋိညာဉ်ပါ အတိုင်းဝိုင်းမြေအရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမူ လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင် သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ပြည့်နှစ်သြဂုတ် ၂၄ရက်(၁၃၈၂ခုနှစ် ၀၁ခေါင်လဆန်း ၆ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလိုဏ၏ အဆိုလွှာကို ထုချေရင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအဓိပ္ပါလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် သြဂုတ် ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(စိုးနိုင်ကျော်)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
မိတ္ထီလာမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဇွသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက် ၂/ရုံးရပ်၊ လူနေရပ်ကွက်အမှတ်၊ မင်္ဂလာဒီပရပ်ကွက်၊ မြေကွက်အမှတ် ၀-၁၀၁၆၊ ဧရိယာ ၀ဒသမ၁၄၆ ဧကရှိ ဦးကျော်စိုးမြင့် ၁၂/မဂဒ(နိုင်)၀၅၀၃၂၅ အမည်ပေါက် နှစ် ၃၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချနိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးကျော်စိုးမြင့်ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မျိုး ၁၂/ဒလန(နိုင်)၀၈၇၅၅၇၅ က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ခုနစ်ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးနေလင်းစိုး (LL.B)၊
တရားလွှတ်တော်ရှေ့နေ
ဖုန်း-၀၉-၉၇၇၄၃၆၃၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျည်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ် ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ ဦးသိုက်စိုး အမည်ပေါက် မြေဘားစာချုပ်မြေကွက် အမှတ် (၅၀၄)အား အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၂/၂၀၂၀)ရသူ ဦးညွှန့်ဝင်း(ခ)SI LAY HONE ၉/၀မန(ပြု)၀၀၀၁၈၅၅ နှစ် ၃၀ မြေဘားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေ စာရင်းများ တင်ပြပြီး ဒေါ်စန္ဒာမင်း ၉/ကပတ(နိုင်) ၀၂၇၉၅၅၊ ဒေါ်ခုနထွန်း ၁၃/ကလန(နိုင်) ၀၅၇၁၅၆ တို့နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၅)ရပ်ကွက်၊ ပုဂံလမ်း၊ အမှတ် ၁၇၀၁၊ မြေအမည်ပေါက် ဦးချစ်ထွန်း အကျယ်အဝန်း ၀၀(၄၀ x ၆၀)ရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား ဆက်စပ်စာချုပ်ဖြင့် တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်စန်းစန်းအေး ၁၂/သဃက(နိုင်) ၁၃၅၅ဂ၆ထံမှအပြီးအပိုင်ဝယ်ယူရန်အတွက် တန်ဖိုးငွေအနက်စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ ယင်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက် အတွင်း စာရွက်စာတမ်းမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်းကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးမင်းသိန်း ၇/တင(နိုင်) ၁၁၇၀၈၄၊ ဖုန်း-၀၉-၇၈၇၀၇၀၇၈၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက်၊ ပုဂံလမ်း၊ အမှတ် ၁၇၀၁၊ မြေအမည်ပေါက် ဦးချစ်ထွန်း အကျယ်အဝန်း ၀၀(၄၀ x ၆၀)ရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား ဆက်စပ်စာချုပ်ဖြင့် တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်စန်းစန်းအေး ၁၂/သဃက(နိုင်) ၁၃၅၅ဂ၆ထံမှအပြီးအပိုင်ဝယ်ယူရန်အတွက် တန်ဖိုးငွေအနက်စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ ယင်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက် အတွင်း စာရွက်စာတမ်းမူရင်းများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်းကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးမင်းသိန်း ၇/တင(နိုင်) ၁၁၇၀၈၄၊ ဖုန်း-၀၉-၇၈၇၀၇၀၇၈၀

ဖောင်းကြွပျောက်ကြောင်း

ယာဉ်အမှတ်HSE/3949 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2K/5573 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ တိုင်းရုံး(ပဲခူး)

အပည်ပြောင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ အနောက်အောင်မြေသာစည်အိမ်ရာ တိုက်(၁၀)၊ အခန်း(၂၀၃)နေ မဟာမြကျွန်းသာ ကိုယ်ပိုင်အထက်တန်းကျောင်း Grade-10 (စနစ်သစ်)မှ ဦးမိုးမြင့်၏ သား မောင်သော်တာစန်း၁၂/ကမရ(နိုင်) ၀၇၃၃၁၁အား မောင်ခန့်မော်ကွန်း ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ခန့်မော်ကွန်း

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1Q/9925 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်း ကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ကန့်ကွက်နိုင်ပါကြောင်း

ပြည်မြို့၊ ပြည်သာယာရပ်ကွက်၊ ကွင်းအမှတ် (၁၄)၊ ဖြူကုန်းကွင်း၊ ဦးပိုင်အမှတ် (၁၈၃)မှ မြေဧရိယာ ၀ဒသမ၁၈ဧကရှိ မြေကွက်သည်မူလတွင် ဦးတိုးမြင့်အောင် အမည်ဖြင့် နှစ် ၃၀ မြေဘားဂရန်ရရှိထားရာမှ ဦးတိုးမြင့်အောင်သည် ၃၀-၆-၂၀၂၀ရက်တွင် ဦးရွှေထွန်းအား စာချုပ်စာတမ်းမှတ်ပုံတင်ရုံးခွဲ စာချုပ်အမှတ် (၅၇/၂၀၂၀)ဖြင့် စာချုပ်ချုပ်ဆိုမှု လွှဲပြောင်းရောင်းချပြီးဖြစ်သောကြောင့် မြေကွက်ဝယ်ယူသူ ဦးရွှေထွန်း အမည်ဖြင့် မြေဘားဂရန်အမည်ပြောင်းလျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေဘားဂရန် ခွင့်ပြုချထားပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်မြို့

ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကောင်ပိုင်းခရိုင်၊ သန်လျင်မြို့၊ ဗိုလ်ချုပ်ကျေးရွာ၊ အကွက်အမှတ် (၆၇၂/အေ)၊ ကျောင်းကုန်း မြောက်ကွက်၊ အောင်ချမ်းသာရပ်ကွက် ၊ အပိုင်း(၄)၊ အေးသာယာရပ်၊ တောင်ဝင်(၉)လမ်း၊ ဦးပိုင်အမှတ်(၅၉)၊ မြေကွက်အမှတ် (၃၈/ဒီ)၊ ဧရိယာ(၀ဒသမ၀၅၅)ဧကရှိ ဦးဌေးမြင့် အမည်ပေါက်မြေကွက်နှင့် ယင်းမြေပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဥပဒေနှင့်အညီ လက်ရှိ၀ယ်ယူ ပိုင်ဆိုင်ထားသော ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သောင်းအေး ၁၄/၀၁ခမ(နိုင်) ၁၄၇၁၁၆မှ ဦးစိုးသီဟ ၁၀/မခန(နိုင်) ၁၀၄၃၄၈အား အဆုံးအပိုင်လက်ရောက်ရောင်းချမည်ဖြစ်၍ စရန်ငွေ တစ်စိတ်တစ်ဒေသကို လက်ခံရယူထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါရောင်းချမည့် မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ၊ ဦးစိုးသီဟထံသို့ဖြစ်စေ လာ ရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-
ဒေါ်သောင်းအေး
၁၄/၀၁ခမ(နိုင်) ၁၄၇၁၁၆

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ထက်ထက်နေခြည်(စဉ်-၃၂၃၁)
အထက်တန်းရှေ့နေ
ပညာကျော်ဥပဒေအကျိုးဆောင်လုပ်ငန်း၊
အမှတ်(၂၈)၊ တော်ဝင်ဝလမ်း၊ အောင်မင်္ဂလာ(၁)
ရပ်ကွက်၊ ပုသိမ်ကြီးမြို့
ဖုန်း-၀၉-၄၄၉၄၉၉၅၅၊ ၀၉-၄၀၂၇၄၄၄၃၈၊
ဒေါ်သောင်းအေး-ဖုန်း-၀၉-၇၉၀၈၃၀၉၆၇
ဦးစိုးသီဟ-ဖုန်း-၀၉-၇၈၂၅၀၅၄၂၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ ရမ်းကုန်းမြို့နယ်၊ ကြို့ကုန်းမီးရထားအိမ်ရာကြီးကြပ်ရေးတိုက်၊ အခန်း(၃)၊ တိုက်(၁)နေ ဦးစံမြင့်ဝင်း(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဌမ္မာထွန်းက ပဋိညာဉ်ပါ အတိုင်းဝိုင်းမြေအရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမူ လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင် သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ပြည့်နှစ်သြဂုတ် ၂၄ရက်(၁၃၈၂ခုနှစ် ၀၁ခေါင်လဆန်း ၆ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလိုဏ၏ အဆိုလွှာကို ထုချေရင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအဓိပ္ပါလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလ

ဖခင်အမည်မှန်

ညောင်ဦးခရိုင်၊ ငုံသရောက်မြို့၊ အထက(၆)ဆည် တက္ကသိုလ်ဝင်တန်းမှ မောင်သက်ပိုင်ဦး၏ ဖခင်အမည်မှန်မှာ ဦးအောင်မြသိန်း ၈/ရနခ(နိုင်)၁၃၈၇၀၁ ဖြစ်ပါကြောင်း။

ဦးအောင်မြသိန်း

ဖခင်အမည်မှန်

ပုဂံမြို့၊ FEC ကိုယ်ပိုင်အထက်တန်းကျောင်းမှ မချစ်စုဝေ Grade-10 ၏ ဖခင်အမည်မှန်မှာ ဦးတင်လှိုင် ၉/ညဌန(နိုင်)၁၁၉၆၂၈ဖြစ်ပါကြောင်း။

ဦးတင်လှိုင်

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ရွာသာယာအုပ်စု အထက(၆)ရွာသာယာကျောင်း Grade-10မှ မောင်ဟာန်ဇင်မျိုး၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဝင်း ၇/ပတန(နိုင်)၁၂၂၁၄၂ ဖြစ်ပါကြောင်း။

ဦးထွန်းထွန်းဝင်း

ဖခင်အမည်မှန်

ဖားကန်မြို့နယ်၊ ကာမိုင်းအုပ်စု၊ အထက(နန့်ယား) အဋ္ဌမတန်း(အောင်)မှ မောင်ချစ်မင်းစိုး၏ ဖခင်အမည်မှန် ဦးခေါ်စိုး ၁/မကတ(နိုင်)၁၁၆၃၂၇ ဖြစ်ပါကြောင်း။

ဦးခေါ်စိုး

အမည်မှန်

နမ္မတူမြို့၊ အထက(၁) နဝမတန်းမှ မကိုင်ကျီး ၁၃/နမတ(နိုင်) ၀၆၉၈၂၁၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စု စာရင်းအရ ဦးမာဂမ် ၁၃/နမတ(နိုင်)၀၁၅၁၃၃ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ကျောက်ဆည်မြို့၊ ရွှေပညာသစ်ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်မင်းစော်ထွေး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးအုံးခင် ၉/ကသန(နိုင်)၀၂၃၂၈၄ ဖြစ်ပါကြောင်း။

ဦးအုံးခင်

ဖခင်အမည်မှန်

ဝက်လက်မြို့၊ အထက တက္ကသိုလ်ဝင်တန်း(B) ဇီဝတွဲမှ မသက်စုဝေ၏ ဖခင်အမည်မှန်မှာ ဦးညွန့်ဝေ ၅/ဝလန(နိုင်) ၀၇၉၈၂၆ ဖြစ်ပါကြောင်း။

ဦးညွန့်ဝေ

ကန့်ကွက်နိုင်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့၊ အမှတ် (၁၅)ရပ်ကွက်၊ ရတနာအိုင့်ရပ်၊ အကွက်အမှတ် (၃၈)၊ ကမ္ဘီ၂ ဦးပိုင်အမှတ် (၂၂၄၊ ၂၂၅)၊ မြေကွက်အမှတ် (၁၄၉/၅၆၀၊ ၁၄၉) ပိုင်ဆိုင်ခွင့် (A)၊ ဧရိယာ ၀၃သမ၁၅ဧကာရှိ ပိုင်းမြေအား ဒေါ်တင်သန်းနွယ် စက်မှု/စီးပွားဂရန် အသစ်လျှောက်ထားမှုအပေါ် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ချောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လည်းကောင်း၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လည်းကောင်း ခိုင်လုံသော အထောက်အထားနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဂရန်လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ ချောက်မြို့၊ အမှတ် (၁၁)ရပ်ကွက်၊ ဗဟို ကွက်သစ်ရပ်၊ အကွက်အမှတ် (၂၄) တောင်ရပ်အရှေ့၊ ဦးပိုင်အမှတ် (၁၃၀) မြေကွက် အမှတ် (၁၅၈)၊ ပိုင်ဆိုင်ခွင့် (L)၊ ဧရိယာ ၀၃သမ၀၅၆ ဧကရှိ ပိုင်းမြေအား ဦးရဖီး-ဒေါ်ဆိုဗီယာမှ အမည်ပြောင်းသက်တမ်းတိုးဂရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ချောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လည်းကောင်း၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လည်းကောင်း ခိုင်လုံသော အထောက်အထားနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဂရန်လျှောက်ထားမှုအား ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒဂုံဇာခရိုင်၊ ဓမ္မုဘီမိုမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (၄၀၂)။ ဧရိယာ ၀၃သမ၀၉၅ဧကရှိ ဦးအုန်းခိုင် အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်ကို နေပြည်တော်စာချုပ် စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၂၅၀/၂၀၂၀)ဖြင့် ကိုယ်စားလှယ်ရရှိထားသူ ဦးကျော်စွာအောင် (ဘ)ဦးတင်မောင် ၉/ရမသ(နိုင်) ၀၀၀၅၃၂မှ ဒေါ်ဥမ္မာလွင် (ဘ)ဦးသိန်းလွင် ၉/ပမန(နိုင်)၀၆၀၉၄ဂနှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ် ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပါရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်း များ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်ခည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာစာပါသည့် ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနဆ၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေး ကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကရင်ပြည်နယ်၊ ဘုရားသုံးဆူမြို့၊ ကျုံဆန်းကျေးရွာနေ ဒေါ်လှဝင်း ၃/ဘသဆ(နိုင်)၀၀၉၈၈၅၅ ၏သမီး နန်းဖြူသီကျော်ဝင်း ၁၀/သဖရ(နိုင်)၁၂၃၉၇၇သည် မိဘတို့အား စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း။ နောက်နောင် ၎င်းကိစ္စနှင့် ပတ်သက်သောကိစ္စအ၀ဝအား တာ၀နယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်လှဝင်း ၃/ဘသဆ(နိုင်)၀၀၉၈၈၅၅

Z Media အမှတ်တံဆိပ်နှင့်ပတ်သက်၍ သတိပေးကြေညာခြင်း

အမှတ်(၂၂/က)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ Zed Myanmar Co.,Ltd မှ Z Media အမှတ်တံဆိပ်အား အများသိစေရန် ကြေညာအပ်ပါသည်။

ZED MYANMAR
Our Skill Your Growth

အထက်ဖော်ပြပါ Z Media အမှတ်တံဆိပ်အား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင် ဌာနမှူးရုံးတွင် မှတ်ပုံတင်စာချုပ် အမှတ် (၄/၅၀၇၇) အရ တစ်ဦးတည်းမူပိုင်အမည် စာတမ်းအမှတ်တံဆိပ်ဖြင့် မှတ်ပုံတင်သွင်း၍ လုပ်ကိုင်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏ မူပိုင်အမည်စာတမ်း၊ အမှတ်တံဆိပ်ဖြစ်သော Z Media အမှတ်တံဆိပ်ကို တစ်စိတ်တစ်ဒေသဖြစ်စေ၊ အားလုံးဖြစ်စေ၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား တုပသုံးစွဲခြင်း မပြုလုပ်ကြရန် အသိပေးတားမြစ်လိုက်ပါသည်။ ထို့ကြောင့် ဤကြော်ငြာသည့်ရက်မှစ၍ Z Media အမှတ်တံဆိပ်ကို သုံးစွဲမည်ဆိုပါက ဥပဒေနှင့်အညီ ရာဇ၀တ်ကြောင်း အရလည်းကောင်း၊ တရားမကြောင်း အရလည်းကောင်း တရားစွဲဆိုသွားမည်ဖြစ်ပါကြောင်း သတိပေးကြေညာအပ်ပါသည်။

Zed Myanmar Co.,Ltd
ဖုန်း-၀၉-၃၂၆၈၈၈၈၊ ၀၉-၆၈၆၁၇၀၂၃

အထွေထွေကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းခြင်း

ချောင်းဆုံမြို့နယ်၊ ညောင်လန်းကျေးရွာ၊ ရပ်ကွက်(၇)နေ ဦးကျင်တိတ် ၁၀/ခဆန(နိုင်)၀၄၉၅၇၂၂နှင့် ဒေါ်အုံးကြည် ၁၀/ခဆန(နိုင်)၀၄၉၅၇၃၇တို့က ချောင်းဆုံမြို့နယ်၊ ညောင်လန်းကျေးရွာ၊ ရပ်ကွက်(၇)နေ ဦးကျင်ဟုတ် ၁၀/ခဆန(နိုင်) ၀၃၇၈၁စအား (၁၅-၇-၂၀၁၉)ရက်တွင် ချောင်းဆုံမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၆၃/၂၀၁၉)ကို လွှဲအပ်ပေးခဲ့ပါသည်။ ယခုအခါ အထွေထွေကိုယ်စားလှယ်လွှဲစာ(GP)အား ဤကြော်ငြာပါသည့်ရက်မှစ၍ ရုပ်သိမ်းလိုက်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျင်တိတ် ၁၀/ခဆန(နိုင်) ၀၄၉၅၇၂၂
ဒေါ်အုံးကြည် ၁၀/ခဆန(နိုင်)၀၄၉၅၇၃၇

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျောက်တန်းမြို့၊ အောင်မင်္ဂလာ(၇)လမ်း(ပုလဲသွယ်)၊ အမှတ်(၆၀၃) နေ မောင်ကျော်ဆွေသွေး ၁၂/ကတန(နိုင်) ၁၁၀၈၉၁၁သည် မိဘကို အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး၊ ခွင့်မလွှတ်နိုင်သည့် ကိစ္စများကို ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သား အဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် အရာအားလုံးကို လုံး၀တာ၀နယူမည် မဟုတ်ပါ။

ဖခင် ဦးတင်ဌေးအောင် - မိခင် ဒေါ်မိုးမိုးဆွေ

အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင် မြို့၊ အထက (၁) Grade-11 (B) မှ(ဘ) ဦးစောအားကလယ်ထူးဏီသမီး နော်လား စေးဝါး ဖေ၏၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ နော်လားစေဝါးဖောဖြစ်ပါကြောင်း။

နော်လားစေးဝါးဖော

အမည်ပြောင်း

ဦးရန်နောင်စိုး၏သမီး ဟသံတမြို့၊ ဂုဏ်ထူးပန်းခင်း ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မယည်မိုးအေးအား မဆုစန္ဒီထွန်းဟု ပြောင်းလဲခေါ်ပါရန်။

အများသိစေရန်ကြေညာခြင်း

မိုးကုတ်မြို့၊ မင်းတံတားရပ်၊ အကွက်အမှတ် (N-၁၆၉)၊ ဧရိယာ ၀၃သမ၀၈၃ ဧကရှိ မြေအား ဦးညိုဝင်း ၁၃/နခတ(နိုင်)၀၅၃၃၈၉၈ မှ တစ်ဦးတည်းသာ ပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးညိုဝင်း ၁၃/နခတ(နိုင်)၀၅၃၃၈၉၈

အများသိစေရန်ကြေညာခြင်း

မိုးကုတ်မြို့၊ မင်းတံတားရပ်၊ မြေကွက်အမှတ် တစ်မိုင်ခွဲ (၈) မြေအား ဦးညိုဝင်း ၁၃/နခတ(နိုင်)၀၅၃၃၈၉၈မှ တစ်ဦးတည်းသာ ပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးညိုဝင်း ၁၃/နခတ(နိုင်)၀၅၃၃၈၉၈

အများသိစေရန်ကြေညာခြင်း

ညောင်ဦးမြို့နယ်၊ အမှတ်(၁)နယ်မြေ၊ သာယာ၀တီ(နှ)ရပ်နေ ဦးကျော်လင်းထွေး ၉/ညဌန(နိုင်)၀၃၆၃၇၇၅၏ မော်တော်ယာဉ်အမှတ် 8E/2926 ASIA MAUNG LIGHT TRUCK PICKUP (4x2)R အား (၁၀-၁၁-၂၀၁၉)ရက်တွင် အပြီးအပိုင်ရောင်းချပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမော်တော်ယာဉ်နှင့်ပတ်သက်၍ အရှုပ်အရှင်းဖြစ်ပေါ်ပါက ကျွန်တော်၌ ဦးကျော်လင်းထွေး အနေဖြင့် တာ၀နယူမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျော်လင်းထွေး

အများသိစေရန်ကြေညာခြင်း

ညောင်ဦးမြို့နယ်၊ ပုလင်းအနောက် ကျေးရွာနေ ဦးတင့်ဇော် ၉/ညဌန(နိုင်) ၁၃၄၈၃၉၏ မော်တော်ယာဉ်အမှတ် 6Q/3193 SUZUKI ERTIGA ARK (4x2) (L)အား (၅-၁၂-၂၀၁၉)ရက်တွင် အပြီးအပိုင် ရောင်းချပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမော်တော်ယာဉ်နှင့်ပတ်သက်၍ အရှုပ်အရှင်း ဖြစ်ပေါ်ပါက ကျွန်တော်ဦးတင့်ဇော် အနေဖြင့် တာ၀နယ်ယူမည် မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

တင့်ဇော်
၉/ညဌန(နိုင်) ၁၃၄၈၃၉

ကန့်ကွက်နိုင်ပါကြောင်း

ဧရာ၀တီတိုင်းဒေသကြီး၊ ဟသံတမြို့၊ ဥယျာဉ်မြောက်ရပ်ကွက်၊ အကွက်အမှတ်(၄၉)၊ ဥယျာဉ်ကြီးမြောက်ရပ်၊ ဦးပိုင် အမှတ်(၉၄ ၀)မှ ဧရိယာ(၀သမ၂၂)ကေနှင့် ဦးပိုင်အမှတ်(၉၅)မှ ဧရိယာ (၀သမ၀၁၀)ဧက၊ စုစုပေါင်းဧရိယာ(၀သမ၃၃)ကေရှိ မြေကို ဦးသောင်းအေး (ဥက္ကဋ္ဌ) မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဟသံတမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အကျိုးအကြောင်းမေါ်ပြ၍ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ဟသံတမြို့

အများသိစေရန်ကြေညာခြင်း

ညောင်ဦးခရိုင်၊ ညောင်ဦးမြို့၊ အမှတ်(၁)နယ်မြေ၊ သိရိမင်္ဂလာရပ်နေ ဦးမောင်မောင်သန်း ၉/ညဌန(နိုင်)၁၁၂၄၆၀၏ မော်တော်ယာဉ်အမှတ် 6G/3709 SUZUKI Pick Up အား ၁၀-၃-၂၀၂၀ရက်တွင် အပြီးအပိုင်ရောင်းချပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမော်တော်ယာဉ်နှင့်ပတ်သက်၍ အရှုပ်အရှင်းဖြစ်ပေါ်ပါက ကျွန်တော် ဦးမောင်မောင်သန်းအနေနှင့် တာ၀နယ်ယူမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမောင်မောင်သန်း



ကမ္ဘာရေးရာ အမှတ် ၉ထွက်ရှိ

နှစ်လတစ်ကြိမ်ထုတ် ကမ္ဘာရေးရာ(Global Affairs)အမှတ် ၉၊ သြဂုတ် ၂၀၂၀ထွက်ရှိလာသည်။

ကိုဗစ်-၁၉ ရောဂါ တစ်ကမ္ဘာလုံးကူးစက်ခံရသူ ၁၈ သန်းကျော်ခဲ့ပြီး သေဆုံးသူ ဂုသိန်းနီးပါးရှိနေချိန်တွင် နိုင်ငံတကာ ဆက်ဆံရေး တစ်စုံလုံးက ယိုင်နဲ့သွားသည်။ ဒုတိယကမ္ဘာစစ်ပြီးကတည်းက လွမ်းမိုးလာသော လစ်ဘရယ်ကမ္ဘာ့အစီအစဉ်မှာ ချို့ယွင်းလာသည်။ အမေရိကမှာစလိုက်တဲ့ လူမျိုးရေးပြဿနာနဲ့ မည်မျှမှုပြဿနာတွေက အနောက်ကမ္ဘာတစ်ခုလုံးကို ပျံ့နှံ့သွားသည်။ အမေရိကနှင့်တရုတ်ကြား တင်းမာမှုက ပိုမိုသည်းသန်လာသည်။ အမေရိကနဲ့ တရုတ်တို့က အာဆီယံနိုင်ငံတွေကို ဘက်တစ်ဖက်မှာရပ်ဖို့ အတင်း အကျပ် ဖိအားပေးရွေးချယ်ခိုင်းတာမျိုးတွေလုပ်လာသည်။ အဆိုပါကမ္ဘာ့ အခင်းအကျင်းကို ထင်ဟပ်စေမည့် ဆောင်းပါးများကို ယခု စာစောင်တွင် ဖော်ပြထားသည်။

World Order ကဏ္ဍတွင် ခေါင်းဆောင်မှုပျောက်နေတဲ့ကမ္ဘာ၊ သြဇာခံနယ်ပယ်သစ်ထူထောင်ရေး၊ ဖရန်စစ်ဖူကူးယားမားရဲ့ ကမ္ဘာ့ကပ် ရောဂါနဲ့ နိုင်ငံရေးအစီအစဉ်၊ Asia ကဏ္ဍတွင် စင်ကာပူဝန်ကြီးချုပ်လီရှန်လွန်းရဲ့ အန္တရာယ်များလုတဲ့အာရှရာစု၊ အိန္ဒိယနဲ့နီပေါဇြင်ကြ တဲ့ မြေပုံကိစ္စ၊ အိန္ဒိယရဲ့ ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေး ကြိုးပမ်းမှု၊ China ကဏ္ဍတွင် ကူးစက် ရောဂါကြောင့် အထိနာတဲ့ တရုတ်ခါးပတ်လမ်းစီမံကိန်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများ ပြန်ဆပ်ရန်ခက်နေတဲ့ ဘီလျံချီ တရုတ်ချေးငွေများ၊ ပါကစ္စတန် ဖွံ့ဖြိုးတိုးတက်ရေး တရုတ်အကူအညီ၊ America ကဏ္ဍတွင် အနောက်ကမ္ဘာ့ကို လှုပ်ခတ်စေခဲ့တဲ့ လူမည်းတစ်ဦး၊ ထရမ့်လို့ခေါ်တဲ့ ဝါရင်တန်က တရုတ်ရဲ့ လူတစ်ယောက်၊ Ideology နှင့် Democracy ကဏ္ဍတွင် တစ်ကျော့ပြန် ဆိုရှယ်ဒီမိုကရက်ကမ္ဘာ ဖြစ်လာနိုင်သလား၊ ခုခံအားကောင်းတဲ့ပြည်ထောင်စု၊ ပြုပြင်ပြောင်းလဲခြင်းနည်းဖြင့် ဒီမိုကရေစီ ကာကွယ်ကြစို့၊ Covid-19 ကဏ္ဍတွင် လူမစင်သဲလွန်စက ညွှန်ပြသော ဗိုင်းရပ်စ်ပိုး၏အဦးအစ၊ ကိုဗစ်ရောဂါက ရာသီဥတုပြောင်းလဲမှုကို လျှော့ချနိုင်မလား၊ Economy ကဏ္ဍတွင် ကမ္ဘာ့စီးပွားရေး ကျဆင်းမှုက ကမ္ဘာစစ်ကို ဦးတည်စေမလား၊ အမေရိကန်ခေါ်လာအနာဂတ်၊ Tech ကဏ္ဍအတွက် ခေတ်မီဒီဂျစ်ဂျယ် နည်းပညာသုံးစိုက်ပျိုးရေး၊ တရုတ်နိုင်မှာမဟုတ်တဲ့ မှတ်ဉာဏ်တု နည်းပညာပြိုင်ပွဲ စသည့် ဆောင်းပါး များပါဝင်သည်။

အေးမောင်ကျော်၊ ဒေါက်တာအောင်ကြီး၊ သန်းစိုးနိုင်၊ လင်း(ဆေး-၁)၊ ရဲထွန်း(သီပေါ)၊ ရဲရင့်လင်းလက်၊ မိုးဇော်ဦး၊ ရဲမြင့်ကျော်၊ မင်းတင်၊ ထူးကျော်ဝင်း၊ Z-ဖေဝင်း၊ ကျော်နိုင်တင့်၊ လူလေးဝိုင်း၊ မောင်ရိုးမြင့်၊ မောင်တင်ထွန်း(နတ်မောက်)၊ ဝင်းထက်၊ မောင်သံလွင်၊ မောင်သုတ၊ ခင်သူဇာတို့ပါဝင်ရေးထားသည်။

မြန်မာရေးရာလေ့လာရေးအဖွဲ့က မြန်မာရေးရာကို သုံးလတစ်ကြိမ်၊ ကမ္ဘာရေးရာကို နှစ်လ တစ်ကြိမ်၊ တိုင်းရင်းသားရေးရာကို လေးလတစ်ကြိမ် ပုံမှန်ထုတ်ဝေလျက်ရှိပြီး နယ်ကိုယ်စားလှယ်များ၊ စာအုပ်ဆိုင်များနှင့် တစ်ဦးချင်းမှာယူလိုသူများအတွက် ဈေးဝယ်ပေ၊ အမှတ် ၂၁၂၊ ၃၁လမ်း(အထက်)ပန်းဘဲတာနားမြို့နယ်သို့ မှာယူနိုင်ပါသည်။ နယ်မှတစ်ဦးချင်းမှာယူလိုသူများအတွက် စာတိုက်မှတစ်ဆင့် ပေးပို့သွားမည်ဖြစ်ပြီး ရန်ကုန်တိုင်းစည်ပင်သာယာ နယ်နိမိတ်အတွင်းရှိ မြို့နယ်များသို့ နေ့ချင်းအရောက်ပေးပို့သွားမည်။ စာပေဗိမာန် အရောင်းဆိုင်များ(နေပြည်တော်၊ ရန်ကုန်၊ မန္တလေး)နှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်(ရန်ကုန်)တို့တွင်လည်း ဝယ်ယူနိုင်ပါသည်။

မြန်မာရေးရာလေ့လာရေးအဖွဲ့. ဖုန်း-၀၁၈-၃၈၇၅၆
ဈေးဝယ်ပေ ဖုန်း-၀၁-၃၈၅၅၉၇၊ ၀၉-၄၃၂၀၃၀၃
တိုးဖြစ်စာအုပ်တိုက် ၀၉-၄၅၀၁၀၀၇၄
Email:duwunsarpay31apperst@gmail.com;myanmaaffaris@gamil.com

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
လျှပ်စစ်-စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရဘဏ်ဂျတ်(GRF)ဖြင့် ဆောင်ရွက်မည့် ကျေးရွာမီးလင်းရေးလုပ်ငန်းများအတွက် 11kV နှင့် 33kV ကောင်းကင်ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်လိုအပ်သောပစ္စည်းများအားမြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည် -

- တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - (၇.၈.၂၀၂၀) မှ (၃.၉.၂၀၂၀)ထိ
- တင်ဒါပိတ်မည့်ရက် - (၄.၉.၂၀၂၀)
- တင်ဒါပိတ်မည့်အချိန် - (၁၄ : ၀၀) နာရီ

၂။ တင်ဒါပုံစံနှင့်အချက်အလက်များကို ဌာနမှသတ်မှတ်နေ့နံ့ထားအတိုင်း ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း၊ ၀၁-၂၂၀၈၅၉၊ ၀၁-၂၂၀ခ၁၆ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဟားခါးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် သီးဖြစ်အဖြင့်တင်ရေ ပေးဝေရေးမီးလိုင်း(၄) ဗိုင်အား (Cover)ပါသော မီးကြိုးများနှင့် ဆက်စပ်ပစ္စည်းများ လဲလှယ်ခြင်း လုပ်ငန်းအတွက် တင်ဒါတင်သွင်းလိုသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ တင်ဒါတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြော်ငြာအပ်ပါသည်-

- **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၇-၈-၂၀၂၀ရက် (ရုံးချိန်အတွင်း)
- **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၂၂-၈-၂၀၂၀ရက် ညနေ ၄:၃၀နာရီ
- **တင်ဒါစိစစ်ရောင်းချမည့်ရက်** - ၂၄-၈-၂၀၂၀ရက် နံနက် ၁၀နာရီ၊ မြို့တော်ခန်း၊ မ၊ ဟားခါးမြို့
- **ဆက်သွယ်ရန်ဖုန်း-** ၀၇၀-၂၁၄၈၀၊ ၀၉-၄၀၀၃၀၂၄၇၃၊ ၀၉-၂၅၆၅၅၃၃၃

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဟားခါးမြို့နယ်စည်ပင်သာယာရေးအ ဖွဲ့ရုံး၊ ဈေးသစ်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ မြို့နယ်စုပေါင်းရုံး၊ ဟားခါးမြို့တွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အမည်မှန်
မြြိတ်မြို့၊ အထက (၁) တက္ကသိုလ်ဝင်တန်းမှ (၁၁) ဦးဇော်ဇော်မင်း၏သား ဓောင်သန့်ဇင်ထက်၏ အမည်မှန်မှာ ကျောင်းဝင် မှတ်ပုံတင်စာရင်းအရ ဓောင်ဟန်မင်းထက်ဖြစ်ပါကြောင်း။
ဓောင်ဟန်မင်းထက်

အမည်ပြောင်း
ဦးထွန်းပိုနှင့် ခေါ်ခိုင်ဇင်လင်းတို့၏သား မြတ်မြို့၊ မြင်းမိုရ် ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း (အတွဲ -၁)၊ အခန်းအမှတ် (၃၃၀၄)မှ ဓောင်ကဲကဲ ၆/မရရ(နိုင်)၂၂၉၂၇၉အား ယနေ့မှစ၍ ဓောင်ခန့်လင်းထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။
ဓောင်ခန့်လင်းထွန်း

ဖခင်အမည်မှန်
ခါမိုးပါတ်မြို့၊ အထက (၆) ကနန်ဆဌမတန်း(အောင်)မှ မဗျက်နွမ်ရဲမ်၏ ဖခင်အမည်မှန်မှာ ဦးဆန်ဘွဲ့လျန် ၄/ဖလန (နိုင်)၀၄၅၀၅၂ ဖြစ်ပါကြောင်း။
ဦးဆန်ဘွဲ့လျန်

အမည်မှန်နှင့် ဖခင်အမည်မှန်
ခါမိုးပါတ်မြို့၊ ကနန်စံပြကျေးရွာနေ ဓောင်ခရွန်ထန်း၏ အမည်မှန်မှာ ဓောင်ဆရွန်ထန်းဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးကိပ်လွယ် ၄/ဖလန(နိုင်)၀၁၂၀၆၃ ဖြစ်ပါကြောင်း။
ဓောင်ဆရွန်ထန်း၊ ဦးကိပ်လွယ်

ဖခင်အမည်မှန်
မင်းကင်းမြို့နယ်၊ မယ်ဓကျေးရွာ၊ အထက တက္ကသိုလ်ဝင်တန်းမှ မစန္ဒာ လင်း၏ ဖခင်အမည်မှန်မှာ ဦးဖိုးနီ ၅/မကန(နိုင်) ၀၄၀၂၇၁ ဖြစ်ပါကြောင်း။
ဦးဖိုးနီ

ဖခင်အမည်မှန်
ကလေးမြို့နယ်၊ ထောက်ကြန့်ရွာ အထက ဆဌမတန်း(အောင်)မှ မခေါ်ပြည်လင်း၊ ဝတတိယတန်း(အောင်)မှ ဓောင်ဝေယံလင်း၊ ပထမတန်း(အောင်)မှ မသက်ဂိန်မိုးသဲတို့၏ဖခင်အမည်မှန်မှာ ဦးခင်မောင်အေး ၈/ထလန(နိုင်)၀၃၃၆၅၂ ဖြစ်ပါကြောင်း။
ဦးခင်မောင်အေး

ဖခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက (၉) နဝမတန်း(အောင်)မှ မန္တမ်းဒိတ်လေ့ကျိန်၏ ဖခင်အမည်မှန်မှာ ဦးထန်ခိုလျန်းပေါင် ၄/တတန(နိုင်)၀၃၄၂၃၆ ဖြစ်ပါကြောင်း။
ဦးထန်ခိုလျန်းပေါင်

ပျောက်ဆုံးကြောင်း
ကျွန်တော်၏ဇနီး ကွယ်လွန်သူ ခေါ်ကျော့ကျော့ခိုင် ၁၂/သဃက(နိုင်) ၁၅၈၆၃၅၈၏ အမည်ဖြင့် SMID Bank တွင် ငွေစုချက်လက်မှတ်အမှတ် 1011814/1011817 နှင့် AGD Bank တွင် ငွေစုလက်မှတ်အမှတ် 3010003000769014/77406 တို့မှာ ပျောက်ဆုံးသွားပါသဖြင့် အသိပေးကြေညာအပ်ပါသည်။
ဦးသူရိန်ထွန်း
၁၂/တတန(နိုင်) ၁၆၀စ၁၁

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း
နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်လွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း-၃၊ ဧရိယာ ၀၅သမ၀၅၅ ဧကရှိ ဒေါက်တာ နန်းကူးကူး အမည်ပေါက် မြေငှားစာချုပ်မြေကွက်အမှတ် (၁၂၉၁)အား အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၂၆/၂၀၁၈)ရသူ ဒေါ်မြင့်မြင့်ခိုင် ၈/ရစက(နိုင်)၀၄၃၀၁၉၄ နှစ် ၃၀ မြေငှားစာချုပ်၊ ကျွမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူများ တင်ပြပြီး ဦးကြည်စိုး ၈/ရစက(နိုင်)၀၀၀၀စာနှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနဆ၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း
ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ်၊ မြို့မရပ်ကွက်၊ မြို့မ (၂) လမ်းနေ ဒေါ်ခင်ညွန့်(ဘ)ဦးကြာဝါး ၇/ အဖန(နိုင်)၀၆၀၄၁၉သည် မြို့မရပ်ကွက် (၂) လမ်းရှိ အကွက်အမှတ်နှင့် အမည်-၁၊ အုတ်ဖိုအရှေ့ရပ်၊ ဦးပိုင်အမှတ်(၁၅၇)၊ မြေကွက်အမှတ် (D2/9)၊ ဧရိယာ ၀၁သမ၀၁၂ဧက၊ မြေငှားဂရန် RP No, 1975-1976 အရ (၂၂-၅-၁၉۷၉) ရက်မှ (၃၀-၆-၂၀၀၈)ရက်အထိ နှစ် ၃၀ တစ်နှစ်လျှင် (၃၆ကျပ်)နှုန်းဖြင့် ချထားပေးမြေငှားဂရန်သည် ၁၉စ၆ခုနှစ် အုတ်ဖိုမြို့ မီးလောင်ရာတွင် ပါတင်ခြင်းခံပြီး မြေငှားဂရန်စာ ချုပ်မီးလောင်ပျက်စီးသွားပါ၍ ဒေါ်ခင်ညွန့်မှ မြေငှားဂရန် သက်တမ်းတိုး လျှောက်ထားခြင်းအား ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်ညွန့်, မြို့မ (၂)လမ်း၊ မြို့မရပ်ကွက်၊ အုတ်ဖိုမြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း
